
www.burmeseclassic.com
BURMESE CLASSIC
ရွှန်းရပိပိုး
ရင်ကွဲမိုး
www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမိမိုး

ရင်ကွဲမိုး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၃၀၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၅၄၀၈၁၀
၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်
တန်ဖိုး
၁၀၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရွှန်းရမိမိုး
ရင်ကွဲမိုး/ရွှန်းရမိမိုး၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁။
၂၈၀- စာ၊ ၁၂×၁၈ စင်တီ။
(၁) ရင်ကွဲမိုး

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဣဋ္ဌးရမိမိုး




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







"ထိုက်တန်ရေ"

မိန်းကလေးတန်မဲ့ စက်ဘီးကို ကျုံးရုန်းနင်းလာသော ရွှေဇလပ်ညိုကို ထိုက်တန်အမေ ဒေါ်မိုးက မျက်စောင်းထိုးကာ...

"ရွှေဇလပ်ညို ... ညည်းကိုကြည့်လိုက်ရင်လေ မိန်းမပီပီ သသ ဣန္ဒြေရရကို တစ်ခါမှ မတွေ့ရဘူး၊ အိမ်က မေ ထိုက်တန်လည်း အတူတူပဲ"

ဇလပ်တို့ကလည်း မဟုတ်တာ ပြောတယ်ထင်ရင် ပြန်ကိုပြောလိုက်ရမှ ဆိုသူမျိုး။

"ကြီးမိုးကလည်း ဇလပ်တို့က မိန်းမ မပီသတာ မဟုတ်ပါဘူး၊ ခေတ်ရေစီးကြောင်းအတိုင်း နေတာပါ၊ ဒီခေတ်က ဆံမြိတ်ချပြီး ဒူးနားချိတ်ဝတ်တဲ့ခေတ်မှ မဟုတ်တော့တာ ကြီးမိုးရဲ့"

"ဟွန်း ... ပြောလိုက်ရင် မေထိုက်တန်နဲ့ တစ်သံတည်းပါ၊ ညည်းတို့က ခေတ်လွန်နေတာပေါ့ ပေါက်ကျော်မကွေ့ရေ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ကြီးမိုးရယ်၊ နေကောင်းမှဆုတော့။ ထိုက်တန်ရော"

"လမ်းထိပ်ဘောလုံးကွင်း သွားတယ်လေ၊ ချက်ပြုတ်ချုပ် လုပ်နေတော့ စိတ်မပင်ပန်းဘူး။ ဘောလုံးပွဲဆို ရုပ်ကွက်ပွဲက အစ ကမ္ဘာ့ဖလားအထိ ဘာမှကို အလွတ်မပေးတာ ဘယ်လိုမိန်းကလေးတွေမှန်းကို မသိဘူး၊ ဒီလောက်ဝါသနာပါနေရင်လည်း ကိုယ်ကိုင်ဝင်ကန်ကြပါလား"

"ကြည့်ဖို့ပဲဝါသနာပါတာ ကြီးမိုးရဲ့၊ ကန်ဖို့တော့ ဝါသနာမပါဘူး၊ ဓလေ့ပဲ လမ်းထိပ်လိုက်သွားလိုက်ဦးမယ်"

"ကြွပေါ့ ... ဘယ်လိုမိန်းကလေးတွေမှန်းကို မသိဘူးတော်၊ အံ့ပါရဲ့"

ရွှေဇလပ်ညိုဟဲ့ ...

နာမည်လေးက ပန်းပွင့်လေးလို လှတပတ။ ရုပ်ကလေးကလည်း မှုန့်နှသမ်းလှ ချစ်စရာ။ ဒါပေမဲ့ စိတ်ကတော့ မိန်းမစိတ် မဟုတ်ဘူးလို့ ပြောရလောက်အောင် စိတ်ဝင်စားလိုက်မှဖြင့် ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ။

ဆယ်တန်းအောင် အောင်ပြီးပြီ။ မိတ်ကပ် နှုတ်ခမ်းနီဆိုတာတွေ သူမ စိတ်မဝင်စား။

အမြဲတမ်း သနပ်ခါးမှု မတင်တတင် မျက်နှာမပြောင်တပြောင်နှင့်။





ရှိသမျှ လက်ဝှေ့ပွဲတွေ၊ ဘောလုံးပွဲတွေကို မလွတ်တမ်း လိုက်ကြည့်သော ရွှေဇလပ်ညိုရယ်ပါ။ မေထိုက်တန်ကရော ဘာတူးလို့လဲ။ ရွှေဇလပ်ညိုနှင့်တွဲမှတော့ ရွှေဇလပ်ညိုနှင့် ထပ်တူကျလို့ပဲပေါ့။

တကယ်တော့ မေထိုက်တန်နှင့် ရွှေဇလပ်ညိုဆိုတာ နို့စို့ဖက်၊ ငယ်သူငယ်ချင်း၊ ကျောင်းနေဖက် ညီမတစ်ဝမ်းကွဲလည်း တော်သေးသည်။

မအေညီအစ်မရင်းကမွေးပြီး လမ်းဟိုဘက်ထိပ်၊ ဒီဘက်အလယ်မှာနေသော သူမတို့နှစ်ယောက်ဟာ သူမတို့စရိုက်တွေကြောင့် ရပ်ကွက်ထဲမှာ တစ်စတစ်စနှင့် ပေါ်ပြူလာဖြစ်လာခဲ့သည်။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



“ထိုက်တန်”

“ဘာလဲ”

လက်ဖက်ရည်ဆိုင်ထိုင်နေသော ဇလပ်နှင့် ထိုက်တန်ကို အကြောင်းမသိသူတွေက ကြည့်နေကြသည်။ သူမတို့ကတော့ အေးဆေးပင်။

“ဘက်ခမ်းနဲ့ ဗစ်တိုးရီးယားတို့ ဗုဒ္ဓဘာသာကို ပြောင်းလိုက်ပြီတဲ့ဟ”

“အေး ... ပျော်စရာကြီးနော်”

“ပျော်စရာကြီးဆိုမှ စိတ်ညစ်စရာ သတိရသွားတယ်၊ ဘက်ခမ်းပုံတွေနဲ့ မန်ယူအသင်းပိုစတာတွေလေ မားသားကြီး ဖြဲပစ်လို့ ကုန်ပြီဟာ”

“ဟာ ... ကြီးမိုးကလည်း ရက်စက်လိုက်တာ”

“ဟုတ်တယ်၊ နင့်အမေ ကြီးစိုးက တော်သေးတယ်၊ ငါ့အမေက တော်တော်ကို နှိပ်ကွပ်တာဟ”



“ငါ့ကိုလည်း တွေ့တိုင်းဆူတာပဲ”

“ထားလိုက်ပါဟာ၊ ဒီတစ်ပတ် မျှော်စင်ကျွန်းမှာ လုံးချောနဲ့ ထိုင်းလက်ဝှေ့ကျော်တို့ စိန်ခေါ်ပွဲရှိတယ် သွားမလား”

“သွားမှာပေါ့ဟ”

“ငါတို့ ဆယ်တန်းအမှတ်စာရင်းလည်း မထုတ်ရသေးဘူး၊ သွားထုတ်ရဦးမယ်၊ ပြီးရင် အိမ်တွေနဲ့ တိုက်ပွဲဝင်ရဦးမယ်၊ GTC တက်ဖို့”

“ဟုတ်တယ်၊ အမေကလည်း ငါ့ကို GTC မတက်ရဘူးတဲ့၊ အင်ဂျင်နီယာအလုပ်က ယောကျ်ားလေးတွေနဲ့ ပိုသင့်တော်တာတဲ့”

“အိမ်ကလည်း အတူတူပဲ၊ တကယ်တော့ ဝါသနာပါတာကိုလုပ်မှ ပိုထူးချွန်တယ်ဆိုတာကို ငါတို့မိဘတွေ မသိကြသေးဘူးဟ”

“ဟုတ်တယ်ဟာ”

“ကဲ ... ပြန်စို့၊ လက်ဖက်ရည်ဆိုင်ထိုင်တာ ကြာနေရင် တစ်နေကုန်အောင် ဆူခံရမှာ”

“အေး ... ဟုတ်တယ်၊ ဈေးဘက်ခဏလိုက်ခဲ့ဦး၊ အဖေ့ဘုရားပန်း မှာလိုက်သေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဈေးဘက်သွားရဦးမှာပါ၊ မဇီဇဝါလေ ဒီနေ့ ဆိုင်ထွက်ရင် အဝါရောင်ဝတ်မှာမို့လို့တဲ့ သူ့ခေါင်းစည်း ကြိုးအဝါ ပျောက်နေလို့ ခေါင်းစည်းကြိုးအဝါ သွားဝယ် ခဲ့ဦးတဲ့"

"အဲဒါ တမင်ခိုင်းတာပါဟာ၊ ငါတို့တွေ မိန်းမ မဆန်ဘူး ဆိုပြီး ပန်းတွေမှာလိုက်၊ မိန်းကလေးသုံးပစ္စည်းတွေ ဝယ် ခိုင်းလိုက်နဲ့ လိုင်းသွင်းနေတာ"

"ဟုတ်တယ်၊ ဒါပေမဲ့ ငါတို့က ယောကျ်ားလျာတွေမှ မဟုတ်တာ၊ မိန်းကလေးစိတ်ပါပဲ"

"အေးလေ၊ သူတို့မှ နားမလည်တာ"

နှစ်ယောက်သားကတော့ အံတိုင်အဖောက်ကို ညီနေ တာပဲ။

♥ ✿ ♥





ဒေါ်စိုးက သမီးနှစ်ယောက်ကို လှမ်းကြည့်ရင်း တွေး နေမိ၏။

သမီးကြီးက ရွှေဇီဇဝါဝင်း။

သမီးငယ်က ရွှေဇလပ်ညို။

သမီးနှစ်ယောက်မှာ အငယ်မက ပိုလှတာ။ ဒါပေမဲ့ အငယ်မက ယောကျ်ားလုံးလေး ဖြစ်နေသည်။

သမီးဇီဇဝါက ဇလပ်လောက်မလှ။ အသားကညို ချင်သေးရဲ့။ ဒါပေမဲ့ ဇီဇဝါက ပြင်ပြင်ဆင်ဆင် နေတတ်တော့ ယဉ်တစ်ကိုယ်မယ်လေးလို တင့်တယ်ပါသည်။

သမီးငယ်ကတော့ ဘယ်တော့မဆို တီရှပ်နှင့် ဘောင်း ဘီဝတ်ကာ တစ်ခါမှ သိမ်မွေ့တာ မတွေ့ရ။

ခုလည်း သမီးငယ်က ဂိမ်းဆော့နေသည်။ သမီးကြီး က သူမအကျီမှာ စီးကွင့်ထိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးက မအေနဲ့အတူ ပလာဇာမှာ အထည်ဆိုင် လိုက်ထိုင်ပေးသည်။ အဝေးသင်တက်ပြီး ဘွဲ့ယူထားသော သမီး ကြီးက ခုဆို ရောင်းတတ် ဝယ်တတ်နဲ့ ဆိုင်မှာတော်တော်အား ကိုးလို့ ရနေပြီ။

"Game ... Yes"

"အား ... စူးပြီ"

သမီးနှစ်ယောက်ဆီမှ အသံတွေ ဆက်တိုက်ထွက် လာ၏။

"ဇလပ် ဘာလို့ သေအောင်ထအော်တာလဲ။ နှင် အော်တာ ကိုလန့်ပြီး ဒီမှာ အပ်ချော်ထိုးမိပြီ"

"အဟီး ... ဆောရီး ... ဆောရီး မဇီဇဝါ၊ ဒီမှာ တစ်ည နေလုံး ဆော့နေတာ၊ ဒီတစ်ခါပဲ ဂိမ်းသေးလို့"

"ဟွန်း ... နင်ကတော့လေ"

"သမီးကြီး အပ်စူးတာ များသွားလား"

"ရတယ် အမေ"

"ဇလပ် သမီးငယ်၊ ကလေးလည်း မဟုတ်တော့ဘူးကွယ်၊ သမီးငယ်ကို နေတတ်ထိုင်တတ်အောင် ဘယ်လိုသင်ရမလဲ မသိတော့ဘူး"





"အမေကလည်း ကိုယ့်အိမ်ကိုယ်နေတာပဲ လွှတ်လွှတ်လပ် လပ် နေပါရစေ။ မဇီဇဝါက သူ့ဘာသာလန့်ပြီး စူးတာ၊ သမီးလုပ်တာမှ မဟုတ်တာ"

"လူကြီးကပြောရင် တစ်ခွန်းမခံ ပြန်ပြောတာ အမေမကြိုက် ဘူးလို့ ပြောထားတယ်လေ"

"ဇလပ်က မှန်တာ ပြောတာပဲဟာ"

"အချိုးကမပြေ၊ ခေါင်းကြောကမာနဲ့ ညည်းကို ဘယ်လို ဆုံးမရမှန်းကို မသိတော့ဘူး ဇလပ်ရယ်"

ဇလပ်ကတော့ မအေဆူတာကို ပန်းနဲ့ပေါက်သည် ထင်နေသလားမသိ။ P2 ဂိမ်းကို အသည်းအသန် ပြန်နှိပ်နေပြန် သည်။

ဝါးစပ်ကလည်း အာမေဋိတ်သံ အစုံထွက်လျက် မှောက်အိပ်ပြီးနှိပ်လိုက်၊ ပက်လက်လှန်နှိပ်လိုက်၊ ထိုင်နှိပ်လိုက်နှင့် တစ်ယောက်တည်း ဖြောင်းဆန်နေသည်။

ဒေါ်စိုးနှင့် မီဇဝါမှာ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာ သက်ပြင်းကိုယ်စီ ချနေမိသည်။ အငယ်ဆုံး လေးမို့ ဘယ်သူကမှလဲ ပြင်းပြင်းထန်ထန် မဆူရက် မပြောရက် ကြဘူးလေ။ ဒီလိုနဲ့ပဲ ...။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ဆောင်းတွင်းက အအေးနည်းနည်းပိုတယ်။ အရင်နှစ်တွေက ရန်ကုန်ဆောင်းဆိုတာ အအေးထည်တောင် မဝတ်ရဘူးလေ။ ဒီနှစ်တော့ မိုးချုပ်စမှာကို စိမ့်ကာ ချမ်းနေပြီ။ မနက်မိုးလင်းရင်လည်း နေရာတိုင်းမှာ မြူတွေဆိုင်းပြီး အုံ့မှိုင်းနေတာပင်။

ဒီတော့ ဇလပ်တို့က တစ်စခန်းထပြန်သည်။

"မနက်ဖြန်မနက် ထပြေးမလို့ မဇီဇဝါ လိုက်မလား"

"အာ ... မလိုက်ပါဘူး"

"ဟွန့် ... ဘာကိုယ်လက်လှုပ်ရှားမှုကို မလုပ်ဘူး၊ အဲဒါကြောင့် အသားအရေ မစိုပြည်တာ"

"ဘာလို့မစိုပြည်ရမှာလဲ၊ ဒီမှာ နင့်လက်နဲ့ ငါ့လက်ယှဉ်ကြည့်လိုက်ဦး"

"ယှဉ်ကြည့်လေ၊ မဇီဇဝါလက်က လိုရှင်းလိမ်းထားမှန်း အသိသာကြီး"



"ဇလပ်နော်"

"ဟဲ ဟဲ ... ဟုတ်ထိသွားပြီ"

"ဟွန်း ... နင်က ဘယ်သူနဲ့ ပြေးမှာတုန်း"

"ထိုက်တန်နဲ့ပေါ့"

"မိုးနည်းနည်းလင်းမှပြေး။ မဟုတ်ရင် အန္တရာယ်များတယ်"

"ဒီရပ်ကွက်ကိုပဲ ပတ်ပြေးမှာ၊ ဘာမှမဖြစ်ဘူး"

"ပြောလိုက်ရင် ဆင်ခြေချည်းပဲ"

ဇီဇဝါကို ခေါ်လို့မရလည်း သူမမှာ ထိုက်တန်ရှိပြီးသားပါ။ ဇီဇဝါကို ကိုယ်လက်လှုပ်ရှား တစ်ခုခုလုပ်စေချင်လို့ခေါ်တာ။ စေတနာကို နားမလည်တဲ့ အစ်မဖြစ်သူကတော့ ပျင်းကို ပျင်းလွန်းတယ်။

အိပ်ရာမဝင်ခင်ကတည်းက အင်္ကျီ၊ ဘောင်းဘီ၊ ခြေအိတ်တွေ၊ ဖိနပ်တွေ သေချာပြင်ဆင်ပြီးမှအိပ်။ မနက်မိုးလင်းတော့ မျက်နှာသစ်ပြီးတာနဲ့ အင်္ကျီလဲ၊ ဖိနပ်စီးပြီး ထိုက်တန်တို့အိမ်ဘက် ပြေးခဲ့သည်။

ထိုက်တန် မနိုးသေးဘူးလားမသိ။ အတွေးမဆုံးခင် ထိုက်တန်နဲ့ လမ်းတစ်ဝက်မှာဆုံသည်။

"မောနင်း ဇလပ်"

www.burmeseclassic.com

www.burmeseclassic.com



“မောနင်း ထိုက်တန်”

“အား ... ဆောင်းတွင်းနံနက်ဦး လေလေးက လတ်ဆတ် အေးမြပြီး စိတ်ကိုလန်းသွားတာပဲနော်”

“ဟုတ်တယ်ဟ၊ လေရှူရတာ အရသာရှိနေတာပဲ”

“ဒါနဲ့ မဇီဇဝါ မခေါ်ခဲ့ဘူးလား”

“ခေါ်တယ်၊ ငပျင်းက မလိုက်ဘူးတဲ့”

“ကဲ ... ရပ်ကွက်ကို ပတ်ပြေးကြစို့”

“အေး”

အဲလိုနဲ့ တစ်ရက်ပြီးတစ်ရက် သူတို့ ပြေးခဲ့ကြတယ်။ တကယ်လို့သာ ခလုတ်တိုက်မိမယ်မှန်းသိရင် သူတို့ ပြေးပါ့မလား။ မသိလို့ ပြေးမိတော့ ခလုတ်တိုက်မိပြီး အထိနာရပြီ။ ဘာကို ခလုတ်တိုက်လိုက်သလဲ သိလား။ နှလုံးသားကိုလေ။

အဲဒီမနက်က ထိုက်တန်က နောက်ကျလို့ ထိုက်တန့်ကို သွားခေါ်ရတယ်။

ပြီးတော့ စိတ်ကူးပေါက်တာနဲ့ ထိုက်တန်ကိုဝင်ခေါ်ပြီး ရပ်ကွက်လမ်းမှာ မပြေးဘဲ ဗဟိုလမ်းပေါ် ဆင်းပြီးပြေးကြတာ။

လမ်းကြားလေးထဲက ကားတစ်စီး ဖြုန်းစားကြီး ကွေ့ထွက်လာတော့ ဇလပ် အရှိန်မထိန်းနိုင်တော့ဘူး။



“ကျွိ”

“အား”

“ဟာ ... ဇလပ်”

တော်ပါသေးရဲ့။ ကားကဗရိတ်ကို အချိန်မီအုပ် လိုက်နိုင်လို့။ ကားနဲ့ ဇလပ် ထိရုံလေးမှာပဲ ကားရပ်သွားတာမို့ တိုက်လည်းမတိုက်မိ။ ဘာမှလဲ မဖြစ်ဘဲ ဇလပ်တစ်ယောက် မတ်တတ်ရပ်ကလေးနဲ့ ကြောင်နေသည်။

“ဟဲ့ ... ဇလပ်၊ ဘာဖြစ်သွားလဲ”

“ဟင် ... ဘာမှ မဖြစ်ဘူး”

ကားပေါ်က အသက် နှစ်ဆယ့်ငါးနှစ်အရွယ် ယောကျ်ားတစ်ဦး ဆင်းလာသည်။

“ကောင်လေး ဘာဖြစ်သွားသေးလဲ”

သူက စိတ်ရှုပ်နေပုံနှင့် သေချာမကြည့်ဘဲ ခပ်နှိမ့်နှိမ့်မေးသည်။

“တိုက်မှ မတိုက်မိတာ။ ဘာမှမဖြစ်ဘူး”

“ဟင်”

အသံကြားမှ မိန်းကလေးမှန်း သိသွားသည်။

“ဘာမှမဖြစ်ရင်လည်း ပြီးရော”

www.burmeseclassic.com

www.burmeseclassic.com



မပြောပြောဆိုဆိုနှင့် သူက ကားပေါ်ပြန်တက်ကာ မောင်းထွက်သွားသည်။

"ဘာကြီးလဲဟာ။ စကားပြောတာကြီးကလည်း။ မညက် လိုက်တာ"

ထိုက်တန်က ရွှတ်ချသည်။ ဇလပ်ကတော့ သူ့ကား နောက်မြီးလေးကို ငေးနေဆဲပင်။

"ဟဲ့ ... ဇလပ်"

"ဟင်"

"ဘာဖြစ်နေတာလဲ"

"သိဘူး"

"ဘာ"

"ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ"

"ဘယ်လိုဖြစ်နေတာလဲ"

"အဲဒီအစ်ကိုကြီး တော်တော်ချောတယ်နော်"

"အဲလောက် မဟုတ်ပါဘူးဟ"

"နင် သေချာမကြည့်လိုက်ဘူးလား၊ ဘက်ခမ်းနဲ့တူတယ်"

"မိဇလပ် ... နင် အဲဒီလူကြီးကို ကြိုက်သွားတာလား"



"ငါလည်း မသိဘူး"

"စိတ်မကူးနဲ့။ ကလေးအဖေကြီးလား မသိဘူး"

"ထိုက်တန်နော်"

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



ဆုံခဲ့တာက ခလုတ်တိုက်လိုက်သလို ခဏလေးပါ။ ဘယ်သူမှန်းမသိ။ ဘယ်ကမှန်းမသိ။ ဒီတော့လည်း ကြာတော့ ဇလပ် ထိုသူ့ကို မေ့သွားပါသည်။

ဒါပေမဲ့ တိုက်ဆိုင်မှုတွေက ဇလပ်ကို ထပ်ပြီးခလုတ်တိုက်ပြန်သည်။

အဲဒီနေ့က ဇလပ်နဲ့ ထိုက်တန် ကျောင်းသွားအပ်တာပါ။ မဇီဇဝါက ဇလပ်တို့ကို ကျောင်းလိုက်အပ်ပေးသည်။

GTC တက်ခွင့်ရဖို့ နှစ်ပတ်လောက် သပိတ်မှောက် အဲ ... မဟုတ်ပါဘူး၊ ပန်းကန်မှောက်လိုက်ရသည်။

GTC မှ မတက်ရရင် ဘယ်ကျောင်းကိုမှ မတက်ဘူးဟု ဆန္ဒပြရသည်။

ထို့ကြောင့် ကျောင်းတက်ခွင့်ရတော့ ဇလပ်နှင့် ထိုက်တန်လောက် ပျော်ရသည့်သူ မရှိတော့။



မဇီဇဝါကိုယ်တိုင် ကျောင်းလိုက်အပ်ပေးသည်။ မဇီဇဝါ မောင်းသော ဆလွန်းကားလေးနဲ့ပေါ့။

အရေးထဲ သန်လျင်မြို့ထဲမှာ ကားက ထိုးရပ်သွားသည်။

“ဟယ်တော့ ... ဘာဖြစ်တာလဲ မသိဘူး”

“ဆီကုန်တာလား မဇီ”

ဇလပ် တစ်ခါတစ်ရံ ဇီဇဝါကို မဇီဟု အတိုကောက်ခေါ်တတ်သည်။

“ဆီက အပြည့်ထည့်လာတယ်ဟ”

“ဒါကြောင့် ဇလပ်က GTC တက်တာ၊ အိမ်ကကားကို ပြင်ဖို့အတွက် မက်ကယ်နီကယ်ယူမှ ဖြစ်မယ်ထင်တယ်”

“လုပ်မနေနဲ့ ကားပျက်ရင် ဝပ်ရှော့အပ်ရုံပဲ၊ စိတ်ညစ်ရတဲ့ကြားထဲ သူက တစ်မှောင့်”

ထိုစဉ်မှာပဲ ဇလပ် မှတ်မိနေသော သူ့ကားလေးက သူမတို့နား ထိုးရပ်ကာ ...

ဇလပ်ရင်ထဲ လိုက်ခနဲ ပျော်သွားသည်။ သူ ဇလပ်ကို မှတ်မိလို့ပေါ့နော်။

“ဇီဇဝါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကိုဒီဇင်ဘာ"

"ခေါ်လိုက်တာက ဝမ်းသာအားရကြီးကိုပဲနော်"

"ဟုတ်တယ် ကိုဒီဇင်ဘာရဲ့၊ ဒီမှာ ကားဘာဖြစ်မှန်းမသိလို့။ ဘယ်နားသွားပြင်ရမှန်းလဲ မသိနဲ့၊ ဒုက္ခရောက်နေတုန်း ..."

"ကယ်တင်ရှင် ရောက်လာတယ် ဆိုပါတော့"

"ကူညီမယ့်ဆိုရင်ပေါ့ရှင်"

"ဇီဇဝါကို မျက်နှာလွှဲသွားနိုင်စွမ်းမှ မရှိတာ။ ကဲပါ ... ကိုယ် ကြည့်လိုက်ပါဦးမယ်။ ကိုယ် ပြင်လို့မရရင်တော့ ဒီနားမှာ ကိုယ့်အသိဝပ်ရှော့ ရှိပါတယ်"

သူ့နာမည်က ဒီဇင်ဘာ။ မဇီဇဝါနဲ့ တော်တော်ရင်းနှီးပုံရသည်။ ဇလပ်ကိုတော့ မှတ်မိပုံမရ။ ကားဘောနက်ကို ဖွင့်ပြီး ကြည့်လိုက် ပြင်လိုက်နှင့် ...

"ကဲ ... ဇီဇဝါ၊ နှိုးကြည့်ပါဦး၊ ရပြီထင်တာပဲ"

ကားဆက်သံက သာယာစွာ ထွက်ပေါ်လာသည်။

"ရပြီ ... ကိုဒီဇင်ဘာရေ၊ အရမ်းကျေးဇူးတင်တယ်"

"မိန်းကလေးတွေ ကားပျက်ရင် ကူညီနိုင်အောင် သင်ထားတာလေ"

"လုပ်ပြီ၊ ကိုဒီဇင်ဘာကတော့"





"ကဲ ... သွားကြတော့။ မနက်ဖြန်ကျရင် ကော်ဖီတိုက်"

"တိုက်မှာပေါ့၊ သွားပြီနော်"

"အိုကေပါဗျာ"

ကိုဒီဇင်ဘာက လက်ပြနှုတ်ဆက် ကျန်ခဲ့သည်။ အဲဒီမှာ ဇလပ်က တစ်စခန်းထသည်။

"မဇီ"

"ဟင်"

"ဇလပ်တို့နဲ့ အဲဒီ အစ်ကိုကြီးကို ဘာလို့ မိတ်မဆက်ပေးတာလဲ"

"လိုမှမလိုတာ ဇလပ်ရယ်"

"လူမှုဆက်ဆံရေးဆိုတာ မလိုအပ်တဲ့ အရာလား မဇီ"

"သြော် ... ဒီကလေးမ ဘယ်လိုဖြစ်နေတာလဲ၊ ဒီဇင်ဘာဆိုတာ စီးပွားရေးသမား၊ သူလိုလူက အချိန်ကြာကြာပေးနိုင်တာ မဟုတ်ဘူး၊ အဲဒါကို ကိုယ်က လေကြောရှည်နေလို့ ရလား"

"ဟွန်း ... သူနဲ့ မဇီက ဘယ်လိုသိတာလဲ"

"သူက ပလာဇာမှာ hand set ရောင်းတဲ့ဆိုင် ဖွင့်ထားတယ်လေ။ ငါ နောက်ဆုံးလဲထားတဲ့ hand set က သူ့ဆီက ဝယ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"Hand set တစ်လုံး ဝယ်တာနဲ့ပဲ ခင်သွားရောလား"

"ပလာဇာတစ်ခုထဲမှာဆိုတော့ ခင်တာပေါ့၊ ဒီကောင်မလေး ဘယ်လိုဖြစ်နေတာလဲ"

♥ ✿ ♥



အချစ်ဆိုတာ ပူဆွေးလောင်မြိုက်တတ်သည့်သဘော ရှိသလား။

မဇီကို အမေခေါ်ခိုင်းလို့ သွားအခေါ် အိမ်ရှေ့မှာ ဖုန်းပြောနေသော မဇီထံမှ ...

"ဇီဇဝါက မြှောက်တာမကြိုက်ဘူးနော် ကိုဒီဇင်ဘာ"

"ဟား ဟား ... ရပါတယ်၊ ရပါတယ်၊ နေတိုင်းတော့ ဘယ်ရမလဲ။ ရှိစုမဲ့စုလေးထဲက တိုက်ရမှာလေ"

"ဆိုင်က ဇီဇဝါ့ဆိုင်မှ မဟုတ်တာ။ အမေ့ဆိုင်ကို ကူရတာကို။ ကိုဒီဇင်ဘာ့လို Boss မှမဟုတ်တာ"

"ကောင်းတာပေါ့ ... အဟင်း"

ဆက်နားထောင်နိုင်စွမ်း မရှိတော့။

"မဇီ ... အမေ ခေါ်နေတယ်"

ဇီဇဝါက တစ်ချက်လှည့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ ဇလပ်လည်း လှည့်ထွက်လာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဟော"

"မစီက ကိုဒီဇင်ဘာဆိုတဲ့လူနဲ့ ဖုန်းပြောနေတယ်"

"ဟုတ်လား"

အမေ့မျက်နှာကလည်း ကျေနပ်ပုံကြီး။

"အမေရော အဲဒီလူကို သိလား"

"သိတယ်လေ။ သူက ပလာဇာမှာ ဆိုင်ဖွင့်ထားတယ်၊ ကောင်လေးက လူတော်လေးပဲ"

"အမေ ... မစီနဲ့ သူ ကြိုက်နေတာလား"

"အဲ ... အဲဒါတော့ အမေလည်း မသိဘူး။ ကောင်မလေးဘာတွေ လျှောက်မေးနေတာလဲ။ ကလေးက ကလေးလိုနေ"

အမေကပါ ကျေနပ်နေပြီ ဆိုရင်တော့ သွားပါပြီ။ သူနဲ့ ပြန်မဆုံဖြစ်ခဲ့ရင်တောင် အကောင်းသားနော်၊ ဒီလိုပုံစံကြီးနဲ့တော့ မဆုံချင်ပါဘူး။

ခုပုံက မစီနဲ့ပတ်သက်လာမှာ သေချာသလောက်ပဲ။ ရင်ထဲမှာ မကျေနပ်သလိုလို။ ဒီမကျေနပ်တာကိုတော့ မျိုသိပ်မထားနိုင်။

ထိုက်တန်ကို ရင်ဖွင့်ရမှ ဖြစ်မည်။



စက်ဘီးကိုဆွဲပြီး အပြင်အထွက် ...

"သမီးငယ် ဘယ်လဲ၊ မိုးချုပ်တော့မယ်"

"ထိုက်တန်ဆီ သွားမလို့ အမေ"

"မိုးချုပ်ကာနီးပြီ။ ဒီအချိန်ဆို လမ်းထဲမှာ အရက်သမားတွေ လမ်းသလားတတ်တယ် သမီးရဲ့။ မနက်မှသွားတော့"

"မသွားလို့ မရဘူး အမေရဲ့၊ ထိုက်တန်ဆီ သမီးစာကျက်ရမယ့်စာအုပ် ပါသွားလို့။ မနက်ဖြန် စာမေးပွဲရှိတယ်"

"အဲဒါဆိုလည်း စောစောက သွားယူရောပေါ့။ ကဲ ... သွား ... သွား၊ မြန်မြန်ပြန်ခဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

စက်ဘီးကို အားသွန်ခွန်စိုက် နင်းမိသည်။ မျက်ရည်လည်း ဝဲနေနိုင်သည်။

"ဟဲ့ ... ဟဲ့ ... စက်ဘီးကို ဘယ်လိုစီးလာတာတုံး ဇလပ်မရယ်"

"ကြီးမိုးက တွေ့တာနဲ့ ဆူဖို့ပဲ"

"ညည်းပုံစံက အချိုးမှမပြေ၊ ဟင် ... ဇလပ်၊ သမီးငိုနေတာလား"

"ဟုတ်ပါဘူး။ စက်ဘီးစီးလာရင်း မျက်လုံးထဲ ဖိုးဖပ်ကောင် ဝင်သွားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမယ်၊ မျက်လုံးကို မှုတ်ပေးမယ် ... လာ"

"ရတယ် ကြီးမိုး၊ သက်သာလာပြီ။ ထိုက်တန်ရော"

"ကျောင်းက ပြန်လာတည်းက အိပ်နေတာ။ ထမင်းစားဖို့ နှိုးတာတောင် နိုးမရဘူး၊ သမီးက မိုးချုပ်မှ ဘာလာလုပ်တာတုန်း"

"သူ့ဆီ စာကျက်ရမယ့်စာအုပ် ပါသွားလို့"

"ပြီးရော ... ပြီးရော၊ သွားယူ၊ ယူပြီးပြန်တော့။ မိုးချုပ်ပြီ"

"ဟုတ်"

ထိုက်တန်က အိပ်နေလိုက်တာသိုးလို့။ အိပ်မက်တောင် အခန်းဆက် မက်နေလား မသိ။ အိပ်ပျော်နေသူကိုနှိုးပြီး ရင်ဖွင့်ချင်စိတ်လည်း မရှိတော့။

အိမ်ပြန်လမ်းတစ်လျှောက် စက်ဘီးကို ခပ်ကြမ်းကြမ်း နင်းပစ်လိုက်သည်။

မဟုတ်ရင် ရင်ထဲမှာ မွန်းကျပ်နေသည့် ဝါဆိုမိုးရွာနေမှာလေ။ ခုတော့ ထိုဝါဆိုမိုးဟာ ချွေးစက်တွေအဖြစ် အသွင်ပြောင်းကာ ...

ဘာပဲဖြစ်ဖြစ် သူမ ရင်နည်းနည်းပေါ့သွားသည်။





ကျောင်းထဲက ကော်ရစ်ဒါကိုမှီပြီး အပြတ်ဆွေးနေသော လေပ်ကိုကြည့်ပြီး ထိုက်တန်က ပီကေကို တဖောက်ဖောက်နင့် ...

"နင် ခဏ စိတ်ကစားတာရော မဖြစ်နိုင်ဘူးလား"

"ငါက စိတ်ကစားတယ်ထား။ ဒါပေမဲ့ မဇီနဲ့ပတ်သက်ပြီး သူနဲ့ အမြဲထိတွေ့နေရရင် ငါ့ စိတ်ကစားတာက ဘယ်လိုလုပ် ပျောက်တော့မလဲ ထိုက်တန်"

"ခက်တယ်ဟာ၊ နင်ကိုက ကံဆိုးတာ၊ ဘာလို့များ မဇီဇဝါရဲ့လူကိုမှ"

"တကယ်လို့ မဇီနဲ့ သူ့အား အတိုင်းအတာတစ်ခုထိ အခြေအနေ ရှိနေပြီဆိုရင် ငါက သူ့ကို မခေါ်ချင်လည်း ခေါ်ရ၊ မမြင်ချင်လည်းမြင်ရနဲ့ ဗျာများတော့မှာ။ ပြီးတော့ မတော်ချင်လည်း ခဲအိုတော်ရတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ တစ်ခုပဲ လုပ်စရာရှိတော့တယ်ဟာ။ သူနဲ့ မဇီဇဝါ မကြိုက်အောင်၊ ကြိုက်နေရင်လည်း ပြတ်သွားအောင် လုပ်ရမှာပေါ့"

"ဟင်"

"ဟုတ်တယ်လေ။ နင်မှ မရရင်တော့ မဇီဇဝါရလို့လည်း မဖြစ်ဘူးလေ။ နင်ပဲ မခေါ်ချင် မတော်ချင်ဘူးဆို"

"ဟုတ်တယ်၊ ဖျက်ရမယ်"

"ဒါပဲပေါ့"

"နင့်အကူအညီလည်း လိုတယ်နော်"

"ငါက နင့်ကို ကြည့်နေမယ့်သူလား ဖလပ်ရယ်"

♥ ✿ ♥



"အမေ"

"ဟော"

"ဒီနေ့ ကျောင်းပိတ်တယ်။ ဖလပ် ဆိုင်ကိုလိုက်ခဲ့မယ်"

"ဘာလိုချင်ပြန်ပြီလဲ သမီး"

ဖလပ် ပလာဇာကို လိုက်လာရင် ဒေါ်နီး မျက်ခုံးလှုပ်ပါသည်။ ပူဆာလွန်းလို့လေ။ ဖလပ် ပလာဇာကိုလိုက်ရင် လိုချင်တာ တစ်ခုခုရှိလို့ပဲ။

"အမေကလည်း ဘာမှမလိုချင်ပါဘူး။ ပျင်းလို့ မေ့ဆိုင်ကို သက်သက်လိုက်ရှုပ်မှာ"

"ဟော့ ... စကားထဲက ဇာတိပြပြီ။ ပလာဇာက နေ့ခင်းဘက်တွေ အရမ်းပူတာ သမီးရဲ့။ အိမ်မှာပဲ အေးအေးနေပါ"

"မရဘူးဗျာ လိုက်မှာပဲ၊ ဟော ... ထိုက်တန်ဆောင်တော့ပြီ"

"ထိုက်တန်ရော လိုက်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

"ပြဿနာတော့ မရှာကြနဲ့နော်"

"စိတ်ချပါ ကြီးစိုးရဲ့။ အေးဆေးလိုက်မှ အေးဆေး၊ ဩော် ... အမေက ကြီးစိုးကို တရားခွေထည့်ပေးလိုက်သေးတယ်"

"အေး ... အေး ... မှာထားတာကြာပြီ၊ ခုမှရတော့တယ်"

ဇီဇဝါက ဆိုင်သွားကာနီး အလှပြင်တာကြာသည်။ ရှင်ဘုရင် တစ်ခါထွက် ပဲကြီးတစ်လှေချက်ဟုတောင် တင်စားလိုက်ချင်။


အဲလောက် အချိန်ယူပြီး အနုစိပ်အောင် ပြင်ထားသော်လည်း ပြင်ထားမှန်းမသိသာ။ ထွက်လာတော့လည်း မြင်နေကျပုံစံလိုပဲ။ ဒါပေမဲ့ မျက်ကွင်းညိုနေရင် ကွန်ဆီလာတန်ခိုးနဲ့ မသိသာသလို အနည်းငယ်ထူချင်သော နှုတ်ခမ်းတို့ကလည်း လေးကိုင်းသဏ္ဌာန် ပုံစံတကျ လှတပတ။

"ဇီဇဝါရေ သွားမယ်"

"လာပြီ အမေ၊ ခဏလေး"

အဲဒီခဏလေးက နာရီဝက် အနည်းဆုံးပဲ။ ထို့ကြောင့် အမေကလည်း နာရီဝက်ကြိုပြီး အော်ထားတာပါ။

စီစဉ်သူ မောင်ဇော်လှိုင်
ဝေဝါနုသစာပေ၏ ဝင်တင်စာလောင်းဆော်
စာရေးဆရာမ
ကုဋေကုဋာ
သုံးနှစ်ညီတဲ့ နှောင်ကြိုးမဲ့ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာသူ မောင်ကျော်လှိုင်

စေတနာစာပေ၏ ဝင်တင်စာစောင်ဆော်

စာရေးဆရာမ

ကုဋေကုဋာ

အဆိပ်ချိုချိုအချစ်ခါးခါး





"ဟင် ... ဇလပ်တို့က ဘာလိုက်လုပ်မှာလဲ"

"လိုက်ရှုပ်မှာ"

"နင်တို့ပါရင် တကယ်ရှုပ်တယ်၊ နေခဲ့"

"အမေ့"

"ဇီဇဝါ ... ညီမလေးတွေကို အဲလိုမပြောရဘူးလေ။ လိုက်ပါစေ"

မဇီဇဝါက အပျိုသိပ်လုပ်လွန်းပြီး သူမတို့ကိုဆို တကယ့်ကလေးသာသာလို သဘောထားလွန်းသည်။ သူမတို့ကို ဘယ်မှမခေါ်ချင်။ ညီအစ်မရယ်လို့လည်း အဖော်မရပါ။

ပလာဇာ ရောက်တာနှင့် အမေ့ဆိုင်မှာ ခဏပဲထိုင်ပြီး ဒီဇင်ဘာ့ဆိုင်ကို လိုက်ရှာကြသည်။ တွေ့ပါပြီ။ ပထမထပ်ရဲ့ စက်လှေကားထိပ်မှာ December ဆိုသော ဆိုင်းဘုတ်တစ်ခုကို။

Hand Set ကို တံဆိပ်အမျိုးမျိုး တွေ့ရသည်။ အရောင်နှင့် ဒီဇိုင်းကလည်း စုံမှစုံ။

"ဘယ်အမျိုးအစားထဲက လိုချင်လဲ ညီမလေး"

ရုပ်ရည်အတော်သန့်ပြန့်သော အမျိုးသားတစ်ဦး သူမနား လာရပ်ကာမေးသည်။ ဝန်ထမ်းယူနီဖောင်း မဝတ်ထား သဖြင့် ဝန်ထမ်းတော့ ဟုတ်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



တေးကမ္ဘာကလည်း သူ့ကို ခပ်ရှုံ့ရှုံ့ အကဲခတ်နေသော ကောင်မလေးကို ဖြေသွားသည်။

"ဟိုလေ ... ဖေလပ်က အရင်လာကြည့်ထားတာလေ၊ ဝယ်တော့မဝယ်သေးဘူး။ ကြည့်လို့ရတယ်မို့လား"

"ဪ ... ရပါတယ် ကြည့်ပါ"

"Hand Set ထဲမှာလေ၊ ဘယ်အမျိုးအစားက အကောင်းဆုံးလဲ"

"ဪ ... သူ့ဟာနဲ့သူ အားလုံးကတော့ ကောင်းပါတယ်။ ကိုယ်သုံးချင်တဲ့ပေါ်မှာ မူတည်တယ် ညီမရဲ့။ သူ့တံဆိပ်နဲ့သူ အားသာချက် ကိုယ်စီရှိတာပဲ။ Nokia ဆိုရင် လိုင်းဆွဲကောင်းတယ်။ Sony ကတော့ ကင်န်မရာကောင်းတယ်။ Sansung ဆိုရင် ဒီဇိုင်းလှတယ်။ ကျန်တဲ့ Brand တွေလည်း သူ့အားသာချက်နဲ့သူ ရှိတယ် ညီမရဲ့"

တေးကမ္ဘာက မဝယ်ပါဘူး ဆိုတာတောင် အားတက်သရော ရှင်းပြနေမိသည်။ ကောင်မလေးနှစ်ယောက်လုံးက ချစ်စရာလေးကိုး။

"ကိုတေး ... လာဦး"

ဒီဇင်ဘာက ကွန်ပျူတာခုံက မထဘဲ လှမ်းခေါ်သည်။

"ဟုတ် ... ခဏလေး ကိုဒီ၊ ဒီမှာ ရှင်းပြနေလို့"





"ဪ ... ရတယ် အစ်ကို သွားပါ။ ဖေလပ်တို့က ကြည့်ရုံပဲ ကြည့်ဦးမှာလေ။ အစ်ကို လုပ်စရာရှိတာလုပ်ပါ"

"ဒါဆို ကြည့်ဦးနော် ညီမတို့။ အစ်ကိုကို ခွင့်ပြုဦး"

ကိုဒီဇင်ဘာနှင့်သူ ခေါင်းချင်းဆိုင်နေသည်။ ခဏနေတော့ ကိုဒီဇင်ဘာ အပြင်ကို ထွက်သွားသည်။

"လာ ... လာ ထိုက်တန်၊ လိုက်ကြစို့"

ကိုဒီဇင်ဘာက အပြင်ကို ထွက်တာမဟုတ်။ တတိယထပ်က ကော်ဖီဆိုင်ကို သွားတာ။

နက်စ်ကော်ဖီတစ်ခွက်မှာကာ နို့ပေါင်မုန့် နှစ်လုံးကို ခပ်မြန်မြန် ကောက်ဝါးနေသည်။

ပေါင်မုန့်ဝါးလိုက် ကော်ဖီကျိုက်လိုက်ဖြင့် ဘေးဝတ်ဝန်းကျင်ကို ဂရုတစိုက်ကိုမရှိ။

ခဏနေတော့ ကော်ဖီသောက်ပြီးပြီမို့ သူ့ဆိုင်ဘက်ပြန်ဆင်းသွားသည်။

"ကဲ ... ထိုက်တန်ရေ၊ ဒီနေ့တော့ ဒီလောက်နဲ့ပဲ ကျေနပ်ရတော့မယ်"

"ငါတို့ကို ရှင်းပြတဲ့တစ်ယောက်က ဘယ်သူလဲ မသိဘူး"

"နောက်နေ့တော့ သိရမှာပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက်တိုင်း ဆိုင်ကိုလိုက်သည်။ ဒီတော့ ကိုဒီဇင်ဘာနှင့် မဇီတို့ မကြာခဏ ကော်ဖီအတူသောက်တာကို သိလာရသည်။

ကိုဒီဇင်ဘာဟာ မဇီနှင့်ဆို ကော်ဖီကို ဖိမ်ဆွဲသောက်တတ်ပြီး သူ့တစ်ယောက်တည်းဆိုရင်တော့ ခပ်သွက်သွက်မော့သွားတာကအစ သိလာသည်။

ပြီးတော့ ကိုဒီဇင်ဘာမှာ တေးကမ္ဘာဆိုသော ညီတစ်ဦးရှိမှန်းလည်း သိလာသည်။

ကိုဒီဇင်ဘာက အနေတည်သလောက် တေးကမ္ဘာကတော့ မည်သူနှင့်မဆို ဖော်ရွေလွန်းလှသည်။

"ဇလပ် ... နင့် ကိုဒီဇင်ဘာထက်စာရင် သူ့ညီ ကိုတေးကမ္ဘာက ပိုမိုက်တယ်၊ ပြီးတော့ နင်နဲ့ဆို အသက်လည်း သိပ်မကွာဘူး"





"နှလုံးသားဆိုတာ မှုနဲ့လည်းမဆိုင်ဘူး၊ လူနဲ့လည်းမဆိုင်ဘူးဟာ၊ သူ့ဘာသာ ထိချင်တဲ့သူကို ထိတာ"

"နှလုံးသားကလည်း တော်တော်မိုက်တာပဲ"

"မိုက်လက်စနှင့် ဆက်မိုက်လိုက်ဦးမယ်ဟာ။ ဒီနေ့ ငါ ကိုဒီဇင်ဘာနားကို ခြေတစ်လှမ်းထပ်တိုးမယ်"

"ဘယ်လိုတိုးမှာလဲ"

"စောင့်ကြည့်လိုက်လေ"

ထိုနေ့က ကိုဒီဇင်ဘာ ကော်ဖီဆိုင်ထိုင်သည့်အချိန် ကံကောင်းချင်တော့ ကိုဒီဇင်ဘာ ထိုင်နေသည့်စားပွဲမှလွဲ၍ ဘယ်စားပွဲမှာမှ ခုံမလွတ်တော့။

"ကိုကြီး"

ကိုဒီဇင်ဘာက မော့ကြည့်ပြီး မျက်မှောင်ကြုတ်သည်။

"ဇလပ်တို့ ဒီမှာထိုင်လို့ ရမလား၊ ဘေးစားပွဲတွေမလွတ်လို့ပါ"

ပြောပြောဆိုဆို ဇလပ်နှင့် ထိုက်တန်က ဝင်ထိုင်သည်။ ဒီဇင်ဘာရဲ့ ကြုတ်ထားသော မျက်မှောင်ကြီးက ပြန်မပြေသွား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကော်ဖီကိုသာ မြန်မြန်သောက်နေသည်။

ဇလပ်က သူမသောက်လက်စ ကော်ဖီခွက်ကို ဒီဇင်ဘာဘက်ကို လက်နဲ့တိုက်ပြီး မှောက်ပစ်လိုက်သည်။

"ဟယ်"

"ဟာ ... မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ဆောရီးနော် ကိုကြီး၊ ဆောရီး ... ဆောရီး"

"မိန်းကလေးဖြစ်ပြီး လျှပ်ပြာပြာနဲ့"

"ဆောရီးနော် ကိုကြီး၊ ဟို ... ကိုကြီးအင်္ကျီအဖြူလေး ဇလပ်ကြောင့် ကော်ဖီတွေ စွန်းကုန်ပြီ"

ဒီဇင်ဘာက ဘာမှမပြောဘဲ ထထွက်သွားသည်။

"ကိုကြီး ခဏနေပါဦး"

ဒီဇင်ဘာက လှည့်ကြည့်ပြီး ...

"ဘာလဲ"

"ဇလပ် အင်္ကျီတစ်ထည် ပြန်ဝယ်ပေးပါရစေ"

"ရတယ် ... မလိုဘူး"

"ကိုကြီး"

ဒီတစ်ခါ လှည့်ကိုမကြည့်တော့ဘဲ လှည့်ထွက်သွားပြီ။



"ကဲ ... မပိုင်ဘူးလား ထိုက်တန်၊ ခုဆို သူ ငါ့ကိုမှတ်မိလောက်ပြီ"

"နင့်နည်းကြီးက ရိုးနေပြီ။ ဝင်ရောမှန်း သိသာတယ်"

"ရိုးရိုးဆန်းဆန်း ထိရောက်ဖို့က အရေးကြီးတယ်၊ ကဲ ... လာ၊ အင်္ကျီတစ်ထည် သွားဝယ်လိုက်ဦးမယ်"

"နင် တကယ်သွားပေးမှာလား"

"တကယ်ပေါ့ဟ၊ နှစ်ထပ်ရှိမှ မှတ်မိမှာ။ ကော်ဖီမှောက်ရုံလေးက ခဏလေးနဲ့ မေ့သွားနိုင်တယ်။ အင်္ကျီအလျော်သွားပေးလိုက်ရင် ပိုမှတ်မိသွားမှာ"

"နင့်အကြံ ကုန်ပြီလား"

"ဒါ အစပဲ ရှိသေးတယ်"

ပလာတာတစ်ခုလုံးပတ်ပြီး စိတ်ကြိုက် အင်္ကျီရှာဝယ်ဘာတင် တော်တော်ကြာသွားသည်။

ထို့နောက် သူ့ဆိုင်ကိုသွားတော့ ...

"ဟင် ... မင်း လာပြန်ပြီ"

"ဟုတ်တယ် ကိုကြီး၊ ဇလပ်အရမ်းအားနာလို့ပါ။ ဟိုလေ ... ဇလပ် ဝယ်လာတဲ့ အင်္ကျီကို အလျော်လို့ သဘောမထားချင်ရင်တောင် ညီမတစ်ယောက်က ကန်တော့တယ်လို့ပဲ မှတ်လိုက်ပါ ကိုကြီးရယ် ... နော်"

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာပြော။ အကျီအိတ်ကို သူ့စားပွဲပေါ်တင်ကာ အမြန်ပြန်ထွက်လာကြသည်။

"ဟာ ... ဟိတ် ... ဟိတ်ကောင်မလေး"

♥ ✿ ♥





သူတို့က ဒီဇင်ဘာကိုနှယ်ဖို့ ကြိုးစားကြတာပါ။ ဒါပေမဲ့ သူတို့ရဲ့ပိုက်ကွန်ထဲကို တဖြည်းဖြည်း တိုးလာတာက တေးကမ္ဘာ။

"ဟော ... ဇလပ်တို့ပါလား။ အပတ်တိုင်း ပလာဇာကို လာတယ်နော်။ ရှော့ပင်ပဲလား"

"ဟုတ်ဘူး ကိုတေး။ ဒီမှာ အမေက အထည်ဆိုင်ဖွင့်ထားတယ်လေ။ အဲဒါ ကျောင်းပိတ်ရင် အမေနဲ့လိုက်ရှုပ်တာ"

"သြော် ... ဒီလိုလား"

"ကိုတေးနဲ့ ကိုကြီးဒီဇင်ဘာက မတူဘူးနော်။ ကိုတေးက သဘောကောင်းသလောက် သူက မှုန်ကုပ်ကုပ်နဲ့"

"ကိုဒီက အဲလိုပဲ၊ ဒါပေမဲ့ သဘောကောင်းပါတယ်"

"ကိုတေးက ပိုချောတယ်"

"ကဲ ... စားချင်တာသာ ပြောကြတော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူမတို့ကို မုန့်လိုက်ကျွေးရင်း စလပ်စပ်စုသဖြင့် တေးကမ္ဘာက သူတို့ညီအစ်ကိုအကြောင်းတွေ ပြောပြသည်။ သူတို့မှာ မိဘတွေ မရှိတော့။ အဒေါ်အပျိုကြီးတစ်ယောက်နှင့် အတူနေသတဲ့။

ညီအစ်ကိုနှစ်ယောက်လုံး အဝေးသင်နဲ့ ဘွဲ့ရထားသတဲ့။ ပလာဇာမှာ Hand Set ဆိုင် ဖွင့်ထားသလို ယိုးဒယားဘက်ကလည်း Hand Set တံဆိပ်မျိုးစုံသွင်းပြီး ပြန်ဖြန့်သေးသတဲ့။

တေးကမ္ဘာ ဖြစ်ချင်တာက နာမည်နဲ့လိုက်တဲ့ အဆိုတော်တဲ့။ သို့သော် စီးပွားရေးသမား အစ်ကိုဖြစ်သူက ခွင့်မပြု၍ လုပ်ခွင့်မရတဲ့။ ညီအစ်ကိုနှစ်ယောက်လုံးမှာ ချစ်သူ မရှိတာကိုလည်း ကြော်ငြာဝင်သွားသေးသည်။

"ဟင် ... ကိုတေးက နှီးပြီ။ ကိုတေး အစ်ကိုကလေ မဇီဇဝါဆိုတဲ့ အစ်မကို ကြိုက်နေတာ မဟုတ်ဘူးလား"

"ဟင်း ... အဲဒါကလည်း ဘာမှန်းမသိပါဘူးဟာ။ ခုချိန်ထိ မသေချာသေးဘူး။ ကိုယ်က မြှောက်ပေးနေတာ။ ဖွင့်ပြောလိုက်လို့။ ရှေ့ရထားက ဘူတာမှာပိတ်ရပ်ထားတော့ နောက်ရထား ကိုယ့်ခမျာ ဘူတာလည်း ဝင်မရ။ ကျော်တက်လို့လည်းမရနဲ့"



"ရှေ့ကားပိတ်တယ်ပဲ ကြားဖူးပါတယ်"

"ကားပိတ်တာက ကွေ့ပြီးကျော်တက်လို့ ရသေးတယ်၊ ရထားက ပိုဆိုးတယ်။ ကိုယ်တို့အဖြစ်က အဲလိုဖြစ်နေတာ"

"ဟုတ်ပါပြီ။ ဒါပေမဲ့ မဇီဇဝါဆိုတဲ့ အစ်မမှာ ရည်းစားတွေ ဘာတွေ ရှိနေရင် ဘယ်လိုလုပ်မလဲ၊ မတိုက်တွန်းပါနဲ့ ကိုတေးရယ်"

"ဟုတ်လား၊ အဲလို ကြားထားလို့လား"

"ကြားတော့ မကြားပါဘူး၊ မိန်းကလေးချင်း ခန့်မှန်းကြည့်တာလေ။ မဇီဇဝါလို ယဉ်စစ လှတပတ မိန်းကလေးမျိုးမှာ ရှိချင်ရှိနိုင်တာပေါ့။ ဥပမာ လူကြီးတွေသဘောတူထားတဲ့သူမျိုးပေါ့"

"အင်းနော် ... ဖြစ်နိုင်တာပဲ"

"အဲဒါကြောင့် ပြောတာ။ မတိုက်တွန်းပါနဲ့လို့ ... နော်"

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ပလာဇာပိတ်တာမို့ တေး အိမ်ထဲမှာပဲ ခွေနေမိ၏။ တစ်ခါတလေ အလုပ်ပိတ်ရက်ကို အိမ်ထဲမှာပဲ နားအေးပါးအေး နေချင်သည်။

"ကိုတေး"

"ကိုဒီ ပြန်လာပြီလား"

"အေး ... မင်း ဘယ်မှမသွားဖူးလား"

"နိုး ... နားအေးပါးအေး အိမ်ထဲမှာပဲ နေပါရစေ"

"အေးပါ ... ဟုတ်ပါပြီ။ မင်းကို ငါ ပြောစရာရှိတယ်။ မင်း မြီးကောင်ပေါက် ကောင်မလေးနှစ်ယောက်နဲ့ တွဲနေသလားလို့"

"ဧလပ်တို့ကို ပြောတာလား။ ဧလပ်တို့နဲ့ ခင်တာပါ။ တွဲတယ်လို့တော့ မသုံးပါနဲ့ ကိုဒီရာ"

"အေး ... ငါကလည်း တွဲမှာကြောက်နေတာ။ ကိုတေး_မင်း အဲဒါလေးတွေကို စိတ်မဝင်စားနဲ့နော်"



"ဘာလို့လဲ ကိုဒီရ"

"ဟ ... အဲဒီအရွယ်ဆိုတာက သစ်ရွက်လှုပ်တာကိုတောင် ရယ်ချင်တဲ့အရွယ်ကွ။ ပြီးတော့ အဲဒီကောင်မလေးတွေပုံစံက မိဘပိုက်ဆံ ထိုင်ဖြုန်းတဲ့ လတ်လျားလတ်လျားလေးတွေ ပုံစံမျိုး"

"ကိုဒီကလည်းဗျာ။ ဘာလို့ သူများသားသမီးကို ချိုးချိုးဖွဲ့ဖွဲ့ ပြောနေတာလဲ၊ ကောင်မလေးတွေက GTC ကျောင်းသူတွေပါဗျ"

"ကျောင်းသူတွေက ပလာဇာမှာပဲ တွေ့နေရပါလား။ အင်ကျောင်းသူလား"

"ကိုဒီတို့ကတော့ ပြောလေ ဆိုးလေပဲ။ ကျောင်းပိတ်ရက်မှ လာတာပါဗျာ။ ပြီးတော့ ဒီပလာဇာမှာ သူ့အမေဆိုင်ရှိတာကိုး။ သူ့အမေနဲ့ ဆိုင်ကိုလိုက်လာတာပါ"

"ဆိုင်လိုက်ကူတာမှ မဟုတ်တာကွာ။ လိုက်ရှုပ်တာကို"

"ကိုဒီ သူတို့ကို ဘာလို့ ဒီလောက် ကြည့်မရတာလဲ"

"မလျှပ်တေးတွေမို့လို့ပေါ့ကွ။ ပြီးတော့ ... ပုံစံတွေက ယောကျ်ားလျာလိုလို ယောကျ်ားလုံးလိုလိုနဲ့"

"ဒါကတော့ ကိုဒီရာ။ ခေတ်လူငယ်တွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ဘာပဲဖြစ်ဖြစ် မင်းတို့ ရိုးရိုးခင်တာဆို ငါဘာမှ မပြောဘူး။ ဆန်းဆန်းတော့ ခင်ဖို့မကြိုးစားနဲ့။ ငါ သဘော မတူဘူး"

"ကိုဒီကလည်း ဘလိုင်းကြီး မျက်မုန်းကျိုးနေပြန်ပြီ"

"ဘလိုင်းကြီးတော့ ဟုတ်မလားကွ။ ဒီကောင်မလေးတွေ ငါ့ကို ဘလိုင်းကြီး လာရောတာကျတော့ရော"

"ဘာလဲ ... အကျီဝယ်ပေးသွားလို့လား"

"ကော်ဖီကလည်း တမင်မှောက်ချသွားတာကွ"

"ထားလိုက်ပါဗျာ၊ ဒါနဲ့ ကိုဒီနဲ့ ဓိဇဝါ အခြေအနေကရော"

"ဓိဇဝါက ဣန္ဒြေရှင်ကွ။ အဲဒါကြောင့် ဖွင့်ပြောဖို့ အချိန်ယူနေရတာ"

"ဒါဆို သေချာသွားပြီပေါ့။ ကိုဒီ တကယ် ဟတ်ထိသွားတာလား"

"ဟိတ်ထိ မထိတော့ မသိဘူး။ ဓိဇဝါက တည်ငြိမ်တယ် လှတယ်။ သိမ်မွေ့တယ်။ ပညာလည်း ဘွဲ့ရပြီးသား။ ရောင်းတတ် ဝယ်တတ်နဲ့ မိန်းမပီသတယ်။ ဒါတွေကိုထ တန်ဖိုးထားစရာ ဖြစ်နေပြီလေ။ ဒီလိုမိန်းမမျိုးကို မယူလို့ ဘယ်လိုမျိုးကို ယူရဦးမလဲ"





"ကိုဒီက မိန်းမဆို ဈေးတွက်,တွက်ပြီး ယူမလို့လား"

"ဘယ်အရာမဆို အမြတ်ရှိမှ ရင်းမှာပေါ့ကွာ"

"လက်လန်တယ်"

"မလန့်နဲ့ ဒီခေတ်ကြီးမှာ ယောကျ်ားတွေရော မိန်းမတွေပါ ဦးနှောက်သမားတွေချည်းပဲ။ အားလုံးတွက်ကုန်ကြပြီ"

"ကိုဒီ ပြောသလိုဆို ကမ္ဘာပေါ်မှာ အချစ်အတွက် နေရာတောင် မရှိတော့ဘူး"

"အချစ် ... မင်း အချစ်ကို ဘာလုပ်လို့ ရလို့လဲ"

"အချစ်မရှိရင် မသာယာဘူး ကိုဒီ။ အပေးအယူက အပေးအယူ။ အချစ်နဲ့တော့ တူမှာမဟုတ်ဘူး။ တွက်ပြီးယူခဲ့တဲ့ အိမ်ထောင်ရေးမှာ တွက်ထားသလို မမြတ်ခဲ့ရင် ကိုဒီ စိတ်ဆင်းရဲရလိမ့်မယ်။ ချစ်လို့ယူရင်တော့ ချစ်တဲ့စိတ်နဲ့ ဘာကိုမဆို ဖြေရှင်းနိုင်စွမ်း ရှိလိမ့်မယ်။ ချစ်သူမျက်နှာလေး ငဲ့ကြည့်ပြီး စိတ်ချမ်းသာရလိမ့်မယ်"

"အေး ... မင်းပဲချစ်။ ငါ့ကိုတော့ တရားလာမဟောနဲ့ ဒါပဲ"

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ဇလပ်တို့က တစ်မျိုးနဲ့တစ်မျိုး မရိုးစေရ။

ကိုဒီဇင်ဘာ လာနေမှန်းသိလို့ ရေခဲမုန့်သည်တွန်းလှည်းနားကပ်ကာ ရေခဲမုန့်တစ်ခွက် မှာလိုက်သည်။

လက်ထဲကို ဝေဖာကန်တော့နဲ့ ရေခဲမုန့်လေးတစ်ခု ရောက်လာချိန်နှင့် ဒီဇင်ဘာ အနားက ဖြတ်သွားချိန်က အချိန်ကိုက်ပင်။

"ကိုကြီး ... ကိုကြီး"

ဒီဇင်ဘာ လှည့်ကြည့်လိုက်တော့ ဟိုငရှုပ်မလေး။

"ဇလပ်လေ ရေခဲမုန့်ဝယ်ပြီးကာမှ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံမပါမှန်းသိပြီး ဒုက္ခရောက်နေတာ"

"အဲဒါ ငါက ဘာလုပ်ရမလဲ"

"ရေခဲမုန့်ဖိုး ပိုက်ဆံခဏချေးပါလား"

"မချေးနိုင်ဘူး"





"လုပ်ပါ ကိုကြီးရယ်၊ ဇလပ် တကယ် ပိုက်ဆံမပါလို့"

"မပါရင် မစားနဲ့ပေါ့"

ပြောပြီး လှည့်ထွက်သွားသော ဒီဇင်ဘာကိုကြည့်ကာ ဇလပ်က ပြုံးစိစိနဲ့ ပခုံးတွန့်ပြီး ဘောင်းဘီအိတ်ထဲက ပိုက်ဆံငါးရာတန်လေးတစ်ရွက်ထုတ်ကာ ရေခဲမုန့်သည်ကို ပေးလိုက်သည်။

ရေခဲမုန့်သည်က နားမလည်သလို ကြည့်နေသည်။

နောက်တစ်နေ့ကလည်း အင်မတန် ရိုးစင်းပါသည်။

ထိုက်တန်က ဒီဇင်ဘာ ဆိုင်ထဲကအထွက် ချွဲပျစ်ပျစ် ချော်ရည်တွေပါ စိမ်ထားသော ငှက်ပျောခွံတစ်ခုကို ဒီဇင်ဘာရှေ့ ပစ်ချလိုက်သည်။

ဒီဇင်ဘာက အရှိန်မထိန်းနိုင်ဘဲ နင်းမိပြီးချော်ကာ ယိုင်သွားတော့ ဇလပ်က ဒီဇင်ဘာ့ကို ဝင်ထိန်းလိုက်သည်။

"ကောင်မလေးတွေ မင်းတို့ ဘာအကြံတွေရှိလို့ ငါ့ကို လိုက်ပတ်သက်နေတာလဲ"

"ကိုကြီး အထင်လွဲနေပြီ။ အားလုံးကို တိုက်ဆိုင်မှုသက်သက်ပါ။ တစ်ခုတော့ ရှိတာပေါ့။ တိုက်ဆိုင်မှုတွေ များလို့လား မသိဘူး။ ကိုကြီးကို ဇလပ်တို့ ခင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ။ မင်းတို့ အရွယ်လေးတွေနဲ့မှမလိုက် တော်တော်လည်တယ်နော်။ ဒီမှာ မင်းတို့နှစ်ယောက်ကို တစ်ခါတည်း ပြောထားဦးမယ်။ မင်းတို့ ဘာရည်ရွယ်ချက်နဲ့ ငါနဲ့ ငါ့ညီကို လိုက်ပတ်သက်တာလဲတော့ ငါမသိဘူး။ ဒါပေမဲ့ ငါတို့ညီအစ်ကိုနဲ့ ပတ်သက်ပြီး အမြတ်ထုတ်ဖို့ အကြံစည်ရှိရင်တော့ လက်လျှော့လိုက်။ ငါတို့က ငတုံးတွေ မဟုတ်ဘူး"

"ကိုကြီးရယ်"

ဇလပ် ခမျာ မျက်ရည်ရစ်ဝိုင်းလေးနဲ့ ကျန်ရစ်သည်။

"ဇလပ် ... နင့်လူကြီးက လုံးဝမမိုက်ဘူး သိလား။ ကိုတေးနဲ့ တခြားစီပဲ။ တော်တော့ဟာ။ နင် ဒီလူကြီး ဓာတ်လမ်းကို ရပ်လိုက်တော့"

"ဟုတ်တယ် ထိုက်တန်၊ သူ ဆိပ်ပြီး အစာနာကင်းတယ်။ ငါ သူ့ကို မေ့လိုက်တော့မယ်"

♥ ✿ ♥





ဇလပ်တို့မိသားစုတွင်း ဂယက်တစ်ခု ရိုက်သွားသည်။

ထိုဂယက်ကတော့ မဇီဇဝါ လင်နောက်လိုက်သွားခြင်းပင်တည်း။

အမေဆိုတာ ယူကျုံးမရ။

အဖေက အမေ့ကို အပြစ်တင်သည်။

"မင်းနဲ့ ဆိုင်အတူထွက်နေရင်း ဒီသမီး ရည်းစားထားတာ မင်း နည်းနည်းမှ မရိပ်မိဘူးလား"

"ခြော် ... ခိုးထားပါတယ်ဆိုမှ ကျွန်မသိအောင်နေမလားရှင်။ ကျွန်မကိုတော့ ဒီဇင်ဘာဆိုတဲ့ ကောင်လေးနဲ့ ဘာညာလိုလို ပြောထားတာ။ ကျွန်မကလည်း အဲဒီကောင်လေးနဲ့ အရိပ်အခြည်ကိုပဲ စောင့်ကြည့်နေတာပေါ့"

"အေး ... ကောင်းတာပေါ့၊ အခုတော့ တက္ကစီမောင်းနေတဲ့ကောင်နဲ့မှ လိုက်ပြေးရတယ်လို့။ ကျော်မကောင်း

www.burmeseclassic.com



ကြားမကောင်းကွာ။ လူမွေးလူတောင် မပြောင်ချင်တဲ့ ခွေးမ။ အမွေပြတ်ပဲဟေ့"

အိမ်မှာက အဖေ့စကားတစ်ခွန်းသာ အတည်ဖြစ်သည်။ အဖေ တကယ်ဒေါသထွက်လာရင် ဘယ်သူမှ စောဒက မတက်ရဲတော့။

"ရွှေဇလပ်ညိုလည်း ကြပ်ကြပ်သတိထား။ ရွှေဇီဇဝါဝင်း လမ်းစဉ်လိုက်လို့ကတော့ သူ့လမ်းအတိုင်းပဲ ကိစ္စပြတ်မယ် မှတ်"

မဇီ လုပ်သွားပုံကြောင့် ဇလပ် အကြိမ်းခံရလွန်းလို့ နေစရာမရှိ။

♥ ✿ ♥





"ကိုဒီ ... ကိုဒီ့ဗူးချွေရှင်ကြီး လင်နောက် လိုက်သွားလို့ တဲ့"

"ဘာ"

"မဇီဇဝါလေ"

"ဟာ ... မထင်ရဘူး"

"ကျွန်တော် မပြောဘူးလား၊ တွက်ကြည့်လို့ အမြတ်မရှိရင် မလုပ်တဲ့ ကိုဒီ၊ ခုကိစ္စကို ဘယ်လိုမြင်ပါသလဲ ခင်ဗျာ"

"အေးကွ ...မထင်ထားဘူး။ မိန်းမတစ်ယောက်ကို အပေါ်ယံ ကြောကြည့်လို့ မရပါလားဟ"

"ကိုဒီက ရယ်ဒီမိတ် လိုချင်တာကို။ မဇီဇဝါလို အရွယ်ရော ရုပ်ရော အချင်းရော ရှိနေတဲ့သူမှာ ရည်းစားရှိပြီးသားလည်း ရှိရောပေါ့ဗျ"

"ခွေးမသား ... အဲဒါ ခုမှ ပြောရလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဒီက ဆရာကြီးလေ။ ကိုဒီ့ကို သတိပေးရင်လည်း ဆရာလုပ်တယ်ပဲထင်မှာ။ ရည်းစားထားမယ်ဆိုရင် မဇီဇဝါ လိုလူမျိုးကို မထားသင့်ဘူး။ အရွယ်ရော ရုပ်ရော အရည် အချင်းရော အားလုံး ပြည့်စုံနေတဲ့ မိန်းကလေးတစ်ယောက် မှာ ကိုယ်တိုင်ရည်ရွယ်ထားတာ ရှိရင်ရှိ၊ မိဘစပ်ဟပ်ထား ဘာ ရှိရင်ရှိ။ လွတ်တော့ မလွတ်နိုင်တော့ဘူးလေ"

"ဟ ... ဒါဆို ဘယ်အရွယ်ထားရမှာတုန်း"

"ဇလပ်ဘို့လို အရွယ်လေးတွေပေါ့ဗျာ။ သူတို့ဆိုရင် ရည်း စားလည်း မရှိနိုင်သေးဘူး။ လူကြီးတွေကလည်း စီမံစပ် ဟပ်ထားဦးမှာ မဟုတ်ဘူး"

"အာ ... အဲဒီအရွယ်က လျှပ်တေးလေးတွေကွ"

"မဇီဇဝါထက်စာရင် အဲဒီလျှပ်တေးတွေကမှ စိတ်ချရသေး တယ်"

"ဇီဇဝါ တစ်ယောက်တည်းနဲ့တော့ တစ်လောကလုံး မပုပ်ချင် ပါဘူးကွာ။ ဇီဇဝါလို အနေအထားမျိုးနဲ့ ဇီဇဝါလို ဦးနှောက် မသိမ်တဲ့သူတွေ ရှိမှာပါ"

"ရှာ ... ရှာ ... ထမင်းထုပ်ထမ်းပြီးရှာ"





"တကူးတက မရှာနိုင်ပါဘူး။ သွားရင်း လာရင်း၊ လုပ်ရင်း ကိုင်ရင်း အဲလိုမိန်းကလေးမျိုး ငါ့ရှေ့ရောက်လာမှ စဉ်းစ- မှာ"

"ဒီတစ်သက်တော့ မိန်းမရဦးမယ်"

"စိန်လိုက် ကိုတေး။ အရည်အချင်းရှိတဲ့ ယောကျ်ားတစ် ယောက်ရဲ့နောက်မှာ သုညအဖြစ် ဒူးထောက်ချင်တဲ့မိန်းမ တွေ တစ်ပုံကြီး ရှိတယ်"

"အချစ်မပါဘဲ ယောကျ်ားတစ်ယောက်ကို အရည်အချင်း ကြိုက်ပြီး ဒူးထောက်မှတော့ အဲဒီယောကျ်ားကို ဒူးထောက် ရာမကျဘူး။ အရည်အချင်းတွေကိုပဲ ဒူးထောက်တာ။ ကျွန်တော်တော့ အဲလိုမိန်းမမျိုး မလိုချင်ဘူး။ အချစ်ကြောင့် ဒူးထောက်တဲ့မိန်းမကိုပဲ လိုချင်တယ်။ အဲဒီလိုမိန်းမမျိုးရ ရင် ကျွန်တော်ကိုယ်တိုင် အဲဒီမိန်းမရှေ့မှာ ဒူးပြန်ထောက် ဖို့ ဝန်မလေးဘူး"

"ကိုတေး ... မင်းက အရူးပဲ"

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ဇီဇဝါကို ယောက်ျားလေးရှင်ဘက်က လာအပ်သော်လည်း ဇီဇဝါတို့ဘက်က လုံးဝလက်မခံ။ အဓိက အမေကလက်မခံတာပါ။

အမေကတော့ သမီးကြီးကို သံယောဇဉ်မပြတ်သော်လည်း အဖေ့ကို မလွန်ဆန်ရဲသဖြင့် ငြိမ်နေရသည်။

"ဇလပ် သမီးမမ၂အကြောင်း စုံစမ်းဦး။ ယောက်ျားလေးရှင်ဘက်က သူတို့ပြန်အပ်တာတောင် လက်မခံတော့ သမီးမမ မျက်နှာငယ်ရမယ်။ ကောင်လေးက တက္ကစီမောင်းတာဆိုတော့ အဆင်မှပြေရဲ့လား မသိဘူး။ မပြေရင် သမီးအဖေမသိအောင် ထောက်ပံ့ရအောင်"

မဇီဇဝါက အမေ့အသည်းကျော်ဆိုတော့ မဇီဇဝါအတွက် အမေ ပူရှာမပေါ့။





အမေ စုံစမ်းခိုင်းသဖြင့် မဇီဇဝါနှင့် သွားတွေ့ရသည်။ တကူးတက စုံစမ်းစရာ မလိုဘူးလေ။ မဇီဇဝါဆီမှာ ဖုန်းပါသွားတာကိုး။

"မဇီ"

"ဇလပ်နဲ့ ထိုက်တန် ... လာ ... လာ"

လမ်းငယ်လေးတစ်ခုအတွင်းမှာ မဇီတို့ငှားနေသောအိမ်နံပါတ်ကို မနည်းရှာခဲ့ရသည်။

နှစ်ထပ်ပျဉ်ထောင်သွပ်မိုးအိမ်လေးမှာ မဇီတို့က အိမ်အောက်ထပ်လေးကို ငှားနေတာပါ။

မဇီက ဖျာလေးခင်းပေးသည်။ ပရိဘောဂကတော့ သိပ်မရှိ။ မီးဖိုချောင်သုံးပစ္စည်းအနည်းငယ်နှင့် ဘမင်းစားပွဲ။ ကြောင်အိမ် ခပ်သေးသေးကတစ်လုံး။ မီးသွေးမီးဖိုတစ်ခုနှင့် လျှပ်စစ်မီးဖိုတစ်လုံး။

အိပ်ခန်းလေးတစ်ခန်းပါပြီး ခုတင်မရှိသောကြမ်းပေါ်မှာ မွေ့ရာခပ်ထူထူ ခင်းထားသည်။

မှန်တင်ခုံတွေ၊ ဗီရိုတွေမရှိ၊ သံသေတ္တာတစ်လုံး၊ သားရေသေတ္တာက အိမ်က မဇီ ယူသွားသော သေတ္တာပရိသော[illegible]ထ ဒါအကုန်ပဲ။ အိမ်ခန်းလေးကို လှည့်ပတ်ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"လာ ... ထိုက်တန်နဲ့ ဇလပ်၊ အအေးသောက်ကြဦး"

"ရေခဲက ဘယ်ကရလဲ"

"ဒီဘေးက အအေးဆိုင်မှာ ရေခဲဝယ်လို့ရတယ်၊ ပူမနေပါနဲ့ ငါ့ညီမရယ်။ နင်အစ်မ အဆင်ပြေပါတယ်၊ ဒါပေမဲ့ နင်တို့လာတာ ငါ ဝမ်းသာတယ်"

"အမေက အခြေအနေ လာကြည့်ခိုင်းတာ။ မဇီအတွက် အမေ စိတ်ပူနေတယ်။ အဖေက လက်မခံတော့လည်း ဘာမှမတတ်နိုင်ဘူး"

"အေးပါ၊ ငါလည်း စိတ်မကောင်းဘူးပေါ့၊ ဒါပေမဲ့ ငါ အဆင်ပြေတယ်လို့ အမေ့ကိုပြောလိုက်၊ မပူနဲ့လို့"

"ယောက္ခမတွေ နှိမ်မှာစိုးလို့တဲ့"

"ယောက္ခမတွေနဲ့ အတူနေတာမှ မဟုတ်တာ။ မနှိမ်ပါဘူး။ ငါက အစကတည်းက အတူမနေဘူးလို့ ပြောထားတာ"

"ငွေခရးကြေးရေးရော။ မဇီ ဘဏ်စာအုပ် ကျန်နေခဲ့လို့ အမေ ပေးခိုင်းလိုက်တယ်"

"အေး ... ငါ တမင်ထားခဲ့တာ။ အမေက ပေးတယ်ဆိုတော့လည်း ကျေးဇူးပဲ။ ပိုက်ဆံက အဆင်ပြေပါတယ်။ အိမ်မှာလို သုံးလို့တော့ မရတော့ဘူးဟာ။ ကားက သူ့မိဘတွေ ပိုင်တာလေ။ အရင်ကတော့ မောင်းလို့ရသမျှ သူ့အမေကို အကုန်ပေးရတာပေါ့။ ခုတော့ အိမ်ထောင်သည်ဖြစ်သွားပြီဆိုတော့ သူ့အိမ်ကို အံ့နာခပဲပေးပြီး ကျန်တာကိုယ်စားပေါ့ဟာ"

"အခန်းခရော ဘယ်လောက်ပေးရလဲ"

"ဒါလေးတောင် တစ်လ သုံးသောင်း။ ခြောက်လစာချေရတယ်"

"သြော်"

"ဘာပဲဖြစ်ဖြစ် အဆင်ပြေတယ်။ သူကလည်း တစ်နေ့ကို အံ့နာခနဲ့ ဆီဖိုးနုတ်ပြီး တစ်သောင်းကျော်တော့ ကျန်ပါတယ်ဟ"

"အေးပေါ့။ ဘာပဲဖြစ်ဖြစ် မဇီ ပျော်ဖို့ အဓိကပဲလေ"

ထိုက်တန်က စပ်ဖြီးဖြီးနဲ့ ...

"မဇီခဲ့ဝါ ခုချိန်ထိ ခဲအိုနာမည်တောင် မသိရသေးဘူး"

"အေး ... ကိုသော်မိုးတဲ့"

"မဇီ ဒီအခြေအနေထိ ဆင်းလာခဲ့တာ ကိုသော်မိုးကို တော်တော်ချစ်လို့ပေါ့နော်"

"သေချာတာပေါ့ ငါ့ညီမရယ်"







www.burmeseclassic.com

www.burmeseclassic.com



မဇီက သူတို့လက်မှတ်ထိုးတဲ့နေ့က မာတ်ပုံတွေပြ၏။ ကိုသော်မိုးက တော်တော်ယောကျ်ားပီသ ချောမောခန့်ညားလှသည်။ တက္ကစီသမားလေးလို့တောင် ထင်ရက်စရာမရှိ။

“မဇီတို့ ဘယ်လိုတွေ့တာလဲ။ မဇီက ကိုယ့်ကားကိုယ်မောင်းပြီး သွားလာနေတာလေ”

“ကိုသော်က ငါနဲ့ကျောင်းနေဖက်ပဲ။ ကျောင်းမှာတုန်းကတော့ မကြိုက်ပါဘူး။ အဝေးသင်ဆိုတော့ ခဏပဲတွေ့ရတာလေ။ Face book ထဲကနေ သူက အရင်လာမိတ်ဆက်တာ။ နောက်တော့ ငါတို့ Face book မှာ စကားတွေပြောဖြစ်ကြတယ်။ ပထမတော့ သူ တက္ကစီမောင်းနေမှန်းမသိပါဘူး။ အပြင်မှာ လာတွေ့သေးတယ်။ အဲဒီတော့မှ ကျောင်းကမှန်း သိတာ။ နောက်တော့ သူက ချစ်ရေးဆိုတယ်ပေါ့ဟာ။ အဲဒီတော့ သူ တက္ကစီမောင်းသမားမှန်းသိသွားပြီ၊ ဒါပေမဲ့ ငါ သူ့ကို ချစ်တယ်လေ ...

ဒါပေမဲ့ ငါ့ဘက်က သဘောမတူနိုင်တာကိုသိလို့ သူ့နောက် လိုက်သွားတာ။ ငါမှ သူ့ကိုမခွဲနိုင်တာ”

“အေးလေ ... မဇီ စိတ်ချမ်းသာဖို့ အရေးကြီးတယ်”

“ဟုတ်တယ်ဟ။ အဲဒါကြောင့် ငါ့ကို စိတ်မပူနဲ့လို့ ကိုသော်ကလည်း ငါ့ကို တော်တော်ချစ်ပါတယ်”





“မဇီ ... ကိုဒီဇင်ဘာဆိုတဲ့ လူနဲ့ကရော၊ အမေက မဇီကို ကိုဒီဇင်ဘာနဲ့ ထင်တာ”

“ဒီဇင်ဘာ ဆိုတဲ့လူက တကယ့်စီးပွားရေးသမားဟ။ မိန်းမယူတာတောင် ဈေးတွက်နဲ့ ယူချင်တာ။ ငါ့ကို သူ မချစ်ပါဘူး။ ပုံသေနည်းတွေနဲ့ တွက်ချက်ဘောင်ခတ်ထားတဲ့ အိမ်ထောင်ရေးထဲကို ငါ လက်ပစ်မကူးရဲဘူး”

ဇလပ် သက်ပြင်းခိုးချလိုက်သည်။ ဟုတ်မှာပါ။ ဒီဇင်ဘာ ဘယ်လိုလူမျိုးလဲ ဆိုတာ ကိုယ်တိုင်ကြုံတွေ့ခဲ့ရဖူးတာပဲလေ။

ထိုက်တန်က ...

“နင် ကံကောင်းသွားတာပေါ့”

ဟု တိုးတိုးကပ်ပြောသည်။

“ကဲ ... မဇီ၊ အချိန်မရှိတော့ဘူး။ ဇလပ်တို့ ပြန်တော့မယ်။ နောက်မှ လာခဲ့မယ်လေ။ တစ်ခုခု အကြောင်းရှိရင် ဇလပ်ဖုန်းကို ဆက်လိုက်”

“အေးပါ။ ကဲ ... သွားကြ ... သွားကြ”

မဇီဆီက အပြန်လမ်းမှာ။

“မဇီဝေါက ပျော်နေတာပဲနော် ဇလပ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ထင်တာလဲ"

"ဪ ... ဘယ်သူမဆို ကိုယ်စိတ်ဆင်းရဲမယ့်လမ်းကို ရွေးပါ့မလား"

"အင်း ... အဲဒါက အချစ်ရဲ့တန်ခိုးပဲ ထင်ပါရဲ့နော်"

အချစ်ဆိုတာ အဲလို နိမ့်ရာမှာပျော်မွေ့တတ်သလား။ မြင့်ရာမှနိမ့်ရာ၊ နိမ့်ရာမှ မြင့်ရာ ဖောက်ပြန်စွာ စီးဆင်းတတ်သလား။

ဘာလဲ အချစ်ဆိုတာ ? ။

♥ ✿ ♥





"မိထိုက်တန် မြန်မြန်လုပ်"

ဒေါ်မိုး၏အော်သံအကြား ထိုက်တန် ဝတ်လက်စ တီရှပ်ကို အမြန်ဆွဲချလိုက်ကာ အပြင်ထွက်လာသည်။

"သူများအိမ်တက်ပွဲ သွားပါတယ်ဆို မင်္ဂလာရှိရှိ မဝတ်ဘဲ ဘယ်လိုဝတ်လာတာလဲ"

"အမေရယ် ... သမီးက ပေါလောပေါ်နေအောင် ဝတ်ထားလို့လား"

"ဟဲ့ ... မိန်းကလေးဖြစ်ပြီး တီရှပ်နဲ့ ဘောင်းဘီဝတ်တာ တော့ ကောင်းမလားပျယ်။ သွားရမှာက အိမ်သစ်တက် မင်္ဂလာ"

"အဲဒါဆိုလည်း မလိုက်တော့ဘူးဗျာ"

"ပြောပြန်ပြီလား ဒီဗျာကို။ ငါ ခေါ်လိုက်ရ။ သမီးတစ်ယောက် ရှိပါတယ်။ ပြောမနိုင် ဆိုမရနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်က ဆိုဖာပေါ် ဝင်ထိုင်ပြီး တီဗီရီမုတ်ဒ် ကိုင်နေပြီ။

"လာ ... ဒီတိုင်းပဲ လိုက်ခဲ့တော့"

နောက်တော့လည်း ဒေါ်မိုးပဲ အလျှော့ပေးရတာပဲ။

အလှူအိမ်ရောက်တော့ ထောပတ်ထမင်းနှင့် ကြက်သားဟင်း။ ထိုက်တန်က အပျိုလေးရယ်လို့ ပဲနှင့်မစား။ အိုက်တင်မများ။ သူ့အကြိုက်ကို အားပါးတရစားသည်။ ပြီးတော့လည်း အချိုပွဲကျွေးသည့် ရေခဲမုန့်ကို တစ်ခွက်ကုန်ပြီး နောက်တစ်ခွက် ထပ်ယူစားသည်။

ဒေါ်မိုးမှာ လူကြားထဲ ဘာပြောရမှန်းမသိ။ မျက်နှာရိပ် မျက်နှာကဲ ပြရအောင်ကလည်း သမီးဖြစ်သူက သူ့ဘက်ကို လှည့်မကြည့်ဘဲ သူ့ဘာသာ ကြိတ်နေသည်။

"မမိုး သမီးလေးလား"

"ဟုတ်တယ် ညီမရေ၊ မေထိုက်တန်တဲ့"

"သမီးလေးက ချစ်စရာလေးပဲ"

"ဆိုးတယ် ... ဆိုးတယ်"

"တစ်ဦးတည်းသောသမီး ဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့ မမိုးရယ်"





မေမေတို့ လူကြီးတွေ စကားပြောနေကြတော့ ထိုက်တန်က ထိုင်နားထောင်ရတာ ပျင်းလာပြီမို့ ကားထဲပြန်ဝင် ထိုင်နေလိုက်သည်။

မေမေက လေးဆယ်ကျော် ငါးဆယ်နားနီးပေမယ့် ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်တုန်း။

ထိုက်တန်နှင့် ဇလပ်က ခုမှ သင်မောင်း မောင်းတတ်တာမို့ ပေးမမောင်းသေး။

"ထိုက်တန်"

"ဟာ ... ကိုတေး"

"ကိုယ် အိမ်ပေါ်မှာတည်းက ထိုက်တန်ကို နှုတ်ဆက်မလို့၊ ထိုက်တန် ဆင်းသွားတာနဲ့ လိုက်လာတာ"

"ဟုတ်တယ်။ စားပြီးတော့ ပျင်းတာနဲ့ ဆင်းလာတာ၊ ဒါ ကိုတေးတို့အိမ်တက်လား"

"မဟုတ်ဘူး။ ကိုယ်လည်း ကိုယ့်အဒေါ်နဲ့ ပါလာတာ"

"ဪ"

"ထိုက်တန်တို့ ပလာဇာ မလာတော့ပါလား။ မပြောမဆိုနဲ့ ပျောက်သွားလိုက်တာ။ ကိုယ့်မှာ လိပ်စာလည်းမသိ။ ဖုန်းနံပါတ်လည်း မရှိဆိုတော့ ဘယ်ဆက်သွယ်ရမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်"

"ဒါနဲ့ ကိုဒီတောင် ဆွေးနေတယ်။ သူ့ရဲ့မစီဝေါ လင်နောက်လိုက်သွားလို့လေ"

"အင်း ... ဟို ... ဟုတ်လား"

"ထိုက်တန် ဖုန်းနံပါတ် ပေးဦးလေ"

မတတ်သာဘဲ ထိုက်တန်ရဲ့ဖုန်းနံပါတ် ပေးလိုက်ရတော့သည်။ ကိုယ်က သွားစ,ထားတာမို့လား။

"ကိုယ် ဖုန်းဆက်မယ်နော် ထိုက်တန်"

"ဟုတ်"

"ဒါနဲ့ ထိုက်တန်တို့ ဒီတစ်ပတ် ပလာဇာလာခဲ့ကွာ၊ ကိုယ် မုန့်ကျွေးချင်လို့"

"စာမေးပွဲတွေ ရှိနေလို့ ကိုတေးရဲ့။ ဪ ... ဟိုမှာ ထိုက်တန်မေမေ လာနေပြီ၊ သွားတော့မယ်နော်"

"အင်း ... ကိုယ့်အဒေါ်လည်း လာနေပြီ၊ ကိုယ် လစ်ပြီနော်"

မေမေက ကိုတေးကို အကဲခတ်ကာ ...

"သူက ဘယ်သူလဲ ထိုက်တန်"

"သူငယ်ချင်းပါ မေမေ"

ဒေါ်မိုးက ဘာမှမပြောသော်လည်း တေးရဲ့ရုပ်ကိုတော့ မှတ်မှတ်ရရ ဖြစ်သွားရသည်။

♥ ✿ ♥



ထိုက်တန်က ကိုတေးနှင့် တွေ့ခဲ့တာကို စလပ်ကို ပြန်မပြောပြမိ။ တမင်ထိန်ချန်ထားခြင်း မဟုတ်ဘဲ ပြောဖို့ကို မေ့နေခဲ့တာပင်။

ကိုတေးကတော့ ထိုက်တန်ဆီသို့ ညတိုင်းလိုလို ဖုန်းဆက်ကာ ကျောင်းပိတ်ရက်တိုင်းလိုလို ပလာဇာတိုလာဖို့ အမြဲခေါ်တတ်သည်။

ဖုန်းကိုလက်ခံပြောမိပေမယ့် ပလာဇာကိုတော့ မသွားဖြစ်။ သွားရင်လည်း စလပ်နဲ့ နှစ်ယောက်သွားမှ ဖြစ်မှာလေ။

သူမနှင့် ထိုက်တန်က တစ်ချိန်လုံးလိုလို မခွဲအတူရှိနေတာမို့လား။

ဒီတော့ သွားရင် စလပ်နှင့် ကိုဒီဇင်ဘာ ပြန်တွေ့ကြည်။ ပြန်တွေ့ပြီး စလပ်ရောဂါ ပြန်ထလာရင် ဘယ်လိုလုပ်မလဲ။

ကိုဒီဇင်ဘာလိုလူမျိုးနဲ့ စလပ်ကို သဘောမတူသေး။ ကိုဒီဇင်ဘာက တစ်ကိုယ်ကောင်း သိပ်ဆန်လွန်းသည်လေ။

www.burmeseclassic.com



ကိုတေးကိုတော့ တကယ်ခင်ပါသည်။ ကိုဒီဇင်ဘာနှင့် ကိုတေးကမ္ဘာဟာ တစ်အူတုံဆင်း ညီအစ်ကိုရင်းသာဆိုတာ စိတ်ဓာတ်ချင်းက အရှေ့နှင့် အနောက်လို ကွာခြားလွန်းလှ၏။

သူမတို့ သွားမတွေ့တော့ အိမ်လိပ်စာတောင်းသည်။ အိပ်လိပ်စာက ပေးလို့မဖြစ်၊ မေမေ့ကို ကြောက်ရသည်လေ။ ဒီတော့ ကျောင်းကိုလာတွေ့မည်တဲ့။

"ကိုတေးကလည်း ဘာတွေများ အရေးကြီး တွေ့ချင်နေတာလဲ"

"ထိုက်တန်က ညည်းထားတာကိုး။ အသံလေးပဲ ကြားရပြီး တွေ့ခွင့်မပေးတော့ ကိုယ့်မှာ အိမ်မြှောင်အမြီးပြတ် ဖြစ်နေတာပေါ့"

"ရှင် ... ဘာကိုဆိုလိုတာလဲ ကိုတေး"

"ထိုက်တန်နဲ့ မတွေ့ရလို့ ကိုယ် ဖျပ်ဖျပ်လူး ခံစားနေရတယ်လို့ ပြောတာ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ထိုက်တန်ကို ချစ်လို့ပေါ့။ ကိုယ် ထိုက်တန်ကို စတွေ့ကတည်းက စိတ်ဝင်စားခဲ့တာ"

"အို"





"ဟုတ်တယ် ထိုက်တန်။ ဒီကြားထဲ ထိုက်တန်တို့ပျောက်သွားတော့ ကိုယ် ဘယ်လောက်ခံစားခဲ့ရတယ်ထင်လဲ။ ဘယ်လိုက်ရှာလို့ ရှာရမှန်းလည်း မသိဘူး။ ကိုယ် ဘုရားသွားပြီး ဆုတောင်းရုံပဲ လုပ်နိုင်တော့တယ်။ ထိုက်တန်နဲ့ ကိုယ် တကယ်ဖူးစာပါရင် ပြန်ဆုံရပါလို၏လို့။ ခုတော့ တကယ် ဖူးစာပါလို့ ပြန်တွေ့တာနေမှာ"

"မဟုတ်ဘဲနဲ့ လျှောက်ပြောနေတယ်"

"တကယ်ပါ ထိုက်တန်ရယ်။ ကိုယ့်ကို ယုံပါကွာ"

"မသိဘူး၊ ဒါပဲ ဖုန်းချပြီ"

"နေဦး ခဏလေး ... ကိုယ် ထိုက်တန်လေးကို အရမ်း ... ချစ်တယ်"

အရမ်း ... ချစ်တယ် ဆိုတဲ့ စကားကို ရှူးရှဲဆွဲငင်၍ ပြောလိုက်သံဟာ ထိုက်တန် နားထဲသို့ ပျားရည်မြစ်ပမာ။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားဟူသည်
ချုနိတိုက်ခိုက်ခံရစမြဲဖြစ်၏။
ချုနိတိုက်ခိုက်ခံရမှုဟူသည်
အထိနာစမြဲဖြစ်၏။



ဒုတိယနှစ်ကျောင်းသူတွေဖြစ်သော ထိုက်တန်နှင့် ဇလပ်တို့ ကိုယ့်ကားကိုယ်မောင်းပြီး ကျောင်းတက်ခွင့် ရကြပြီ။

ဇလပ်နဲ့ ထိုက်တန်တို့ အိမ်ကကားတွေကို တစ်လှည့်စီယူပြီး နှစ်ယောက်အတူ တက်ကြသည်။

မေဂျာတူပေမယ့် ခုံနံပါတ်တွေကို နာမည်အလိုက် …တာမို့ ထိုက်တန်တို့ ခုံနံပါတ်ချင်းဝေးကာ ပရက်တီကယ်လုပ်ချိန်မှာတော့ ကိုယ့်အဖွဲ့နှင့်ကိုယ် လုပ်ရသည်။

ဓာတ်လှမ်းက ပရက်တီကယ်မှာစတာ။

ဇလပ်က ဇလပ်တို့အဖွဲ့ထဲမှာပါသော ရဲခေါင်ယံဆိုသည့်ကောင်လေးနှင့် မတည့်။

"ရွှေဇလပ်ညို … နင်ဆွဲနေတာ ခုထိမပြီးသေးဘူးလား။ သူများတွေပြီးတာ ကြာပြီ။ နင့်ကိုပဲ အမြဲစောင့်နေရတယ်"

"ဟဲ့ … ငါက ဖြစ်ကတတ်ဆန်း ဆွဲတာမှ မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့ နင်ဆွဲတဲ့ပုံတွေက ဘယ်တုန်းကများ Best ရလို့လဲ။ အမြဲ Good နဲ့ပဲ နလုံးသွင်းနေရတာကို"

ကြည့်စမ်း ...။ ဒါ ဇလပ်ကို တည့်တည့်ချိုးဖဲ့လိုက်တာပဲ။ ပုံဆွဲသိပ်တော်တဲ့ ရဲခေါင်ယံကို တစ်ဖွဲ့လုံး ဘယ်သူမှမစော်ကားဘူး။ ဆရာတွေကတောင် သူတို့တစ်မေဂျာလုံးမှာ ရဲခေါင်ယံ ပုံဆွဲအတော်ဆုံးလို့ ချီးကျူးထားတာလေ။

ပုံဆွဲတော်ရုံမျှမက ပုံဆွဲမြန်လွန်းသော ရဲခေါင် သူ့ကို နိုပ်ကွပ်သည်ဟု ခံစားရသည်။

စုပုပ်ပုပ် ဂျစ်ကန်ကန်နှင့် ရဲခေါင်ယံဟာ သူများတွေကိုဆို ဘယ်တော့မှ အပြစ်မတင်တတ်ဘဲ ဇလပ်များရင်သာ ပြစ်တင်ကဲ့ရဲ့တတ်တာ။

သူမကိုကြည့်နေသော ရဲခေါင်ယံကို ခပ်စူးစူးပြန်ကြည့်လိုက်ပြီး ...

"မိန်းမတစ်ယောက်ကို ကိုယ်နဲ့ယှဉ်ပြီး ညံ့တယ်လို့ပြောတာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ အလုပ်မဟုတ်ဘူး ရဲခေါင်ယံ"

"ဘာ"

"ရဲခေါင် တော်တော့ကွာ၊ တစ်ဖွဲ့တည်းသားချင်းပဲ"





"ဇလပ် ... နင့်ပုံ ပြီးပြီမို့လား၊ ပေး ... ပေး၊ သွားထပ်ရအောင်"

ကြားထဲက သူငယ်ချင်းတွေ ဝင်ဖျန်ဖြေပေးပြီး ရဲခေါင်ယံကို ယောကျ်ားလေးတွေက ဆွဲခေါ်သွားသည်။

ဇလပ်နှင့် ခုံနံပါတ်ကပ်လျက်ဖြစ်သော ရွှေဆုက ...

"အဲဒီ ရဲခေါင်ယံက ဂျစ်ကန်ကန်ဟ၊ သူက ဘယ်မိန်းမကိုမှ ကြည့်လို့မရဘူးဆိုတဲ့ အချိုးမျိုး လုပ်ထားတာ။ တို့အဖွဲ့ထဲမှာ ဇလပ်က အချောဆုံးမို့လား၊ အဲဒါ သူက ဇလပ်ကို စိတ်မဝင်စားပါဘူးဆိုတဲ့ စတန့်ထွင်တာ"

"သူ့ကို ဘယ်သူက စိတ်ဝင်စားနိုင်ငို့လဲ"

"ဘယ်သူကမှ မနိုင်ဘူးလေ၊ သူက ချောတယ် လှတယ် ပေါ်ပြူလာဖြစ်တယ်ဆိုတဲ့ မိန်းကလေးတွေနဲ့တွေ့ရင် အမြဲ ပြဿနာရှာတတ်တယ်"

"မိန်းမလှကြောက်တဲ့ရောဂါ ရနေလားမှ မသိတာ"

"ဟား ဟား ဟား ... ဟုတ်မှာပေါ့"

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်နှင့် လေပ်တို့ လေပ်အိမ်မှာ စာအတူတွက်ချက် ကျက်မှတ်နေကြသည်။

"ဟဲ့ ... ထိုက်တန်၊ ဒီနှစ်တင်တဲ့ကင်းက ချောလည်းမချောဘူးနော်"

"အေးလေ၊ နှစ်တို့အဖွဲ့ထဲက ရဲခေါင်ယံကမှ ကင်းထက်ပိုချောသေးတယ်၊ ပြီးတော့ အဲဒီကင်းက စာလည်းမတော်ဘူးဟဲ့"

"တော်ပါ၊ ဒီရဲခေါင်ယံဆိုတဲ့အမည် မကြားချင်ပါဘူး"

"နင်တို့နှစ်ယောက်ကလည်း ဘယ်လိုဖြစ်ပြီး ကမ္ဘာရန်ဖြစ်သွားရတာလဲ"

"သူက ဘဝင်လေဟပ်ကောင်လေ။ သူမှတော်တယ်။ သူမှ တတ်တယ်နဲ့ ဘေးလူတွေကို အပြစ်ဖို့တဲ့ မျက်လုံးတွေနဲ့ပဲ ကြည့်ချင်နေတာ။ ငါကလည်း ငါ့ကို ဘလိုင်းကြီးလာ



ကြောတာလောက် မခံချင်တာ မရှိဘူး။ တော်ပြီ။ ဒီကောင့်အကြောင်း ပြောရတာ ပါးစပ်သနတယ်ဟာ။ မပြောတော့ဘူး။ စာကျက်ပျက်တယ်"

"နင် တနင်္လာနေ့တင်ရမယ့်ပုံ ပြီးပြီလား"

"မပြီးသေးဘူး၊ ငါ ပုံဆွဲလိုက်ဦးမယ်"

"ငါက ပြီးပြီ၊ နင် ပုံဆွဲနေတုန်း ငါ တွက်စာတစ်ပုဒ် တွက်နှင့်မယ်"

"အေး ... ကောင်းတယ်"

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲပြီးသွားတော့ ထိုက်တန်က လမ်းထိပ်ဆိုင်ကနေ အခွေတွေ ငှားလာသည်။

"ဇလပ်ရေ ... ခွေကြည့်မယ်ဟေ့"

"ငါက အက်ရှင်တွေပဲ ကြိုက်တာနော်"

"စိတ်ချ၊ ငါကလည်း အက်ရှင်မဟုတ်ရင် မငှားဘူး"

နှစ်ယောက်သား အခွေတွေ တစ်ခွေပြီးတစ်ခွေ ထိုင်ကြည့်ရင်း ဒေါသတွေ ထွက်နေသည်။

ကြည့်တော့ အက်ရှင်ကား။

ဓာတ်ကားတွေမှာ မင်းသား မင်းသမီးသာ တစ်ယောက်ပြီး တစ်ယောက် ပြောင်းသွားတယ်။ လူကြမ်းလုပ်သည့် ဗီလိန်ဓာတ်ကောင်က တစ်ယောက်တည်း။

ထိုလူကြမ်းဗီလိန်က တဏှာရူးသည့် ဓာတ်ဝင်ခန်းတွေ သရုပ်ဆောင်တာ ပီပြင်လွန်းလို့ သူမတို့ ဒေါသထွက်ကြတာ



"အဲဒီလူကြီးရုပ်က တကယ့် တဏှာရူးကြီးရုပ်ပဲနော်"

"အေး ... အပြင်မှာ ဘယ်လိုနေမလဲ မသိဘူး"

"မိန်းကလေးတွေကို အညွန့်ချိုးတဲ့အခန်းဆို ရုပ်ကြီးက ပိုပြီးပီပြင်တယ်။ မုန်းစရာ ကောင်းလိုက်တာဟာ"

သရုပ်ဆောင်ပီပြင်လွန်းတဲ့ ဗီလိန်တွေခမျာ အပြင်လောကရဲ့မုန်းတီးခြင်းကို ခံရစမြဲပဲလေ။ အမုန်းခံပေးတဲ့ ဗီလိန်တွေရှိနေလို့ မင်းသားတွေ ပြည်သူ့အချစ်ကို နေတာပါလားဆိုတာကိုတော့ ...။

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ထိုက်တန် ရင်တွေခုန်နေသည်။

ထိုက်တန် တစ်ယောက် လေပ်ကို မခေါ်ဘဲ ပလာစာကို ထွက်လာမိလို့လေ။

ကိုတေးနဲ့ ညစဉ်ဖုန်းတွေပြောရင်း ထိုက်တန် တစ်ယောက် ကိုတေးရဲ့သံယောဇဉ်ဝက်ပါမှာ ငြိချင်ချင် ဖြစ်လာသည်။

လေပ်ကိုလည်း အသိမပေးရဲ။ အသိမပေးရဲတာထက် အသိပေးချင်စိတ် မရှိတာ ဘာကြောင့်ပါလိမ့်နော်။

ခုတော့ လေပ်ကို ချန်ရစ်ကာ ထွက်လာမိသည်။

လာမည်ဟု ဖုန်းကြိုဆက်ထားသဖြင့် ကိုတေးက ပလာစာရှေ့မှာ ထွက်စောင့်နေသည်။

"ထိုက်တန်လေး"

"ကိုတေး … တိုက်တန် ပလာစာထဲ မဝင်ချင်ဘူး"

"ဟုတ်ပြီ … ဒါဆို စကားအေးအေးဆေးဆေး ပြောရအောင် ထိုက်တန်က ကန်တော်ကြီးထဲ မောင်းသွားလိုက်။ ကိုယ် ကားပြန်ယူပြီး လိုက်ခဲ့မယ်"





"အိုခေ"

ကန်တော်ကြီးဆိုတာ ချစ်သူ့နယ်မြေထဲမှာ တစ်ခု အပါအဝင်ဆိုပေမယ့် ပလာစာထက်စာရင် ကန်တော်ကြီးမှာက စက်ကွင်းပိုလွတ်သည်လေ။

ပလာစာမှာ လေပ်တို့ ကြီးစိုးတို့နှင့် တွေ့နိုင်သည်လေ။ ထိုသို့တွေ့လိုက်ရင် ဖြေရှင်းစရာ စကားလုံးမှ မရှိတာ။

လွတ်ရာလွတ်ကြောင်း သွားတာပဲ ကောင်းသည်။

ကရဝိတ်ထဲက ရေခဲမုန့်ဆိုတာ ထိုက်တန်တို့ကလေးဘဝထဲက သိပ်ခုံမင်ခဲ့တဲ့ အစားအစာလေ။

ရေခဲမုန့် မကုန်ခင် ကိုတေး ရောက်လာသည်။

"ကိုတေး … ဘာစားမလဲ"

"ကလေးနဲ့ လာမှတော့ ကလေးစားသလို ရေခဲမုန့်ပဲစားရတော့မှာပေါ့ကွာ"

"ညကျရင် မျှော်စင်ကျွန်းကို တစ်ခေါက်လာရဦးမှာ"

"ဟုတ်လား၊ ဘာလာလုပ်မှာလဲ"

"လက်ဖွဲ့ပွဲ လာကြည့်မှာလေ။ လေပ်နဲ့"

"နှစ်ယောက်တည်း"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩတယ်ကွာ၊ ကိုယ်တောင် ယောကျာ်းလေးဖြစ်ပြီး တစ်ခါမှ မကြည့်ဖူးဘူး"

"ဒါဆိုရင် MNL ပွဲတွေရော ကြည့်ဖူးလား"

"တီဗီကတော့ ကြည့်ဖူးတယ်"

"ဇလပ်နဲ့ ထိုက်တန်က သုဝဏ္ဏကွင်းမှာ သွားကြည့်တာ"

"တကယ်။ အံ့ရောကွာ။ အာဂလေးတွေပါလား။ ဘာလဲ စတန့်ထွင်ပြီး စတိုင်လ်ထုတ်တာလား"

"ဟင့်အင်း ... ဝါသနာကိုပါတာ"

"ကရာတေးခါးပတ်နက်တွေများ ရထားသေးလား"

"ထိုက်တန်တို့က ကြည့်ဖို့ပဲ ဝါသနာပါတာ၊ အသားအနာ ခံဖို့တော့ ဝါသနာမပါဘူး"

"ကောင်းတယ်။ တော်သေးတာပေါ့။ ကိုယ်တိုင် လက်ဖွေ့ မထိုးချင်တာ။ ဒါပေမဲ့ ဒီလိုပွဲတွေက ယောကျာ်းတွေဖဲ့ လာတာများတာ၊ မိန်းကလေးနှစ်ယောက်တည်း သွားလို့ တော့ မသင့်ဘူးကွာ"

"ဘာမှမဖြစ်ပါဘူး။ ကွင်းထဲမှာ သူ့လုံခြုံရေးနဲ့သူ ရှိနေ တာပဲ။ ဘလိုင်းကြီး လာစော်ကားလို့ရတဲ့ မင်းမဲ့တိုင်းပြည် မှ မဟုတ်တာ"





"နေ့ခင်းက ဟုတ်တယ်လေကွာ။ ညဘက်ကျတော့ မသင့် တော်ဘူးလေ"

"ထိုက်တန်တို့ သွားနေကျပါ။ ဘာမှမဖြစ်ပါဘူး"

"ကိုယ် စိတ်မချစရာ"

ထိုက်တန်က ပြုံးစိစိလုပ်နေသည်။

"မသွားရဘူးကွာ"

"အဲလိုပိတ်ပင်လို့ ရမလား"

"ချစ်လို့ စိုးရိမ်လို့ ပိတ်ပင်တာပဲ"

"အာ ... ကိုတေးနော်။ ဘာမှန်းလဲ မသိဘူး"

"မသွားဘူးလို့ ကတိပေး"

"ဇလပ်က အတင်းလာခေါ်မှာပဲ"

"အဲဒါဆို ကိုယ်လိုက်ခဲ့မယ်"

"ဒါဆို ဇလပ် ရိပ်မိသွားမှာပေါ့။ မလိုက်ပါနဲ့"

"ဒီည ကြည့်ကိုကြည့်မှာပဲလား"

"အင်း"

တေးက ခေါင်းတဆတ်ဆတ် ညိတ်သည်။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထဲက ကင်န်တီးမှာ လေပ်နဲ့ ထိုက်တစ်

ထိုင်နေတုန်း ကင်န်တီးထဲသို့ ရဲခေါင်ယံနှင့်အဖွဲ့ ဝင်လာသည်

မိန်းကလေး တော်တော်များများရဲ့ အကြည့်တွေ

ရဲခေါင်ယံရဲ့ မျက်နှာပေါ် ရောက်ကုန်တာ မုန်းစရာပင်။

ဘဝင်လေဟပ်နေတဲ့ ရဲခေါင်ယံကတော့ သူမ

တွေ့ပုံမရ။ သူမတို့စားပွဲနှင့် ကပ်ရပ်ဝိုင်းကို သူတို့အဖွဲ့က

ချယ်သည်။

သူမနှင့် ကျောချင်းကပ်ခုံမှာ ရဲခေါင်ယံက ဝင်ထိုင်

၏။ သူက ခုံကို သေချာကြည့်ပြီးတော့မှ အားရပါးရ ဝင်ထိုင်

လိုက်တာပင်။

သူ ထိုင်ချလိုက်တာက ရုတ်တရက်ကြီး လေဟာနယ်

ဖြစ်သွားကာ သူ့တင်ပါးနှင့် မြေပြင်မိတ်ဆက်သွားပြီး လူ

ပုံပျက်ပန်းပျက် လဲကျသွား၏။



ရယ်သံတွေ ခပ်ဝါးဝါးထွက်ပေါ်လာသည်။ တစ်ဖက်ဝိုင်းက ရယ်သံက အကျယ်ဆုံး။

"ဟင်"

ဟိုင်တိမ ရွှေဇလပ်ညို။ သင်းလက်ချက်ပဲ ဖြစ်မည်။ သေချာတာပေါ့။ သူ ဝင်ထိုင်လိုက်သည့်ခုံကို တမင်ဆွဲယူကာ သူ့ဖိုင်ကို တင်လိုက်ခြင်းပင်။

"ဒါ ဘာလုပ်တာလဲ ရွှေဇလပ်ညို"

"တိုက်ဆိုင်သွားတာပါ ရဲခေါင်ယံ။ ဆောရီး ... ဆောရီး"

သူမရဲ့ဆောရီးက ဝမ်းနည်းသံမပေါက်ဘဲ မရိုးမရွ ဖြစ်နေ၏။

"တောက်"

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထဲက လိုင်ဘရီမှာ စာအုပ်အပ်ပြီး ပြန်ထွက်လာကာ ကော်ရစ်ဒါထောင့်မှာထိုင်ရင်း ...

"ဇလပ် ... နင် ကြိုက်တယ်ဆိုတဲ့ ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂျွန်တယ်ရီလေ"

"တယ်ရီ ... တယ်ရီ ဘာဖြစ်လို့လဲ။ ဒဏ်ရာရသွားလို့လား။ ပွဲပယ်ခံရတာလား၊ ဘယ်ပွဲမှာလဲ။ ငါလည်းမသိလိုက်ရပါလား"

"နင် ထင်ရာတွေ ပြောမှာလား။ ငါ သတင်းပေးရမှာလား"

"ဟဲ ဟဲ ... ပြောစေ ပြောစေ"

"နင့်တယ်ရီက ဒုဿနသောကြီး"

"ဟင် ... ဘာလို့လဲ။ သူနဲ့ အသင်းတူကစားတဲ့ ဝိန်းဘရစ်ချ်မိန်းမနဲ့ ဖောက်ပြန်တဲ့ကိစ္စလား"





"တွေ့လား။ သိရက်သားနဲ့ ငါ့ကို ပြန်ဖောက်တယ်"

"ငါလည်း ဂျာနယ်ဖတ်ပြီးပြီနော်။ နင်က ဆရာကြီးလာလုပ်လို့ ငြိမ်နေပေးရသေး"

"အဲလို ဒုဿနသောကို နင် ကြိုက်သေးလား"

"အေး ... မကြိုက်တော့ဘူး။ သူ့သတင်းက ရွံစရာကောင်းတယ်ဟ။ ဒါက သူတို့နိုင်ငံဖြစ်နေကျကိစ္စမျိုး ဆိုပေမယ့် Celebrity တစ်ယောက် အဲလိုဖြစ်တာကျတော့ ရုပ်ဆိုးတာပေါ့။ ပြီးတော့ ငါတို့နိုင်ငံ ငါတို့လူမျိုးရဲ့ စည်းကမ်းအရကြည့်ရင် အဲဒီကိစ္စက သိပ်ရုပ်ဆိုးတာပဲ"

"အေးနော် ... ဝိန်းဘရစ်ချ် သနားပါတယ်"

"အံမယ် ... အခု သူကလည်း မော်ဒယ်လ်တစ်ယောက်နဲ့ တွဲနေပါပြီ"

"သူတို့ယဉ်ကျေးမှုနဲ့ သူတို့ကတော့ဟုတ်နေတာပဲနော်"

သူတို့နှစ်ယောက် ဘောလုံးသမားအကြောင်း ပြောနေတုန်း ဘေးက ရဲခေါင်ယံတို့ ဖြတ်သွားတာတောင် မသိလိုက်။

ရဲခေါင်က သူမတို့နှစ်ယောက်ကို နှာခေါင်းရှုံ့လိုက်ပြီး ...

www.burmeseclassic.com

"ဘယ်လိုဟာတွေမှန်း မသိဘူး။ ပြောလိုက်ရင် ဘောလုံးပွဲနဲ့ လက်ဝှေ့ပွဲအကြောင်းပဲ"

"သူတို့ဝါသနာကိုးကွ"

"တော်စမ်းပါကွာ။ ပုံစံတွေကိုက ယောကျ်ားလုံးလိုလို ပုံဖမ်းထားပြီး မျက်နှာက အမြဲပြောင်သလင်းခါနေတယ်။ မိန်းမဆိုတာ သနပ်ခါးဖြစ်ဖြစ် နည်းနည်းတော့လိမ်းသင့်တယ်ကွ။ ငါ့အဘွားဆို အမြဲသနပ်ခါးအမွှေးသားပဲ။ သနပ်ခါးမလိမ်းတဲ့မိန်းမက အပူရုပ်နဲ့ တူတယ် ဲ့"

"မင်းကလည်းကွာ။ ဒီခေတ်မှာ သနပ်ခါးပိန်းကြားနဲ့ ကျောင်းသူဆိုတာ တိုက်ဂေါ်တွေမှပဲ တွေ့ရတော့တာ၊ ခုခေတ်မိန်းကလေးတွေဆိုတာ လိမ်းထားမှန်း မသိသာအောင် လိမ်းတာကွ၊ နှီးရည်ဆိုလား တင်နာဆိုလား"

"တင်နာတော့ လိမ်းလို့ရမလားကွ"

"မသိဘူး၊ ငါ့အစ်မပြောတာ ကြားဖူးတာ"

"ဟုတ်တယ် ရဲခေါင်၊ ဒီကောင်ပြောတာ ဖြစ်နိုင်တယ်။ အသားအရေလှတဲ့ မိန်းကလေးတွေက သနပ်ခါးတို့ မိတ်ကပ်တို့ကို အများကြီး မလိမ်းကြတော့ဘူးကွာ။ သူတို့အလှကို Natural အတိုင်း ပြချင်ကြတာ"





"ဟုတ်တယ်ကွ။ ဝေးဝေးမကြည့်နဲ့။ ကွင်းနဲ့ ရွှေဇလပ်ညိုကိုပဲကြည့်။ ကွင်းက ပြင်ထားလွန်းလို့ လှပေမယ့် သူ့အလှက ပူလောင်တယ်။ ဟိုနေ့က အတန်းထဲမှာ ကွင်းနဲ့ ရွှေဇလပ်ညို ရှေ့ဆင့်နောက်ဆင့် ထိုင်နေတာ။ ရင်ထဲကို အေးမြစေတာက ရွှေဇလပ်ညိုရဲ့အလှပဲ"

"မေထိုက်တန်လေးကလည်း မိုက်တယ်နော်"

"တော်ပါကွာ၊ မင်းတို့ကသာ သည်းသည်းလှုပ်နေတာ ငါကတော့ ရွှေဇလပ်ညိုကို ကြည့်လို့ကို မရဘူး"

"အဲဒါ အစပဲ ရဲခေါင်။ အဲဒီက စတာပဲ"

"ဘာစတာလဲ"

"အချစ်လေ။ အချစ်ရဲ့အစ ကြည့်မရခြင်းကတဲ့။ မင်းမကြားဖူးဘူးလား"

"တော်စမ်းပါကွာ။ ဒီမှာ မင်းတို့မသေမချင်းမှတ်။ ငါကြည့်လို့မရဆုံး ရွှေဇလပ်ညိုဟာ ဘယ်တော့မှ ငါ့ချစ်သူ ဖြစ်လာမှာ မဟုတ်ဘူး၊ သဘောပေါက်"

"ရဲခေါင် ... ရဲခေါင် ... အပြောမကြီးနဲ့ သူငယ်ချင်း။ ဖိုနဲ့မဆိုတာ မမြင်နိုင်တဲ့ ဆွဲငင်အားတွေရှိတယ်ကွ။ ပြီးတော့ ဆန့်ကျင်ဘက် 'မ'က လှလှပပ ချော့ချော့လေးဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



မြှိုးခဲနဲ့ မင်းတို့နှစ်ယောက်ကြားထဲကို ဆွဲငင်အားတစ်ခု မသက်ရောက်လာနိုင်ဘူးလို့ မင်း အာမခံနိုင်ပါဘူးကွာ။ ဟား ဟား”

အားလုံး ဝိုင်းရယ်လိုက်သံက သူ့ကို စိန်ခေါ်လိုက်သလို။

♥ ● ♥





ကိုဒေးဟာ ထိုက်တန်နဲ့ ဇလပ် ကြည့်သူမျှဘောလုံးပွဲတွေ၊ လက်ရွေ့ပွဲတွေတိုင်းမှာ ဒိုင်လျှိုလေး လိုက်စောင့်ပေးလေ့ရှိတယ်။

ဒိုင်လျှိုဆိုတာက ဇလပ်မသိအောင် မနီးမဝေးက နေပြီး စောင့်ပေးတာမျိုးကို ပြောတာလေ။

တစ်ခါတလေ ညဘက်နှစ်နာရီခွဲမလောက်လာတဲ့ ပရီးမီးယားလိဂ်ပွဲကို ထိုက်တန် ကြည့်နေချိန် ကိုဒေးကလည်း သူ့အိမ်က တီဗီရှေ့မှာ ထိုင်ကြည့်ရင်း ထိုက်တန်ကြိုက်တဲ့အသင်းကို ထိုက်တန်နဲ့အတူ လိုက်အားပေးတတ်သေးတယ်။

ပြီးရင် ဘောလုံးပွဲအကြောင်း ဖုန်းထဲမှာ ဆက်ပြောကြတယ်။ မိုးလင်းတဲ့အထိပဲ။

ညနှစ်နာရီခွဲပွဲလို ညဉ့်နက်ပွဲတွေကြည့်မယ်ဆိုရင် ညဦးပိုင်းတည်းက အိပ်ထားကြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ကိုတေးက ထိုက်တန်ကို ဖမ်းစားမဖြေရှလာသည်။

ဒါပေမဲ့ ထိုက်တန်ကတော့ ကိုယ့်ရင်ခုန်သံကို ကိုယ်မယုံကြည်။

ဧလပ်က ကိုဒီဇင်ဘာကို စွဲလမ်းသလို ဆက်ကျော်သက်တို့ရဲ့ လျှပ်ပြေးရင်ခုန်သံမျိုးဖြစ်မှာ ကြောက်သည်။

ထိုက်တန် ကိုယ့်ကိုယ်ကိုယ် မသေချာသေး။

ကိုတေးကတော့ စိတ်ရှည်ရှာပါသည်။ ဖုန်းပြောတိုင်း အဖြေတောင်းတတ်ပေမယ့် စဉ်းစားပါရစေဦးဟူသော ထိုက်တန်၏ လက်သုံးစကားကို စောဒကမတက်ရှာ။

တစ်ခါတစ်ရံ ထိုက်တန်က မေးရမလားလို့ စိတ်ဆိုးတတ်သေးတာ။

"ဘာလို့ အမြဲမေးနေတာလဲ"

"ချစ်လို့ ... ပြီးတော့ ချစ်တယ်ဆိုတဲ့ အဖြေကို လိုချင်လို့"

နေ့စဉ် ကိုတေးနဲ့ ဖုန်းပြောနေကျ ဖြစ်သွားတော့ ဖုန်းမပြောလိုက်ရတဲ့ တစ်ရက်မှာ ထိုက်တန် တော်တော်လွမ်းသွားသည်။





ထိုနေ့က ထိုက်တန် ဖုန်းဘေလ်သွင်းတာ နောက်ကျလို့ ဖုန်းဖြတ်ခံသားရတာ။ ကိုတေးက ဖုန်းကို အကြိမ်ကြိမ်ခေါ်သော်လည်း ခေါ်မရ။ ထိုက်တန်ကလည်း ကိုယ့်ဖုန်းကိုဖြတ်ထားမှန်း မသိဘဲ ကိုတေး ဖုန်းမခေါ်ဘူးထင်ကာ စိတ်ဆိုးနေခဲ့တာ။

ထိုက်တန်က ကိုတေးကို ဘယ်တော့မှ ဖုန်းစခေါ်လေ့မရှိတာကြောင့် ထိုညက ထိုက်တန်နဲ့ ကိုတေး ဖုန်းမပြောရဘူး။

ထိုဖုန်း မပြောလိုက်ရတဲ့ တစ်ညဟာ ကမ္ဘာတစ်ခုခြားသွားသလား ထင်ရလောက်အောင် ကံ့နှုရိုလို လွမ်းပြီးသည့်နောက် ထိုက်တန်ဘဝမှာ ကိုတေး မရှိရင် မဖြစ်ဘူးလို့ သေချာသွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲမှာ ရဲခေါင်ယံနှင့် ဧလပ်က မျက်စောင်းထိုးနေရာလောက်ကျသည်။

သူမရှေ့မှာက ရွှေဆု။ စာမေးပွဲဖြေရင်းနှင့် စာလုံးပေါင်းတစ်ခုကို လျှာဖျားတင် မေ့နေသည်။

ရှေ့က ရွှေဆုကို အခန်းစောင့်ဆရာမ မသိအောင် လက်တို့မေးမိသည်။ ရွှေဆု အဖြေက အားရစရာ။

"ငါ အဲဒီတစ်ပုဒ်လုံးကို မရတာ။ ချန်ခဲ့တဲ့ထဲ ပါသွားလို့ဟ"

ခဏနေတော့ ရွှေဆုက သူမနှင့်ယှဉ်လျက် ဖြေနေရသော ရဲခေါင်ယံကို လှမ်းမေးပေးသည်။

ရဲခေါင်ယံက မေးခွန်းစာရွက် နောက်ကျောမှာ ပြန်ရေးပြီး ထောင်ပြသည်။

အဖြေကို လိုချင်တာက သူမမို့ အသည်းအသန် ကြည့်လိုက်မိ၏။





"သိချင်ရင် ငါ့ကို I love U လို့ပြော"

သေစမ်း။ ဒီတစ်လုံး မဖြေလိုက်နိုင်လို့ စာမေးပွဲ မကျဘူး။ ကျမယ်ဆိုရင်တောင် နင့်ကို သေတောင်မခေါ်ဘူး။

ရွှေဆုခမျာ ကြားထဲက ငထွားခါးနာ။

စာမေးပွဲခန်း အပြင်ရောက်မှ ရွှေဆုကို တောင်းပန်ရမည်။

ရဲခေါင်ယံ ... ရဲခေါင်ယံ ...

နင် လုပ်ထားဦးပေါ့ဟာ။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ရဲခေါင်ရယ်၊ ရန်လေးရယ်၊ ကျော်စွာရယ်၊ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ထွေရာလေးပါး ပြောနေကြတယ်။

"ဟား … စာမေးပွဲပြီးတော့လည်း စာကျက်စရာမရှိ၊ ပုံဆွဲစရာမရှိနဲ့ ပျင်းစရာကြီးကွ"

"ငါကတော့ မပျင်းဘူး။ စာမေးပွဲပြီးတော့ အချိန်ရသွားပြီ ရဲခေါင်"

"ဟ … ရန်လေး၊ တယ်ဟုတ်ပါလား။ ဘယ်ကလဲ။ ငါတို့ ကျောင်းကပဲလား"

"နီး … နီး၊ သူလေးက ငါတို့ရပ်ကွက်ထဲက အဆောင်မှာနေတာ"

"သြော် … နယ်ကပေါ့"

"ဟုတ်မယ် ထင်တယ်။ စီးတီးမာ့တ်မှာ အလုပ်လုပ်တယ်ကွ"

"အင်း"





"အဝေးသင်လည်း တက်တယ်။ ပြီးတော့ ငါတို့လမ်းထိပ်က ပညာဒါနဘုန်းကြီးကျောင်းမှာလည်း သင်တန်းတက်သေးတယ်"

"တော်တော့ ရန်လေး။ မင်း အဲဒီကောင်မလေးကို မလိုက်နဲ့တော့။ ရမှာ မဟုတ်ဘူး"

"မင်းပါစပ်ကလည်း ပုပ်စပ်နေတာပဲ ကျော်စွာရာ။ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ"

"ဟာ … ငါ တကယ်ပြောတာ။ မင်းကောင်မလေးလို ကျောင်းတစ်ဖက်၊ အလုပ်တစ်ဖက်၊ သင်တန်းတစ်ဖက်နဲ့ ဗျာများနေရလို့ သူ့ဟာနဲ့သူတောင် အချိန်မရတာ။ ဘယ်လိုလုပ် ရည်းစားထားချိန် ရှိမလဲကွ။ ပြီးတော့ သူ့အခြေအနေကို မင်း စဉ်းစားကြည့်။ ရတဲ့လခလေးနဲ့ အဆောင်စရိတ်၊ စားစရိတ်၊ ကျောင်းစရိတ်တွေကိုတောင် သူ့ခမျာ မနည်းခွဲတမ်းချနေရမှာ။ သင်တန်းတက်တာတောင် ပညာဒါနသင်တန်းပဲတက်တာ။ အဲလို ပိုက်ဆံကို ခြစ်ခြုတ်နေရတဲ့ ကောင်မလေး အများစုက ရည်းစားမထားနိုင်ကြဘူးကွ"

"ဘာဆိုင်လို့လဲ ကျော်စွာရာ"



www.burmeseclassic.com

www.burmeseclassic.com



“ဆိုင်တာပေါ့ကွ။ ရည်းစားထားပြီဆိုရင် ရည်းစားရှေ့မှာ လှလှပပ သပ်သပ်ရပ်ရပ်ကလေး ပြင်ချင်ဆင်ချင် ဝတ်ချင် စားချင်တာပဲကွ၊ ပြင်ဖို့ ဆင်ဖို့ ဝတ်ဖို့ စားဖို့ ဆိုတာ ပိုက်ဆံအနည်းနဲ့အများတော့ ကုန်တာပဲ။ အေး … သူတို့မှာက ငွေကိုတိုင်းထွာသုံးနေရတော့ ရည်းစားတောင်မထားနိုင်ရှာဘူး”

“မင်းက သိလှချည်လား ကျော်စွာ”

“သိတာပေါ့ ရဲခေါင်။ ငါ တစ်ခါခံရပြီးပြီကိုး။ ငါ ပထမနှစ်က အဲလိုကောင်မလေးတစ်ယောက်ကို လိုက်ဖူးတယ်။ အဲလိုအခြေအနေတွေကြောင့် မရခဲ့ဘူးကွ”

“ဩော် … ဂလိုကိုး။ ကဲ … ရန်လေး၊ လက်ခံလိုက် လက်ခံလိုက်”

“မင်း ပြောတာ ယေဘုယျဆန်ပါတယ် ကျော်စွာရ။ ရည်းစားထားမယ့် မိန်းကလေးလည်း ရှိချင်ရှိနိုင်တာပဲ။ ဥပမာ … ငါလိုက်မယ့် ကောင်မလေးပေါ့”

“ကံစမ်းမဲ နှိုက်ချင်ရင်တော့နှိုက်။ မင်းကျမှ ကံထူးရင်တော့ မပြောတတ်ဘူးပေါ့ကွာ။ ဒါပေမဲ့ အဲလိုအခြေအနေနဲ့ မိန်းကလေးအများစုက ငါပြောသလိုပဲကွ”





“အေး … ငါ ကံစမ်းကြည့်လိုက်ဦးမယ်၊ ကောင်မလေးကတော့ တော်တော်ချစ်စရာကောင်းတာကွ”

“လိုက်တာတော့ လိုက်ပေါ့ကွာ၊ ဒါပေမဲ့ ငါ တစ်ခုတော့ ပြောချင်တယ် ရန်လေး”

“ငါ့ကို တားဆီးမယ့် စကားလုံးတွေတော့ မပြောနဲ့ ရဲခေါင်၊ ငါ ဆုံးဖြတ်ပြီးပြီ”

“မင်းကို ငါ မတားပါဘူး၊ ဒါပေမဲ့ မင်းကောင်မလေး အခြေအနေကို မင်းသိတယ်၊ မင်း သူ့ကို တကယ်ချစ်လို့ တစ်သက်လုံး လက်တွဲဖို့ ရည်ရွယ်ရင် ငါ မတားဘူး။ အပျော်တွဲချင်တာ ဆိုရင်တော့ မလုပ်ပါနဲ့ကွာ။ ကောင်မလေး သနားပါတယ်”

“ရဲခေါင် ပြောတာလည်း မှန်တယ် ရန်လေး။ မင်း အဲဒါတော့ စဉ်းစားသင့်တယ်”

ရဲခေါင်နှင့် ကျော်စွာ ဝိုင်းပြောတော့ ရန်လေး ငြိမ်သွားသည်။ တစ်ခါတစ်ရံ ကိုယ်က အပျော်ငှက်ပစ်ထွက်တယ် ဆိုပေမယ့် ငှက်ကလေးခမျာမှာက တကယ် သေပေးရရှာတာလေ။ ကိုယ့်ရဲ့အပျော်ရှာမှုဟာ သူတစ်ပါးရဲ့ဘဝတစ်ခုလုံး ပျက်စီးသွားတာနဲ့ ညီမျှနေရင် အပျော်ရှာသူဘက်က တရားပါ့မလား ? ။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကားဂိတ်မှာ ရွှေဆုကို သွားအရှာ ကျောင်းကားပေါ်က ဆင်းလာသော ရဲခေါင်ယံကို တွေ့ရသည်။

ရဲခေါင်ယံကို ကြည့်ရတာ တအားကြီး ရေလျှံမယ့် ပုံစံမျိုး မဟုတ်ပါ။

အရမ်းနွမ်းဖတ်တာမျိုးလည်း မဟုတ်ဘဲ သာမန်လူတန်းစားလောက်ပဲဆိုတာ သိသာနေသည်။

ထိုနေ့က အတန်းထဲမှာ ဆရာတစ်ယောက်နဲ့ တစ်ယောက် ချိန်းတဲ့အချိန်ပေါ့။

ဇလပ်က တမင်ပင် ...

"ရွှေဆု ... ငါက ကျောင်းပြီးရင် ဆောက်လုပ်ရေးလုပ်ငန်း လုပ်မယ်လို့ စဉ်းစားထားတယ်၊ အိမ်အလှဆင်လုပ်ငန်းလေးရောပေါ့ဟာ"





"ဟယ် ... အဲဒါဆိုရင် နင့်အလုပ်မှာ ငါ့ကို လစာကောင်းကောင်းနဲ့ အလုပ်ခန့်။ ငါ့မှာက အလုပ်လုပ်ဖို့ အရင်းအနှီး မရှိဘူးဟဲ့"

"အေး ... အဲဒါဆို ငါ နင့်ကို အလုပ်ခန့်မယ်။ အင်း ... ငါက ပုံဆွဲတာ သိပ်မတော်ဘူးဆိုတော့ ပုံဆွဲတော်တဲ့သူ တစ်ယောက်လောက်တော့ Assistant ခန့်မှ ဖြစ်မှာဟ"

ထိုစကားကိုတော့ ရဲခေါင်ကို ညစ်ကျယ်ကျယ်လှမ်းကြည့်ပြီး ပြော့ပစ်လိုက်သည်။

"တောက် ... ဒီမိန်းမတော့ကွာ"

အရေးထဲ ရန်လေးကတစ်မျိုး။

"ရဲခေါင် ... မင်းကို လက်ထောက်ခန့်ချင်တာလား မသိဘူး ... အဟီး"

www.burmeseclassic.com



ဒီနှစ်အကယ်ဒမီပေးပွဲက မန်ယူပွဲနှင့် တိုက်နေတာမို့အိမ်မှာ ဇလပ်နှင့် မေမေတိုက်ပွဲဝင်နေသည်။ ဖေဖေကပါ ဇလပ်ဘက်ကို ပါတာမို့ နှစ်မဲတစ်မဲ မဲသာနေ၏။

သို့သော် မေမေကတော့ ခပ်တည်တည်ပင် အကယ်ဒမီပေးပွဲဖွင့်ပြီး Romote ကို ကိုင်ထားတာမို့ ဇလပ်ဘာမှမကြည့်ရ။ ထိုက်တန်ဆီ ဖုန်းလှမ်းခေါ်ကာ ...

"ထိုက်တန် အိမ်မှာ မေမေ မောင်ပိုင်စီးထားလို့ ငါ မန်ယူပွဲ မကြည့်ရဘူး၊ နင်ရော"

"အနုတ်လက္ခဏာပဲဟေ့။ အိမ်မှာလည်း မေမေက အကယ်ဒမီပွဲ ကြည့်နေတာပဲ။ ငါတို့ကပ်လို့တောင် မရဘူး။ နာတာပဲဟာ။ မန်ယူနဲ့ ဘိုင်ယန်ပွဲဟ"

"အေးလေ"

နှစ်ယောက်သား စိတ်ပျက်လက်ပျက်နဲ့ မအေတွေကို ကြည့်နေကြသည်။





မကြည့်ရက်သော ဖေဖေက ...

"ငါ့သမီးလေး သနားပါတယ်ကွာ။ လာဟေ့ ငါတို့သား အဖအပြင်မှာ သွားကြည့်ကြမယ်"

"ဟေး ... ဒါမှ တို့ဖေဖေကွ"

"အစ်ကို ... ရှင့်သမီး ရောင့်တက်အောင် အားပေးအားမြှောက်လုပ်နေတာလား။ မိန်းကလေးနဲ့ ဘောလုံးပွဲ ဘာဆိုင်လို့တုန်း"

"ငါလည်း ကြည့်ချင်လို့ကွ။ ငါ သွားကြည့်မှာမို့လို့ ခေါ်သွားတာပါကွာ"

"ရှင် ကျပ်ကျပ် အလိုလိုက်။ ရှင့်သမီး တစ်သက်လုံး ယောကျာ်းလုံး ဖြစ်သွားလိမ့်မယ် ... ဟွန်း"

မေမေ ပွားနေတာကို လျစ်လျူရှုကာ ...

"လာပါ ဖေကြီးရာ၊ သွားရအောင် ပွဲကစနေပြီ၊ ဩော် ... ထိုက်တန်ကို ဝင်ခေါ်လိုက်ဦးမယ်နော် ဖေကြီး"

"အေး ... အေး ... ခေါ်"

"ဟင်း ... ထိုက်တန်ကိုဝင်ခေါ်ရင်၊ မမိုးနဲ့ရှင် တွေ့လိမ့်မယ်နော် အစ်ကို"

"အေး ... တွေ့တာပေါ့ကွာ၊ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက တော်သော်သဘောကောင်းတာပဲဟု တွေးမိသည်။

ထိုက်တန်ကိုတော့ မုန့်သွားစားမလို့ဟု ပြောကာ ခေါ်တော့ ကြီးမိုးနှင့် ဖေဖေ မတွေ့ရတော့ဘဲ ဖေဖေပါသဖြင့် အစစ်အဆေး အမေးအမြန်းမရှိ ခွင့်ပြုလိုက်သည်။

ထိုညက ဖေဖေက စားသောက်ဆိုင်မှာ စားချင်တာ မှန်သမျှလည်း ကျွေးသေးသည်။

ဘောလုံးပွဲဖွင့်ထားတာမို့ ဆိုင်ထဲမှာ ယောက်ျား အများစုသာရှိသည်။

သို့သော် ထိုယောက်ျားတွေရဲ့ အသံကို ဖုံးလွှမ်းကာ ထိုက်တန်နှင့် ဇလပ်အသံမှာ ညံနေသည်။

အရေးထဲ ထိုက်တန်ကို ကိုတေးက ဖုန်းဆက်နေသေးသည်။

"ဟဲလို ... နောက်မှ ပြန်ဆက်လိုက်မယ် ကိုတေး"

ဇလပ်က ဘောလုံးပွဲကို မဲနေသဖြင့် စိတ်မဝင်စား၍ တော်သေးသည်။

လေးလေးကလည်း ဘာသိဘာသာမို့လို့ တော်သေး။

"ဟာ ... သွားပြီ"





ဇလပ် အော်လိုက်မှ လှမ်းကြည့်လိုက်တော့ ဘိုင်ယန်မြူးနစ်အသင်းက မန်ယူကို တစ်ဂိုးစသွင်းသွားပြီ။

မန်ယူဘက်က အားပေးသူတွေမို့ မန်ယူအသွင်းခံရတော့ စားစရာတွေတောင် ဆက်မစားနိုင်။

ပွဲပြီးတော့ မန်ယူ ရှုံးသည်။

"ကွာ ... ဘာဘာတော့ အသုံးမကျလို့ လွတ်သွားတဲ့ ဂိုးတွေ အများကြီး။ မရှုံးသင့်ဘဲ ရှုံးတာကွာ"

သူတို့နှစ်ယောက် တွတ်ထိုးနေတာကို ဖေဖေကပြုံး၏ ...

"ကဲ ... ကဲ ... စားစရာ ရှိတာတော့ စားကြဦး"

"စားတောင် မစားချင်တော့ဘူး ဖေဖေရာ။ ရှုံးနိုက နာသွားသေးတယ်"

"ဟား ဟား ... ငါ့သမီးတွေကတော့ စံပဲကွာ။ တကယ် ဘောလုံးသရဲတွေပဲ။ ကဲ ... စား စား ညဉ့်နက်သွားရင် မေမေ စိတ်ပူနေလိမ့်မယ်"

ထိုက်တန်က အိမ်ရောက်မှ ကိုတေးဆီ ဖုန်းဆက်ကာ အကျိုးအကြောင်း ပြောပြရသည်။

မန်ယူ ရှုံးလို့ စိတ်ညစ်သည်ကွယ်။

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ကျောင်းရောက်တော့ ကျောင်းသူအများစုက အကယ်ဒမီပေးပွဲအကြောင်း ပြောနေကြတယ်။

"ငါက အေးမြတ်သူဝတ်တဲ့ ဝတ်စုံလေးကို အရမ်းကြိုက်တာပဲ"

"ချစ်သုဝေကလည်း ဝတ်လာတာ ချစ်စရာလေးနော်၊ ရှိုးရှိုးယဉ်ယဉ်လေး"

စသဖြင့် ဘယ်မင်းသမီးက ဘယ်သို့။ ဘယ်မင်းသားကဖြင့် ဘယ်လိုနှင့် ဝေဖန်ရေးနှင့် လေကန်ရေးလုပ်နေကြသည်။

ရွှေဆုကလည်း ...

"ငါကတော့ ဟိန်းဝေယံလေးပဲ ကြိုက်တယ်"

"ဟင်း ... နင်က ဟိန်းဝေယံ ဘယ်လိုနေနေ ကြိုက်နေတာကို"

"ဇလပ်ရော"





"အဟီး ... ငါ ဘာမှမသိလိုက်ဘူး။ ညက ငါနဲ့ထိုက်တန်က မန်ယူပွဲ သွားကြည့်တာဟ၊ မန်ယူရှုံးလို့ ညစ်လာတာ"

"နင်တို့ကတော့ ဒါပဲ။ ငါကတော့ ဗီလိန်မြကြီး အကယ်ဒမီရတာ မကျေနပ်ဘူး"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ငါလည်း အဲဒီမြကြီးကို သိပ်ရွံတာပဲ"

ဇလပ်က နားစွန်နားဖျားကြားပြီး ...

"ဘာ ... ဘယ်သူ အကယ်ဒမီရတာ"

"ဗီလိန်လုပ်တဲ့ မြကြီးလေဟာ။ နှာခေါင်းရဲရဲနဲ့ မျက်နှာမှာ ကျောက်ပေါက်မာတွေနဲ့လေ။ သူ သရုပ်ဆောင်လိုက်ရင် သူများမယား ပြစ်မှားတာတို့။ သူများသမီးပျိုလေးတွေ စော်ကားတာတို့ များတယ်လေ"

"ငါ သိတယ်၊ သူက အကယ်ဒမီရတယ်၊ မတန်လိုက်တာဟယ်"

တစ်ယောက်ကတော့ ဖြေပြောလေး ထပြောရသည်။

"သရုပ်ဆောင်တာလေဟယ်၊ သဏ္ဌာန်လုပ် သရုပ်တူရတာပဲပေါ့။ ဇာတ်ပို့ဆိုတာကတော့ ဒီလိုပဲဟ၊ ကျရာနေရာက ပို့ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပို့ပဲ ပို့နိုင်လွန်းပါတယ်ဟယ်။ သူက ဒီအခန်းတွေချည်းပဲ သရုပ်ဆောင်တာ များပါတယ်"

သူတို့ တစ်ယောက်တစ်ပေါက် ပြောနေတုန်း ရဲခေါင်ယံက အနားက ဖြတ်သွားသည်။ ဇလပ်ကတော့ ရဲခေါင်ယံ ရောက်လာမှ တမင်မျက်နှာလွှဲကာ ...

"ဘယ်လိုပဲဖြစ်ဖြစ်ဟာ ငါကတော့ ဇီလိန်မြကြီးကို မုန်းတယ်၊ သိပ်ရွံဖို့ကောင်းတာပဲ"

"တောက်"

ရဲခေါင်ယံက တက်ခေါက်ကာ ခပ်စူးစူးတစ်ချက် ကြည့်သွားသည်။

"ဟဲ့ ... ဇလပ်၊ ရဲခေါင် အနားရောက်မှ နင် အဲလိုပြော လိုက်တော့ သူ့ကို စောင်းပြောတယ် ထင်သွားလား မသိဘူး"

"စောင်းပြောတာပဲကို၊ ဟာဟ ... ထင်ပစေပေါ့"

"ဇလပ် ... နင် ရဲခေါင်ကို ဘာလို့ အဲလောက် အမြင် ကတ်နေတာလဲ"

"ရောင်ပြန်ဟပ်တာ နေမှာပေါ့၊ သူကလည်း ငါ့ကိုကြည့် ရတာမှ မဟုတ်တာ"



"ဟဲ့ ... နင်တို့နှစ်ယောက်ကလေ ချင်းစိမ်းနဲ့ မိသလင် လို သူကြင်မှ ကိုယ်ကြင်ပေါ့၊ ဟုတ်လား"

"အံမယ် ... မကြင်နိုင်ပါဘူး၊ အဲလိုကို မနှိုင်းနဲ့သိလား၊ ငါ့သမိုင်းမှာ ရဲခေါင်ယံ ဆိုတဲ့ ကျောက်စာဟာ ဘယ်ကဏ္ဍ မှာမှ ပါမှာမဟုတ်ဘူး သိလား"

"အပြောမကြီးနဲ့ မရွှေဇလပ်ညို၊ တော်ကြာ First year လေးတွေလို ကိုကိုခေါင် ... ကိုကိုခေါင် ဖြစ်နေဦးမယ်"

"ပုပ်လိုက်တဲ့ နင့်ပါးစပ်ကြီးကို Oral-B နဲ့တိုက်ပစ်လိုက် စမ်း မိရွှေဆု၊ တော်ပြီ အဲဒီကောင်အကြောင်း ဒီလောက် ပြောမိတာတောင် ပါးစပ်သနတယ်၊ ကဲ ... ဆက်ပြောပါ ဦး၊ မနေ့ညက အကယ်ဒမီပွဲအကြောင်း"

"ဗိုင်းစုလေးက ..."

ဘယ်သူကဘာ။ မင်းသမီးတွေက အခြောက်တွေ ... ပွဲတက်လာတာ။ မင်းသားတွေကတော့ သူတို့ဇနီးတွေ ခေါ်လာတာ။ ခပ်ရှုပ်ရှုပ် နာမည်ထွက်နေတဲ့ ဟိုမင်းသားကတော့ သူ့ဇနီးကို ခေါ်မလာတာ စသဖြင့် အကယ်ဒီပေးပွဲမကြည့်သော ... တောင် အကယ်ဒမီပေးပွဲအကြောင်း စေ့စေ့စပ်စပ် သိလိုက်ရသည်။

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



မနက်လေးနာရီပဲ ရှိသေးသည်။ ထိုက်တန်ရဲ့ဖုန်းလေးက ဆူညံစွာ အသံပေးလာသည်။

အသံကြားရုံဖြင့် ကိုတေးဆီက ခေါ်တာမှန်းသိသည်။ Ring tone ကို ခွဲထားတာကိုး။

အိပ်ချင်မူးတူးဖြင့် ဟယ်လိုလိုက်တော့ ...

"ဟိတ် ... ချစ်စရာကောင်းတဲ့ ကောင်မလေး၊ အိပ်ရေးပျက်သွားပြီလား"

"အာ ... ကိုတေး၊ ဘာလဲကွာ"

"ဒီနေ့ ကိုယ့်မွေးနေ့ကွ။ ပြီးတော့ ကိုယ့်ကိုမွေးတာက သုံးနာရီလေးဆယ့်ငါးမိနစ်ဆိုတော့ အဲဒီအချိန်တိတိထပြီး မွေးသမိခင်နဲ့ မွေးသဖခင်ကို ရည်မှတ်ကန်တော့၊ ဘုရားရှိခိုးပြီး ချစ်တဲ့ကောင်မလေးဆီ ဖုန်းဆက်ချင်စိတ်ကတားမနိုင် ဆီးမရ ဖြစ်လာတာနဲ့ ဆက်လိုက်တာ"





"အွန်း ... Happy Birthday နော်၊ ဒါပဲမို့လား၊ ထိုက်တန်ဖုန်းချလိုက်တော့မယ်နော်"

"ဟာ ... နေပါဦး"

"မရတော့ဘူး ကိုတေးရာ၊ ထိုက်တန် အိပ်ချင်နေပြီ"

"မရက်စက်ကြေးကွာ၊ ကိုယ့်မှာ ဖုန်းဆက်တဲ့ကိစ္စကိုတောင် မပြောရသေးဘူး"

"ကဲ ... ပြော ပြော၊ မပြီးတော့ဘူး၊ တစ်ခါတည်း စိတ်တိုလာပြီ"

"မွေးနေ့ရှင်ကို စိတ်မတိုကောင်းဘူးလေ၊ ထိုက်တန် ကိုယ့်ကို မွေးနေ့လက်ဆောင်ပေးရမယ်နော်"

"အင်း ... ပေးပါမယ်"

"တကယ်လား ... ဘာပေးမှာလဲ"

"ပေးမယ် ... ပေးမယ်၊ ရရင် ပြီးရောပေါ့"

"မပြီးဘူး၊ ကိုယ်လိုချင်တာ ပေးရမယ်"

"အင်း ... အင်း"

"တကယ်နော်"

"အင်း ... မနက်ကျမှတွေ့မယ်၊ See U ဗျာ၊ အိပ်ချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်နေပြီမို့ မြန်မြန်အင်းကာ ဖုန်းချလိုက်၏။ တစ်ဖက်မှာ တေးကတော့ အပျော်ကြီး ပျော်နေ၏။

မနက်ကျတော့ ကိုဒီကို ခပ်တည်တည်နှင့် ထိုင်ကန်တော့ပစ်လိုက်သည်။

"ဟာ ... ကိုတေး၊ ဘာလုပ်တာလဲ"

"ဒီနေ့ ကျွန်တော့်မွေးနေ့လေ။ မိဘတွေ မရှိမှတော့ ကိုဒီကို မိဘအမှတ်နဲ့ ကန်တော့ရတာပေါ့"

"ဟာကွာ၊ မင်း တစ်နှစ်မှ မကန်တော့ခဲ့ဘဲ ဘာအရူးထတာလဲ"

"ဆုမပေးဘဲ ဘာတွေပြောနေတာလဲ"

"မင်း မရိုးသားဘူး ကိုတေး။ အကြံအစည်တစ်ခုခုတော့ ရှိရမယ်"

"ရော် ... ကန်တော့တာတောင် တလွဲထင်ခံရပါလား၊ ဘဲ အဲလိုထင်နေမှတော့ မထူးပါဘူး၊ ဘိုင်ပြတ်နေသခိုက်မို့ ငွေရေးကြေးရေးလေး မ,စလိုက်ပါဦး။ သူငယ်ချင်းတွေနဲ့ လိမ့်မလို့"

"ဟင်း ... ငါ ထင်သားပဲ၊ ရိုးရိုးသားသား တောင်းလည်း ရပါတယ်ကွ"





"အဲသော် ... ကန်တော့ချင်လို့ပါဆို"

"ကဲပါ ... ရော့ ... ရော့"

"တစ်သိန်း ... ဒီတစ်သိန်း ဘာလုပ်ရမလဲ၊ နံတောင်မဆွတ်ဘူး"

"ဟာ ... မင်း ဘာတွေသုံးမှာမို့လို့လဲ၊ ပိုက်ဆံရှာရတာ မလွယ်ဘူးနော်"

"ကျွန်တော် ဘယ်တုန်းက သုံးဖူးလို့လဲ ကိုဒီရာ၊ ဒီတစ်ခါ သုံးစရာရှိလို့ တောင်းနေတာ"

"ဘယ်လောက် ယူမှာလဲ"

"မများပါဘူး၊ ငါးပုံးထဲ"

"မင်းကြီးတော်၊ ငါးပုံးက မများဘူးလား"

"သုံးစရာရှိလို့ပါဆို"

"ရော့ ... ရော့ ... ငွေဆိုတာ သုံးတော့သာလွယ်တာ၊ ရှာရတာ ဘယ် ..."

"ဟိုး ... ဟိုး ... ကိုဒီ၊ တစ်ခါတလေ စိတ်အေးလက်အေး သုံးပါရစေဗျာ၊ Move ပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ကားသော့ကောက်ကိုင် ပြေးထွက်သွားသော ညီဖြစ်သူ့ကိုကြည့်ကာ ဒီဇင်ဘာ ပြုံးပြုံးကြီး ကျန်ခဲ့၏။ ကားပေါ်ရောက်တော့ လှမ်းအော်သွားသေးသည်။

"လူပျိုကြီးတွေရဲ့ ရစ်သမ်တွေကို ခံနိုင်ရည်မရှိသေးဘူး ဗျို့"

♥✿♥





မဟာဌာနီ ဆိုတဲ့ ဆိုင်ကလေးဟာ လှပကာ ချစ်စဖွယ်လေးနဲ့ အေးချမ်းဆိတ်ငြိမ်သည့် ဆိုင်လေးပါ။

ခင်းဆမ်းတွေ အားပါးတရ စားနေသော ကောင်မလေးကလည်း ချစ်စရာ ကောင်းတာပဲ။

ဆံပင်တိုအုပ်အုပ် မျက်နှာနုဖောင်းဖောင်းကလေးဟာ သူ့မျက်လုံးထဲမှာတော့ ကလေးပိစိလေးလို ချစ်စရာကောင်းနေပါသည်။

ပါးဖောင်းဖောင်းတွေကို သူ မနမ်းချင်ဘူး။ မနှာကျင်အောင် ချစ်စနိုးနဲ့ ကိုက်ပစ်ချင်တဲ့အထိ အသည်းယားနေမိသည်။

ပလာဇာမှာ စတွေ့ကတည်းက ဆရာကြီး ဆိုက်တင်ခမ်းတတ်တဲ့ လေပ်ထက် ထိုက်တန်ကို သူ ပိုပြီးသတိပြု ခင်မင်မိကာ သူမတို့နဲ့ အဆက်အသွယ် ပြတ်သွားချိန်မှာ သူ့ရင်ထဲက အချစ်တွေ ရုတ်တရက် မွေးဖွားလာခဲ့တာပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်နှင့် သူ့ကို ပြန်လည်ဆုံစည်းစေခဲ့တာ
တော့ ကံကြမ္မာက ပြန်ပေးတဲ့လက်ဆောင်လို့ သူ ယူဆသည်

ပြီးတော့ သူနဲ့ထိုက်တန် ဖူးစာပါလို့ ပြန်ဆုံခွင့်
တာဟု ခံယူကာ ...

"ကိုတေး ... ဘာတွေ ငိုင်နေတာလဲ"

သူ့မြင်ကွင်းရှေ့မှာ လက်ဝါးလေးဖြန့် ဘယ်ည
ယိမ်းပြီး ခေါ်တော့မှ သူ အသိတွေ အတွေးတွင်းထဲက ပြန်
ထွက်လာသည်။

"ဩော် ... ထိုက်တန်ကို တစ်စထက်တစ်စ ပိုပြီးချစ်လာ
မိတာကို ပြန်တွေးနေတာ"

ထိုက်တန်က ကော်ပြန့်တစ်ဖတ်ကို ကိုက်နေရင်း

"ကိုတေးကလည်း၊ ဒါပဲပြောနေတာပဲ"

"ချစ်တာကိုးဗျ"

"ကဲ ... ရော့၊ ကိုတေးဖို့ မွေးနေ့လက်ဆောင်။ ဘယ်
မွေးနေ့ရှင်မှန်း မသိဘူး။ မွေးနေ့လက်ဆောင်တောင်းတယ်"

"ဟာ ... ဘာကြီးလဲ"

"သိချင် ဖွင့်ကြည့်"

"မလိုချင်ဘူး"



"ဘာဖြစ်လို့လဲ"

"ကိုယ်လိုချင်တာ ပေးမယ်ဆို"

"ဟင် ... ကိုတေးက ဘာလိုချင်တာလဲ၊ ဒုက္ခပါပဲ၊ ပိုက်
ဆံနှစ်ခါကုန်တော့မယ်၊ မရဘူးကွာ၊ ဒါပဲယူ၊ ကိုတေး
ကြိုက်မှာပါ၊ ဖွင့်ကြည့်ပါဦး"

"ဒီလို လူလည်ကျလို့ ရကြေးလား"

"ဘာလဲ"

"ကိုယ် လိုချင်တာက ချစ်တယ်ဆိုတဲ့ အဖြေလက်ဆောင်
ပဲ"

"ဟာ"

"ဟိတ် ... ပေးမယ်လို့ ပြောထားတယ်နော်"

"ဘာလဲ၊ ဘယ်တုန်းက ပြောလို့လဲ"

"ဖုန်းထဲမှာ"

"ဟာ ... မသိတော့ဘူး၊ အိပ်ချင်မူးတူးနဲ့ ပြောလိုက်တာ
ထင်တယ်၊ မမှတ်မိတော့ဘူး"

"မရဘူးကွာ"

"ကိုတေး"

"ကိုယ့်မွေးနေ့မှာ ကိုယ်စိတ်ချမ်းသာမယ့် လက်ဆောင်
မပေးနိုင်ဘူးလား ? "

www.burmeseclassic.com

www.burmeseclassic.com



"ထိုက်တန်က ငယ်သေးတယ်"

"တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူက ငယ်သေးလို့လား"

"ဟို ... ထိုက်တန် ကြောက်တယ်"

"ကိုယ်က ကြောက်စရာကောင်းလို့လား"

ထိုက်တန်ရဲ့စတော်ဘယ်ရီရောင် မျက်နှာကလေးက သူ့ကိုရင်မဆိုင်ဘဲ ခပ်လွှဲလွှဲနှင့် ...။

ထိုအရှက်သည်းပုံလေးက သူ့ရင်မှာ ဂန္ဓဝင်ရုပ်ရှင် ပြကွက်တစ်ခုလို မော်ကွန်းတင်နေမှာ သေချာသည်။

မဟာဗ္ဗာနီးက ဖွင့်ထားတဲ့ ပြင်သစ်တေးသွားလေး ကလွဲရင် သူတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်လို့။

တေးကမ္ဘာက တူတစ်စုံကိုကောက်ပြီး ခင်ဆမ်းတင် ဖတ် တူနှင့်ညှပ်ကာ သူမရဲ့နှင်းဆီရောင်နှုတ်ခမ်းငုံထက်သို့ –

"ကိုယ့်ကိုချစ်ရင် စားလိုက်နော်"

အဲဒီလိုနဲ့ ကမ္ဘာပေါ်မှာ လှပတဲ့ အချစ်တစ်ခု ဖူး ပွားခဲ့ပေါ့။

♥ ✿ ♥



ကိုတေးနှင့် ချစ်သူတွေဖြစ်ပြီးမှ လောကကြီးက ဗိုသာယာလာသလို ဘဝတစ်ခုလုံး ပိုပြီးအဓိပ္ပာယ်ပြည့်စုံလာတယ် လို့ ထင်မိတာ မှားလားဟင်။

အချစ်ဆိုတာ ကိုတေးနှင့် သူမအတွက်တော့ သာယာ ချမ်းမြေ့စရာ နာမ်စားတစ်ခုပါ။

သူမအပေါ် ကလေးပေါက်စလေးလို ချစ်ရှာတဲ့ ကိုတေးဟာ သူမပတ်ဝန်းကျင်က လူတွေလို ယောကျ်ားလုံးတစ် ယောက်လို မဆက်ဆံဖူးဘူး။

သူမပြောတဲ့ စကားလုံးတိုင်းကို အပြစ်မတင်ဘဲ ကလေးတနက် နားထောင်တတ်တာလည်း ကိုတေးပဲ။

"ရှော့ပင်တွေ အဝတ်များတဲ့ ကိုယ့်ငယ်လေးကို လုံချည် ဝတ်ပါလို့ ကိုယ် မတိုက်တွန်းတာဟာ ငယ်လေးကို ချစ် လို့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်လေး ဘယ်လိုပဲ ဝတ်စားနေထိုင်သည်ဖြစ်ပါစေ၊ ငယ်လေးဟာ တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ကိုတေး နားလည်တယ်"

ကိုတေးနဲ့ သူမကြားမှာ နားလည်မှုတွေအပြည့်။ သူမကတော့ သူမကိုယ်သူမ ကံကောင်းတယ်ဟု ယုံကြည်ခဲ့ပြီး၊ ကိုတေးနဲ့ သူမအကြောင်းကို ဇလပ်ကို ပေးမသိဖြစ်ခဲ့တာဟာ ကိုတေးဟာ ကိုဒီဇင်ဘာ့ညီ ဖြစ်နေလို့ပါပဲ။

သူမ ဇလပ်ကို ပြောချင်စိတ် လုံးဝမရှိသဖြင့် တမင်ဖုံးထားခဲ့တာပါ။

♥ ✿ ♥





လက်ထဲမှာရှိတဲ့ ကျောင်းသားကတ်ကလေးကို ကြည့်ပြီး ရဲခေါင်ယံ ပြုံးလိုက်သည်။

အင်မတန် နမော်နမဲ့ နိုင်လှသည့် ငတိမ။ ခုတော့ အဖွဲ့ခံရတော့မည်။

ကျောင်းသားကတ်ထဲက ဓာတ်ပုံမှာတောင် မျက်နှာက စူပုပ်ပုပ်နှင့်။

သူ ဒီကျောင်းသားကတ်ကို ကောက်ရတာ တစ်ပတ်ပြည့်ပြီ။ သူမ ကျောင်းသားကတ်ကို သူမ သတိမထားမိဘူးလား မသိ။ ကျောင်းတက်ရင် ကျောင်းသားကတ် ယူလာရတာမို့ မသိဘဲ တော့မနေ။ သူမ ရှာတော့ ရှာနေမှာပဲ။

ကျောင်းရဲ့နို့တစ်ဘုတ်အနား မယောင်မလည်သွား ရပ်ကာ လူအလစ်မှာ ကျောင်းသားကတ်နှင့် စာရွက်တစ်ရွက် သွားကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းသား/ကျောင်းသူ အပေါင်းတို့ရှင်

အထက်ပါဓာတ်ပုံရှင်သည် စိတ်မနှံ့သူ ဖြစ်ပါ၍ဖြင့် သတိဝီရိယထားကာ ဆက်ဆံကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

ပုံ/-

ဇလပ်ညို"

နို့တစ်ဘူတ်နားမှစွာကာ ခပ်တည်တည်ဖြင့် အတန်းသွားတက်နေလိုက်သည်။

သိပ်မကြာလိုက်ပါ။ စာသင်ချိန်တစ်ချိန် မကုန်ခင်မှာပင် သူတို့အခန်းဝ၌ ကျောင်းသားတချို့ ပြုံးစိစိနဲ့ ရစ်သီရစ်သီ လုပ်လာကြသည်။

"ကိုယ့်ကိုယ်ကိုယ်တော့ ကြော်ငြာမယ် မထင်ဘူးကွ"

"ကိုယ့်ကိုယ်ကိုယ် စိတ်မနှံ့မှန်း သိရင်တော့ အခြေနေက သိပ်မဆိုးသေးဘူးကွ"

တစ်ယောက်တစ်ပေါက်ဆိုက အသံထွက်လာသည်။ ကံဆိုးချင်တော့ ထိုနေ့က အတန်းဆက်တိုက်တက်ရသည်။ ထမင်းစားချိန် အတန်းဆင်းတော့ သူတို့အခန်းရှေ့မှာ လူတော်တော်အုံနေပြီ။





ကင်န်တီးသွားဖို့တောင် လူအုပ်ကို မနည်းတိုးထွက်ရသည်။

ထမင်းစားပြီး အတန်းပြန်စတက်တော့ ဇွဲဇလပ်ညို အခန်းထဲမှာ ဘီလူးကကနေသည်။

"ဘယ်သေနာကောင်က လက်ကမြင်းသွားလည်းမသိဘူး။ ကျောင်းသားကတ်ကောက်ရရင် လာပြန်ပေးပေါ့။ ထမင်းကျွေးပြီး လမ်းစရိတ်တောင် ပေးလိုက်ဦးမယ်၊ အခုဟာက ငါ့ကိုကြောက်လို့ ပေါ်တင်မဖိုက်ဘဲ လက်သီးပုန်းထိုးတာ"

နောက်ဆုံး သူမပြောလိုက်တဲ့စကားက အရှိုက်ကိုထိ၏။

"လူတစ်ဖက်သားကို နောက်ကွယ်ကနေ ဓားနဲ့ထိုးတာဟာ သူရဲဘောကြောင်တဲ့သူတွေရဲ့ လုပ်ရပ်ပဲ"

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ စိတ်တွေလေးနေသလိုပဲ။ အိပ်ရာကအထမှာ လူက စိတ်သိပ်မကြည်လင်။

ရေချိုးအဝတ်အစားလဲပြီး ထမင်းစားခန်းဘက် ထွက်လာတော့ ဖေဖေရော မေမေပါ ရောက်နေသည်။

"သမီးငယ် နိုးပြီလား"

"ဆိုင်လိုက်ခဲ့ပါလား သမီး"

ဖေဖေနှင့် မေမေက တစ်မျိုးစီ နှုတ်ဆက်သည်။

"မလိုက်ချင်ဘူး မေမေ"

ကိုဒီဇင်ဘာနှင့် မျက်နှာချင်း မဆိုင်ချင်တော့တာမို့ ပလာဇာကို ခြေဦးမလှည့်ဖြစ်တာ မဇီ ယောက်ျားမယူခင်ကတည်းက။

ထမင်းစားပွဲပေါ် ချထားသောဖုန်းက ထမြည်သည်။ မဇီဆီကပဲ။ ဖေဖေသိမှာစိုး၍ ဖုန်းလိုင်းမမိချင်ယောင်ဆောင်ကာ ဝရန်တာဘက် ထွက်ပြောရသည်။





"ဟယ်လို ... မဇီ ပြော"

"ညီမလေး ဇလပ်လား"

"ရှင် ... ဟုတ်ကဲ့၊ ကိုသော်မိုးလား၊ မဇီ ဘာဖြစ်လို့လဲ၊ ဆေးရုံတက်ပြီလား၊ မွေးပြီလား၊ ဘာလေးလဲ၊ ဂျူးဒိတ်က လိုပါသေးတယ်"

"ဇလပ် ... ဇီဇဝါ ဆုံးပြီ"

"ရှင်"

"ဟုတ်တယ်၊ ခု ဗဟိုအမျိုးသမီးဆေးရုံမှာ။ ကလေးလည်း မရလိုက်ဘူး"

"ကိုသော်မိုး ... ဟုတ်ရဲ့လား၊ ဘယ်လိုဖြစ်ဘာလဲ၊ ဂျူးဒိတ်က လိုသေးတယ်လေ။ ဘယ်လိုဖြစ်တာလဲ"

"ဟုတ်တယ်၊ ညကဗိုက်နာတယ်ဆိုလို့ ဆေးရုံပို့လိုက်တာ။ ဆေးရုံရောက်ပြီး ဒီမနက် သုံးနာရီမှာ ဆုံးတယ်၊ ကလေးလည်း မရှင်ဘူး၊ အီး ... ဒါပဲ ဇလပ်"

ကိုသော်မိုး ဖုန်းချသွားတော့ ဇလပ် ငိုယိုရင်း ...

"အဖေ အမေ ... မဇီ ဆုံးပြီတဲ့"

"ဘာ"

"ဟဲ့ ... ဘာပြောလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဇီ ... အီးဟီး ... မစီရေ"

"သမီး ... အငယ်မ၊ ဟုတ်ရဲ့လား သမီးရယ်၊ အမေ့ကို သေချာပြောပြစမ်း သမီး"

"မဇီ ဆုံးပြီတဲ့၊ ညက မိုက်နာလို့ ဆေးရုံတင်တာ၊ ဒီမနက် ဆုံးတယ်တဲ့ ကလေးလည်း အသက်မရှင် ဟီး ဟီး"

"အမယ်လေး ... သမီးကြီးရယ်"

အမေက ခွေကျကာ သတိလစ်သွားသည်။ အဖေကနေရာမှာ ကြက်သေ,သေနေပြီ။

"အမေ ... အမေ ... အဖေကြီး လုပ်ပါဦး၊ မေမေ ဘာဖြစ်လဲ မသိဘူး"

ထိုအခါမှ လှုပ်နှိုးခံရသူပမာ သတိဝင်လာသော အဖေက အမေ့ကို ကောက်ပွေ့လိုက်ပြီး ...

"မိုက်လုံးကြီးတဲ့ သမီး၊ မိုက်ဇာတ်သိမ်းရပြီကွယ်"

အဖေ့ရဲ့ ငိုသံပါကြီးကို မကြားရက်သော်လည်း ...။

♥ ✿ ♥





မဇီမျှာ နေ့စေ့လစေ့ကြီးနဲ့ အိမ်မှုကိစ္စနဲ့ လျှော်တာဖွပ်တာတွေ လုပ်နေရမှတော့ ဘယ်ကောင်းနိုင်ပါတော့မလဲ။ နေခဲ့ရသည့် အခြေအနေက ရွှေအိမ်စံမင်းသမီးဘဝလေ။

ငယ်စဉ်ကတည်းက နည်းနည်းလေး ကျောပူခေါင်းပူ ထတာတောင် မိဘတွေက ကလေးပွေ့ပြီး အထူးကုသမားတော်ကြီးတွေဆီပြေးတာ။ တစ်သက်လုံး စားခဲ့ရတာက ဆီဦးထောပတ်လေ။

ယောက်ျားရကာမှ ယောက်ျားရှာထားတဲ့ တက္ကစီမောင်းခဝင်ငွေကို ချဉ်ပေါင်ရည်ကျဲကြော်ပြီး မီးဖွားစရိတ်စုသတဲ့။ မိုးပျံနေတဲ့မိုက်ကို ရပ်ကွက် ဆေးခန်းလေးမှာတောင် ပုံမှန်မပြနိုင်တဲ့ရက် ရှိသတဲ့။ သေပြီပေါ့။ ရွှေအိမ်စံမင်းသမီးဘဝက ခင်းရဲ တဲ့သူမ ဒီဒဏ်တွေကို ဘယ်ခံနိုင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မဇီ သေရတာဟာ အာဟာရချို့တဲ့လို့ ကျန်းမာရေး စောင့်ရှောက်ခံမှုနည်းလို့ ဆိုတာတွေထက် ပိုပြီး အဓိကကျတာက ငွေကြေးချို့တဲ့မှုပါပဲ။ မဇီ ဘဝလေးကို ဖျက်ဆီးချေမှုပစ်လိုက်တာဟာ သွယ်ဝိုက်ပြောရရင် သူမ ကိုးကွယ်တဲ့ အချစ်ကပဲ ဖျက်ဆီးပစ်လိုက်တာပါ။

ရှုးမိုက်ရမယ့်အရွယ် မဟုတ်ပါဘဲ မိုက်ရူးရဲဆန်စွာ အချစ်ကို ကိုးကွယ်ခဲ့လို့ မဇီ အသက်စွန့်လိုက်ရတာ။

အချစ်ကို ကိုးကွယ်ပြီး ဆင်းရဲတွင်းထဲ ခုန်ဆင်းတယ်။ ချစ်ပဲချစ်တတ်ပြီး ဆင်းရဲတွင်းထဲမှာ အဆင်သင့်စောင့်နေတဲ့ ဒုက္ခဆူးခြောင့်တွေကို ကာကွယ်ဖို့ ခွန်အားမရှိခဲ့တဲ့ မဇီ မလှပစွာ ဘဝနိဂုံးချုပ်သွားပြီလေ။

မဇီကို နမူနာယူမိတဲ့ ဇလပ်ရဲ့နှလုံးသားဟာ အချစ်ကို တန်ဖိုးမထားတတ်တော့ဘူး။

သူ့နှလုံးသားဟာ ပထမတစ်ခါ ကိုဒီဇင်ဘာကြောင့် သေခဲ့ရပြီးပြီ။

အခု မဇီကြောင့် တစ်ခါထပ်သေရပြန်ပြီ။

နှစ်ကြိမ်နှစ်ခါသေထားတဲ့ နှလုံးသားမှာ အချစ်ကို ပေါက်ဖွားဖို့ ခွန်အားမရှိတော့ဘူး။





အချစ်ကို လက်ခံမွေးမြူနိုင်စွမ်းလည်း မရှိတော့ဘူး။

အချစ်ကို ကိုးကွယ်ပြီး မသေချင်ဘူးလေ။

အချစ်ကို ကျောခိုင်းပြီး ပျော်ပျော်နေသွားဖို့ပဲ ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ ...

ဇလပ်မသိတဲ့ အရာတစ်ခုကတော့ ...

အချစ်ဆိုတာ ကိုယ်လိုချင်တိုင်း မွေးဖွားလိုက်လို့ မရသလို မလိုချင်တိုင်း နှင်ထုတ်ပစ်လို့လည်း မရဘူးဆိုတာပါပဲ။

အချစ်ဆိုတာ နှလုံးသားကို ချုံခိုတိုက်ခိုက်သိမ်းပိုက်တတ်ကြောင်း ဇလပ်မှ မသိတာ။

ဇလပ် ကျောခိုင်းချင်နေသော အချစ်ကတော့ ဇလပ်နှလုံးသားထဲကို ခြေတစ်လှမ်း စလှမ်းနေခဲ့ပြီးဖြစ်သည်။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ကိုတေးနှင့် ထိုက်တန်ဟာ မဟာဌာနီးမှလွဲ၍ ဘယ်နေရာကိုမှ မသွားပါ။

သူတို့နှစ်ယောက်ရဲ့ ချစ်သူဘဝမှာ ညဘက် ဖုန်းပြောပြီး တစ်ခါတစ်ရံ မဟာဌာနီးမှာချိန်းကာ ကော်ဖီအတူသောက်ရုံကလွဲလို့ ဘယ်ကိုမှ ခြေမဆန့်ခဲ့။

ကိုတေးကတော့ ချစ်သူလက်ကိုဆွဲပြီး ချစ်သူတွေလျှောက်သော ကန်ပေါင်လိုနေရာမျိုးမှာ လမ်းလျှောက်ချင်သည်။

ချစ်သူနဲ့အတူ ရုပ်ရှင်ကြည့်ချင်သည်။

ချစ်သူ ပူဆာသမျှ လိုက်ဝယ်ပေးရင်း ချစ်သူနဲ့အတူ ရှော့ပင်ထွက်ချင်သည်။

ထီးတစ်ချောင်း အတူဆောင်းပြီး မိုးရေထဲမှာ လမ်းလျှောက်ချင်သည်။

ချစ်သူနဲ့အတူ ရွှေတိဂုံဘုရားသွားပြီး ပန်းရေချမ်းတွေ ကပ်လှူပူဇော်ချင်သည်။ သို့သော် ...





ထိုက်တန် ဆိုသော ကလေးမကို ဘယ်ကိုမှခေါ်လို့မရ။

"ကိုတေးရယ် ... ငယ်လေးတို့ လျှောက်သွားတုန်း တစ်ယောက်ယောက် မြင်သွားမှာ ငယ်လေး ကြောက်တယ်၊ ပြီးတော့ ဖေလပ် သိမှာကို ပိုကြောက်တယ်။ ခုဆို ဖေလပ်က အချစ်ဆိုတာကို လုံးဝလက်မခံဘူးလေ"

"ဘာလို့လဲ"

"ဟိုလေ ... ဘာ ... ဘာမှမဟုတ် ...."

"ငယ်လေး ... ကိုတေးကို ညာမလို့လား၊ ကိုတေးဟာ ငယ်လေးကိုယ်ပွား မဟုတ်ဘူးလား"

"သူများအကြောင်း မပြောချင်ဘူး ကိုတေးရယ်"

"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဖေလပ် အချစ်ဆိုတာကို လက်မခံတာက သဘာဝမကျဘူး"

"ကိုတေး မသိလို့နော်၊ အချစ်က သူ့ကို ဒုက္ခပေးတယ် ကိုတေးရယ်"

"ဟင့်အင်း ... အဲဒီအယူအဆကကို မှားနေတာ။ အချစ်ဆိုတာ ဂေါ်ဇီလာကြီးလား။ လက်ခြောက်ဖက်နဲ့ ထူးဆန်းသတ္တဝါကြီးလား။ ချစ်ခြင်းမေတ္တာ ဆိုမှတော့ လူကိုဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မလား။ အမုန်းကမှ လူကိုဒုက္ခပေးသေးတယ်။ အချစ်ဆိုတာ သူ့ဘာသာ သီးသန့်ဖြစ်တည်နေတဲ့ နူးညံ့ခြင်းပါ။ အချစ်နဲ့ ပတ်သက်ပြီး အကျိုးအကြောင်းတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုရင် အဲဒီအကျိုးအကြောင်းတွေဟာ ဖန်တီးသူနဲ့ပဲ ဆိုင်တယ်။ အချစ်ကြောင်း ခံစားရတာလို့ ပြောလို့ရပေမယ့် အချစ်က လုပ်ငန်းမှ မဟုတ်တာ ...

မှတ်ထား ငယ်လေးရဲ့၊ လူတစ်ယောက်ရဲ့ဘဝကို အချစ်က သိမ်းပိုက်ထားတာ မဟုတ်ဘူး၊ လူတစ်ယောက် ရှင်သန်ရပ်တည်ဖို့ သဘာဝတရားကြီးက ဦးနှောက်နဲ့နှလုံးသားကိုထည့်ပေးလိုက်ပြီးသား။ နှလုံးသားနဲ့ချစ်ပြီး ဦးနှောက်နဲ့ ကျိုးကြောင်းဆင်ခြင်တတ်ရင် လူ့ဘဝကြီးက နေပျော်ပါတယ်ကွာ။ အဲဒီတော့ လူ့ဘဝမှာ နေပျော်ဖို့ အချစ်ကိုလည်း တစ်စိတ်တစ်ပိုင်းတော့ လိုအပ်ရမယ်။ အချစ်မရှိတဲ့ဘဝက ဘီးတစ်ဘီးမပါတဲ့ကားလို ပြည့်စုံမှာ မဟုတ်ဘူး"

"ကိုတေး ပြောတော့လည်း ဟုတ်သလိုလိုပဲ"

"သလိုလိုမနေနဲ့၊ အပြည့်အဝ ထောက်ခံစမ်းပါ"

"ထောက်ခံပါတယ်ဗျာ၊ တကယ်တော့ ဧလပ်ဘဝက အချစ်ကို စိတ်နာစရာ ဖြစ်ခဲ့တာ။ ဟုတ်ပြီ ... သူ့အတွက်





ကိုတေး အကြံပေးနိုင်အောင်လို့ သူ့အကြောင်း ကိုတေးကို ပြောပြမယ် ...

ဒီလို ကိုတေးရ၊ သူ ဆယ်တန်းအောင်ကာစတုန်းက အစ်ကိုကြီးတစ်ယောက်ကို ချစ်မိတယ်။ အဲဒါနဲ့ အဲဒီ အစ်ကိုကြီးရှိရာ အယောင်သွားသွားပြပေါ့လေ။ မိန်းမ နောက်ပိုးနည်းနဲ့ ပိုးတယ်ဆိုပါတော့။ ဒါပေမဲ့ အဲဒီအစ်ကိုကြီး သူ့ကို အထင်လွဲတာလား၊ အထင်သေးတာလား မသိဘူး။ အမြဲ ခပ်ရှင့်ရှင့်ပဲ ဆက်ဆံတယ်၊ အဲဒီလိုနဲ့ သူ အဲဒီလူကို စိတ်နာတဲ့အထိ ဖြစ်သွားပြီး သူ့အချစ်ကို သင်္ဂြိုဟ်ပစ်ခဲ့တယ်။ သူ ဆယ်ကျော်သက်အရွယ်မှာ စိတ်ကစားချစ်နဲ့ ချစ်ခဲ့လို့ ထင်ပါတယ်။ ခုဆို သူ မေ့နိုင်သွားပြီ ...

နောက်တစ်ချက်က သူ့အစ်မက မျက်နှာမွဲတစ်ယောက်နဲ့ လက်ထပ်လို့ သူ့အိမ်က အမွေဖြတ်လိုက်တယ်။ အချစ်ကို ကိုးကွယ်ပြီး ခိုးရာလိုက်သွားတဲ့ သူ့အစ်မခမျာ ဆင်းဆင်းရဲရဲနဲ့ ကလေးမမွေးနိုင်ဘဲ သေသွားတယ်လေ"

"အင်း ... ငယ်လေး ပြောသလိုဆိုရင် အဓိကတရားတွေက အချစ် မဟုတ်ဘူး။ ဧလပ်က သူချစ်ခဲ့ဖူးတဲ့အချစ်ကို မေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်ဆိုရင် ဒါဟာ အချစ်စစ် မဟုတ်သေးလို့ပဲ။ စိတ်ကစားတာ သက်သက်ပဲ။ စိတ်ကစားရာကရတဲ့ ရလဒ်ဟာ အချစ်ကပေးတဲ့ ဆိုးကျိုးမှ မဟုတ်တာ။ အချစ်မှာ အပြစ်မရှိဘူး၊ ပြီးတော့ သူ့အစ်မကိစ္စ။ အချစ်ကိုကိုးကွယ်ပြီး ဆင်းရဲတွင်းထဲ ခုန်ဆင်းလို့ သူ့အစ်မ သေရတာမှမဟုတ်တာ။ ဒါဆိုရင် ဆင်းရဲတဲ့ ကိုယ်ဝန်ဆောင်မိခင်တိုင်း သေကုန်မှာပေါ့။ ကိုယ့်ကိုယ်ကိုယ် ကျန်းမာရေးစောင့်ရှောက်မှုညံ့လို့ ဖြစ်ရတဲ့ ဆုံးရှုံးမှုမှာ အချစ်ကို အဆိုးစာရင်းထဲ သွင်းလို့တော့ ရပါ့မလား။ ကံကြမ္မာဆိုတာလည်း ရှိသေးတယ်လေ ငယ်လေးရယ်”

“ဟုတ်တယ်နော်၊ တစ်နေ့နေ့တော့ ခုလိုမျိုး သူ့ကိုပြန်နှစ်သိမ့်နိုင်အောင် ကိုတေး စကားတွေကို မှတ်ထားရမယ်”

“ဟဲ ဟဲ ... ငယ်လေးချစ်သူက ပညာရှိကြီးပေါ့”

“မြှောက်မိတာ မှားပြီ”

“ဘာပဲဖြစ်ဖြစ် ကိုယ့်ကို အကြံပေးခတော့ ပေးသင့်တယ်”

“ကိုတေးနော်”

တေးက စာစောင်တစ်ခုကို အကာအကွယ်ယူကာ နှုးညံ့မို့ဖောင်းသော ပါးလေးကို ခပ်ဖွဖွ ကိုက်ပစ်လိုက်၏။





ဒါ သူ အသည်းယားတိုင်း လုပ်နေကြပါ။ ရှက်စနိုးနဲ့ ငုံ့သွားတဲ့ မျက်နှာလေးကို လိုက်ငုံ့ကြည့်ရင်း သူတို့နှစ်ဦးကြားမှာ အချစ်တစ်ခုက ငြိမ်းချမ်းစွာ။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ဇလပ်စိတ်ထဲမှာ ရဲခေါင်ယံကို သံသယဝင်မိသည်။ သူမ ကျောင်းသားကတ်ကို နို့တစ်ဘုတ်မှာကပ်ပြီး အရှက်ခွဲတာ ဟာ ရဲခေါင်ယံပဲ ဖြစ်ရမယ်။

ရဲခေါင်ယံသာ မဟုတ်ဘဲ တခြားယောကျ်ားတစ်ယောက်ယောက်ဆိုရင် ဇလပ်ကို မျက်နှာလို မျက်နှာရ လုပ်ချင်တာကြောင့် ကျောင်းသားကတ်ကို လာပြန်ပေးမှာပဲ။

မိန်းကလေး ကောက်ရရင်လည်း လာပြန်ပေးမှာပါ။ မိန်းကလေးချင်း ဒီလိုတော့ အရှက်ခွဲမှာ မဟုတ်။

ဘယ်ဘက်ကတွေးတွေး ...

ညာဘက်ကတွေးတွေး ...

တရားခံက ရဲခေါင်ယံဟုသာ သေချာလျက်။

ဒီတော့ ရဲခေါင်ယံကို အကြွေးပြန်ဆပ်နိုင်ဖို့ ဟာကွက်ချောင်းနေမိသည်။ ဒါပေမဲ့ ဟာကွက်မတွေ့ဘဲ နာကွက်တွေသာ ပိုပြီးတွေ့လိုက်ရတယ်။





ရဲခေါင်ယံဆီမှာ ဟာကွက်တွေ့နိုင်ဖို့ ရဲခေါင်ယံကို အနီးကပ် လေ့လာရတာပေါ့။

ထိုသို့လေ့လာရင်း ရဲခေါင်ယံ သူမအပေါ်ထားတဲ့ စိတ်ဓာတ်ကို သိလိုက်ရတယ်။

တစ်နေ့ သူတို့ကျောင်းဝင်းပြင်ပမှာ ဒေါင်ထိုင်နေကြတယ်။ (ဒေါင် = လက်ဖက်ရည်ဆိုင်)

အဝင်ဝဘက်ကို ကျောပေးပြီး Star Sport ကလာနေတဲ့ ဘောလုံးပွဲကို ကြည့်နေကြတော့ သူမ ဆိုင်ထဲဝင်လိုက်တာကို သူတို့မသိဘူး။

"ရဲခေါင် ... ကျော်စွာက ချွဲဇလပ်ညိုကို စိတ်ဝင်စားလို့တဲ့"

ရန်လေး ပြောလိုက်တဲ့ စကားသံက သူမနားထဲ ဝင်လာတယ်။ ဝင်မှာပေါ့။ နားစွင့်နေတာကိုး။

"အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ"

ရဲခေါင်ယံရဲ့ တုံ့ပြန်သံက ခပ်ရင့်ရင့်ပဲ၊

"ဩော် ... မင်းရဲ့အချစ်တော်ကြီးကို ကျော်စွာ စိတ်ဝင်စားတာ မင်း ဘယ်လိုသဘောရလဲလို့ပါ"

"စိတ်ကို မဝင်စားတာ။ သူ့ကို စိတ်မဝင်စားပေမယ့် ကျော်စွာ ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကိုယ့်သူငယ်ချင်းကိစ္စအနေနဲ့ နည်းနည်းအတွေး ထဲ ရောက်ချင်ရောက်မယ်။ ကျော်စွာ စိတ်ဝင်စားနေတာ က သူ ဖြစ်နေတဲ့အတွက် ဘယ်လိုမှ မနေဘူး။ ကျော်စွာ စိတ်ဝင်စားတာ သူ မဟုတ်ဘဲ တခြားသူဆိုရင်လည်း ဒီ တိုင်းပဲ"

"မင်း ဘာလို့ အရှည်ကြီး ရှင်းပြနေတာလဲ"

"မင်းမေးခွန်းက ငါ့ကို စော်ကားနေတယ်၊ မှတ်ထား ... ရွှေဇလပ်ညို ဆိုတာ ငါ့ရဲ့ဘယ်အကန့်မှာမှ စာရင်းမရှိ ဘူး"

"မင်း အပြောမကြီးနဲ့ ရဲခေါင်။ အထိနာတတ်တယ်"

"ရဲခေါင်ယံ နဲ့ဘာ မဖြစ်နိုင်တဲ့စကားကို ဘယ်တော့မှ မပြောဘူးကွ"

သူတို့ရဲ့စကားဦးက တခြားအကြောင်းအရာတွေဆီ သမ်းသွားပေမယ့် သူမနားထဲမှာတော့ ...

"ရွှေဇလပ်ညို ဆိုတာ ငါ့ရဲ့ဘယ်အကန့်မှာမှ စာရင်းမရှိ ဘူး"

ဆိုတဲ့ စကားသံက Repeat တက်သလို ထပ်တလဲလဲ ကြားယောင်နေသည်။





လက်ဖက်ရည်ဖိုး ပိုက်ဆံရှင်းပြီး ပြန်ထွက်လာတဲ့ အထိ သူတို့ သူမဆိုင်ထဲ ဝင်လာတာကို သတိမထားမိကြဘူး။

ထိုနေ့က ရဲခေါင်ယံရဲ့စကားသံကသာ သူမကို စိုးမိုးထားပြီး သူမ နားတွေတောင် အူလာတယ်။

ရဲခေါင်ယံဟာ ဘယ်သူ့ရှေ့မှာမဆို သူမကို စာရင်း မသွင်းကြောင်း၊ ဘယ်နယောက်လောက်များ ပြောပြီးနေပါလိမ့်။

သူမစိတ်ထဲမှာ ဆုံးဖြတ်ချက်တစ်ခု ခိုင်မာသွားတယ်။ ရဲခေါင်ယံရဲ့နှုတ်ဖျားမှာ တန်ဖိုးမဲ့ခဲ့ရတဲ့ သူမရဲ့အမည်အတွက် သူမ ရဲခေါင်ယံကို ပြန်လျော်ခိုင်းရမယ်။

သူမ ပြန်လိုချင်တဲ့ လျော်ကြေးက

"ရဲခေါင်ယံရဲ့ နှုတ်ဖျားထက်မှာ သူမအမည်ကို တဖွဖွ တသသ တမ်းတစေလိုခြင်း"

ဟုတ်တယ်။ အဲဒီလျော်ကြေးကို သူမ မရ,ရအောင် ပြန်ယူရလိမ့်မယ်။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဇလပ်၊ နင် ရဲခေါင်ကို စိတ်ဝင်စားတယ် ဟုတ်လား"

"ဟုတ်တယ် ထိုက်တန်"

"နင်နဲ့သူ ဒီလောက်မတည့်တာကြီး။ ပြီးတော့ နင်ပဲ သူ့ကို တအားမျက်မုန်းကျိုးနေပြီးတော့"

"ဟုတ်တယ်၊ ငါ သူ့ကို အရမ်းမုန်းတယ်၊ ခုလည်း ချစ်လို့ စိတ်ဝင်စားတာမှ မဟုတ်တာ"

"ဟင် ... ဘာလဲဟ"

ဇလပ်က ထိုက်တန်ကို အဖြစ်သနစ်စုံ ရှင်းပြလိုက်သည်။

"ငါ့ကို စာရင်းထဲ မထည့်တဲ့သူကို ငါမရှိလို့ မဖြစ်အောင် လုပ်ပေးရမှာပေါ့၊ ပြီးတော့ သူ့ကို ငါ ပါးပါးလေးပညာ





ပြရုံနဲ့ ပွဲက ပွဲပြတ်နိုင်မှာ မဟုတ်ဘူး။ သူတစ်ခါ ကိုယ်တစ်လှည့်နဲ့ပဲ သံသရာလည်နေမှာ။ အဓိက,က ငါအပြတ်နိုင်ဖို့ပဲ"

"ကြည့်လည်း လုပ်ပါဦး ဇလပ်ရယ်၊ အပြတ်မနိုင်ဘဲ တလွှမ်းလွှမ်း တဆွေးဆွေးနဲ့ အပြတ်မှိုင်နေရပါဦးမယ်ဟာ၊ နင် သူ့ကို ချစ်သွားရင် ဘယ်လိုလုပ်မလဲ"

"ဟား ဟား ဟား ... ကမ္ဘာပေါ်မှာ ရယ်စရာအကောင်းဆုံးပြက်လုံးပဲ။ နင်တစ်သက်လုံး မှတ်ထား။ ငါ့နှလုံးသားမှာ နင့်အချစ်ကြီး ပေါက်ဖွားဖို့ မြေဆီလွှာ မရှိဘူး။ ရှိခဲ့ရင်တောင် ငါက အဲဒီအချစ်ကို အမြစ်က ဆွဲနုတ်ပစ်မှာ။ ရေလောင်းပေါင်းသင်ပြီး မွေးမြူဖို့တော့ စိတ်ကူးမရှိဘူး ထိုက်တန်ရေ"

"နင်ပြောတော့ ရဲခေါင်ယံက နင့်ကို စာရင်းမရှိဘူးဆို။ နင် သူ့ကို လက်စားချေဖို့ လွယ်ပါ့မလား"

"လွယ်တာပေါ့။ ဘာလို့လွယ်သလဲ သိလား။ ယောကျ်ားဆိုတဲ့ သတ္တဝါတွေက မိန်းမမာယာဆိုတဲ့ လက်နက်ကို ခုခံကာကွယ်နိုင်စွမ်း မရှိလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟ … မိန်းမမာယာ။ နင်က အဲဒီမိန်းမမာယာတွေကိုမှ မကျွမ်းကျင်တာ မိဇလပ်လေးရဲ့။ ကိုဒီဇင်ဘာနဲ့ အဖြစ်အပျက်တွေကို နင် ပြန်သတိရနော်"

"သွားစမ်းပါ ထိုက်တန်ရာ။ အဲဒီတုန်းက ငါက ငချွတ်ပမွှားလေး။ ဟိုက ဆယ့်နှစ်ကြိုးမကဘူး နှစ်ဆယ့်လေးကြိုးတပ် ကဝေအရွယ်ကြီးလေ။ ခုဟာကမှ တကယ့်ဘက်။ သူနဲ့ ငါရဲ့ အသက်အရွယ် အသိဉာဏ် အတတ်ပညာချင်းက အတူတူပဲ။ ဘယ်သူ နှာတစ်ဖျားသာမလဲဆိုတာ နင် စောင့်ကြည့်ထားလိုက်"

"ငါတော့ တားချင်တယ်ကွာ"

"ငါ ဆုံးဖြတ်ပြီးသွားပြီ"

"ပြန်စဉ်းစားပါဦး"

"စဉ်းစားလေ ပိုလုပ်ချင်လေပဲ"

"ကဲ … မပြောတော့ဘူး။ ဒါပေမဲ့ နင်ဘာလုပ်လုပ် ငါ့ကိုတော့ အသိပေး တိုင်ပင်နော်"

"စိတ်ချပါ ထိုက်တန်ရာ။ ငါ့မှာ နင်ပဲ တိုင်ပင်စရာရှိတာ၊ နင့်ကို ပြောမှာပေါ့"





ဇလပ် အပြောကို ထိုက်တန်တစ်ယောက် မလုံမလဲ ဖြစ်သွားသည်။ သူမကတော့ လျှို့ဝှက်ထားသူလေ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဇလပ်ညိုဆိုတဲ့ မိန်းကလေးဟာ စိတ်ကူးတစ်ခုကို လက်တွေ့အကောင်အထည်ဖော်ရမှ ကျေနပ်တတ်သူပါ။

ခုလည်း ကျောင်းရောက်တာနှင့် စာသင်ခန်းထောင့်မှာ ထိုင်နေသော ရဲခေါင်ယံရှေ့သွားကာ ...

"ရဲခေါင်ယံ ... ငါ နင်နဲ့ သူငယ်ချင်း ဖြစ်ချင်လို့"

"ကမ္ဘာကြီး ပြောင်းပြန်လည်နေလို့လား ရွှေဇလပ်ညို"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ငါတို့က တစ်တန်းတည်းသားချင်းတွေလေ။ သူငယ်ချင်းတော့ ဖြစ်သင့်တာပေါ့။ ငါတို့မတည့်တာထက်စာရင် သူငယ်ချင်းဖြစ်တာက ပိုမကောင်းဘူးလား ရဲခေါင်ယံ"

ထိုအခါ ဘေးမှာ အကြောင်းသား ငေးနေသော ကျော်စွာနှင့် ရန်လေးက ...





"ဟုတ်တယ်၊ ဟုတ်တယ်၊ သူငယ်ချင်းဖြစ်တာ ကောင်းတာပေါ့၊ ဖြစ်သင့်တယ်၊ ရဲခေါင် ... မင်းနဲ့ ရွှေဇလပ်ညို သူငယ်ချင်း ဖြစ်သွားပြီ"

အတင်းဝင်၍ ရင်ကြားစေ့ပေးသော်လည်း ...

"ဆောရီးပဲ ရွှေဇလပ်ညို၊ ငါ နင့်ကိုမခင်ဘူး၊ နင့်ကိုမှ မဟုတ်ဘူး၊ ဘယ်မိန်းမကိုမှ ငါ မခင်ဘူး။ သူငယ်ချင်းတော်ဖို့ မဖြစ်နိုင်ဘူး"

ဇလပ် မျက်နှာ ရဲတွတ်သွားသော်လည်း ချက်ချင်းအပြုံးတစ်ပွင့် တပ်ဆင်ကာ ...

"အိုခေလေ ... ဒါဆို နင့်ကို ငါက ခင်တတ်အောင် သင်ပေးရမှာပေါ့၊ ကဲ ... ငါ့ခုံကို ပြန်သွားလိုက်ဦးမယ်"

ဇလပ် ထွက်သွားတော့ ရန်လေးနှင့် ကျော်စွာက ရဲခေါင်ကို အပြစ်တင်သည်။

"ရဲခေါင် ... ဟိုက လာဒူးထောက်တာကို မင်း ဘာလို့ ပြောလိုက်ရတာလဲကွာ၊ အမှန်ဆို အပေါ်စီးကနေ အေးလို့ တစ်ခွန်းတည်း မိန့်မိန့်ကြီး ပြောလိုက်ရုံပဲဟာ"

"ဟုတ်ပါ့ ရဲခေါင်ရာ၊ မင်းက မိန်းမတွေကို မခင်တတ်ဘူးဆိုတာကတော့ မဟုတ်သေးဘူးကွ၊ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချွေးမသား ... ဘာဟဲဟဲလဲ။ ငါက ဒီလိုပြောလိုက်ရတာကို အရသာရှိတာကွ။ သူက အဲလိုလာပြောတာ ဘာအကြံအစည်ရှိမှန်း မသိနိုင်ဘူး။ ငါ လက်ခံလိုက်ရင် သူ့အကြံအစည် အောင်မြင်သွားမှာပေါ့ကွ"

"အဲလိုလည်း ဟုတ်မယ် မထင်ပါဘူးကွာ။ ကျောင်းသားချင်းပဲ။ ရွှေဇလပ်ညို ကြည့်ရတာ အဲလောက်စိတ်ပုပ်စိတ်ယုတ် ရှိပုံလည်း မပေါ်ဘူး။ အင်္ဂါရုပ်ကလေးက ကောင်းပါတယ်ကွ"

"စိတ်ဆိုတာ အင်္ဂါရုပ်နဲ့ သိပ်အပ်စပ်တာ မဟုတ်ဘူးကျော်စွာ၊ စိတ်နဲ့ရုပ် မလိုက်ဖက်တဲ့သူတွေ လောကမှာတစ်ပုံကြီးပဲ။ အဟွန်း ... ငါကတော့ သူ့ ထောင်ချောက်ထဲ လုံးဝမဝင်နိုင်ဘူး"

"ခက်တယ် ရဲခေါင်ရာ"

ကျော်စွာနဲ့ ရန်လေး ဘာပြောရမှန်း မသိတော့။

♥ ✿ ♥



"ရဲခေါင်ယံ ... နင်တို့ဝိုင်းအတွက် ငါ ရှင်းခဲ့ပြီ"

"ဘာ ... ဟိတ်၊ နေဦး"

ပြောပြီးတာနဲ့ လှည့်ထွက်သွားသော ရွှေဇလပ်ညိုက ရဲခေါင် လှမ်းခေါ်တာကို လှည့်မကြည့်ဘဲ လက်တစ်ဖက်မြှောက်ကာ လက်ချောင်းလေးတွေပဲ လှုပ်ပြသွား၏။

"တောက် ... ဒီမိန်းမ ကျောသွားပြန်ပြီ"

"ရဲခေါင်ရာ ... သူ ရှင်းသွားတော့လည်း ငါတို့ အိတ်ကပ်ထဲက ခြသေ့်လေး ခုန်မထွက်တော့ဘူးပေါ့ကွာ"

"မဟုတ်ဘူး၊ အဲဒါ ကျောသွားတာ"

"မင်းလည်း ပူလောင်နေတာပဲနော်၊ သူနဲ့ပတ်သက်ပြီး မင်း ဘာလို့ လှုပ်ခတ်နေတာလဲ ရဲခေါင်"

"ဘာ ... ငါက လှုပ်ခတ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ Action မှန်သမျှကို မင်း Reaction ပြန်လုပ်နေ
တယ် ရဲခေါင်။ မင်း သူ့ကို စိတ်မဝင်စားရင်တောင် လေ
ဖင်ပေး အေးအေးနေလို့ရတာပဲ။ သူ့ရဲ့ Action တွေထဲ
မှာ မင်းကို ထိခိုက်နစ်နာစေတာ တစ်ခုမှ မပါသေးဘူး
လေ"

"မဟုတ်ဘူး၊ အဲဒါ သူ ငါ့ဆီ တိုးဝင်နေတာ"

"အဲဒါကို မင်းက လက်ခံနေတာပဲ။ မင်း လက်မခံရင် သူ
ဝင်လာလို့ မရပါဘူးကွာ။ မင်းပါးစပ်က လက်မခံပေမယ့်
မင်းစိတ်ကတော့ သူ ဝင်လာတာကို မကာကွယ်နိုင်ဘူး"

ရဲခေါင် ငြိမ်သွားသည်။ ကျော်စွာ ပြောတာ ဟုတ်
သလိုလို။ ဇလပ်နဲ့ ပတ်သက်ရင် သူ လှုပ်ခတ်လွန်းသည်။ ဇလပ်
သူ့ရင်ထဲ တိုးဝင်ချင်သည်ထား။ သူ လက်ခံမှ ဖြစ်တာလေ။ သူ့
ရင်ခွင်ဥယျာဉ်ကို သူ လုံအောင်မကာနိုင်ရင် ... ? ။

တွေးမိရုံနဲ့ လန့်သွားသည်။ ဇလပ် သူ့ကို လာပတ်
သက်ခြင်းမှာ ရိုးသားမှုမရှိဟု သူ့စိတ်ထဲမှာ အလိုလို ထင်နေမိ
သည်။

ဖြစ်နိုင်ရင် သူ ဇလပ်နှင့် မပတ်သက်ချင်ပါ။ လုံးဝ
ကို မပတ်သက်ချင်တာပါ။





သူမက ဘာလို့ ရုတ်တရက် တိုက်စစ်ပြောင်း
အကွက်ရွှေ့လိုက်ရပါသနည်း။

အရင်လိုပဲ ရန်တွေဖြစ်ရင်း တစ်ယောက်နဲ့ တစ်
ယောက် အမြင်တွေ ကတ်နေကြရတာက ပိုမကောင်းဘူးလား။

မင်းပြောင်းလိုက်တဲ့ တိုက်ကွက်ကို ကာကွယ်ဖို့
ဒိုင်းတစ်ခု ကိုယ့်မှာ အဆင်သင့် မရှိသေးဘူး ရွှေဇလပ်ညို။ ဖြစ်
နိုင်ရင် မင်းနဲ့ငါ အနီးကပ်တိုက်ပွဲတစ်ခု မဆင်နွှဲပါရစေနဲ့။

ငါ့မှာ ကာကွယ်ချိန် မရလိုက်မှာ စိုးလို့ပါကွာ။
သက်ပြင်းတစ်ခုကို ဘေးလူတွေ မရိပ်မိအောင် မသိမသာချလိုက်
ရင်း ...

စိတ်ထဲက ခပ်တိုးတိုး ရေရွတ်ကာ ...

"မင်းနဲ့ ယှဉ်ပြိုင်ကစားဖို့ ငါ့မှာ အားနည်းချက်တွေရှိနေ
တယ် ရွှေဇလပ်ညို"

အတန်းတက်တော့လည်း ရွှေဇလပ်ညိုနှင့် မျက်ခုံး
မျက်လုံးချင်းအဆုံမှာ သူမက အမိအရ ပြုံးပြလိုက်သေးသည်။

အတန်းတစ်ချိန်ပြီးလို့ ဆရာထွက်သွားတော့ ပီကော
တစ်တောင့် လာပေးသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ရန်လိုဖြစ်နေသော သူတို့နှစ်ယောက်မှာ ရွှေဇလေပ်ညိုရဲ့ဆက်ဆံရေးအတွက် တစ်တန်းလုံးက အံ့သြနေကြသည်။

ရွှေစုက ...

"ဟဲ့ ... ဇလပ်၊ နင် ဘာတွေလုပ်နေတာလဲ။ နားကိုမလည်တော့ဘူး။ စတိုင်လ်လုပ်ပြီး စတန့်ထွင်နေတာတော့ မဖြစ်နိုင်ဘူး ထင်တယ်နော်"

"ဟင်း ဟင်း ... ပြောပြဘူး"

သူမလုပ်ရပ်ကို မေထိုက်တန်မှလွဲ၍ ဘယ်သူမှနားမလည်ကြ။

ဒီတော့ ရဲခေါင် မယုံတာ ဆန်းတော့မဆန်း။

အဲဒီလိုနဲ့ ရွှေဇလပ်ညိုက လိုက်တယ်။

ရဲခေါင်ယံက ပြေးတယ်။

စိန်ပြေးတမ်းကစားတဲ့ပွဲမှာ တစ်ခါတစ်ရံ ပြေးသူက လိုက်သူပြန်ဖြစ်သွားတတ်တဲ့ သံသရာလည်ခြင်းတစ်မျိုး ရှိတယ် ဆိုတာကိုတော့ ...။

♥ ✿ ♥



ရွှေဇလပ်ညို စိတ်တိုနေသည်။ ရဲခေါင်ယံက တင်းခါလွန်းသည်။ သူမကို လုံးဝအဖက်မလုပ်။ ခုဆို ကျောင်းထဲမှာ သတင်းတွေ ပျံ့ကားနေပြီ။

"ရွှေဇလပ်ညိုက ရဲခေါင်ယံကို ကြိုက်နေတာတဲ့"

သူမ ဆင်ထားသော အကွက်ထဲ ဝင်မလာသဖြင့် စိတ်ကတိုပြီးရင်း တိုသည်။

မိုးက သဲသဲမဲမဲ ရွာနေသည်။ ကားဆီသွားဖို့ ထိုက်တန်က ထီးထုတ်သည်။ အိုး ... ဟိုဘက်ကော်ရစ်ဒါမှာ ရဲခေါင်ယံပါလား။

"ထိုက်တန် ... နင် သွားနှင့်။ ငါ ခဏနေရင် လိုက်ခဲ့မယ်"

"ဟယ် ... ထီးက တစ်ချောင်းတည်း ရှိတာဟဲ့။ ငါဆောင်းသွားတော့ နင်က ဘယ်လိုလုပ်မလဲ။ ကားကို ဒီနားထိ မောင်းလာလို့လည်း မရဘူး"


www.burmeseclassic.com

www.burmeseclassic.com



"သွားသာ သွားနှင့်ပါဟာ။ ငါ မိုးရေထဲမှာ ချော်လဲချင်လို့"

ထိုစကားကိုတော့ ရဲခေါင်ယံဘက် စွေကြည့်ပြီး ပြောလိုက်သည်။

"သြော် ... ဂလိုလား။ ဒါပေမဲ့ နင် မိုးရေတွေ ရွှဲကုန်မှာပေါ့"

"ကျစ် ... ရွှဲပါစေဟာ။ ဒီတစ်ခါ သင်း တင်းခံနိုင်မလား ကြည့်ရသေးတာပေါ့"

"ဇလပ် ... နင် ရင်းတာတွေ သိပ်များနေပြီဟာ"

"အမြတ်ကြီးချင်ရင်တော့ အရင်းကြီးရမှာပေါ့ဟာ။ ကဲ ... သွားတော့၊ သွားတော့၊ ကားပေါ်ကစောင့်"

ထိုက်င ..န် ထီးလေးဆောင်းပြီး ထွက်သွားပြီ။ မိုးက ပိုပြီးသည်းမည်းလာပြီ။ ရဲခေါင်ယံကတော့ မိုးအရှိန်ကြောင့် ကျောင်းကားစီးဖို့ ကျောင်းဝင်းအပြင်ကိုထွက်ရန် ဝန်လေးနေပုံပင်။

နာမည်နဲ့လိုက်အောင် မိုးကာနီရဲရဲလေး ဝတ်ထားသည်။ မိုးကာအနီဆိုတာ တော်ရုံလူသာ ဝတ်ထားရင် တော်တော်ကြောင်သည့်အရောင် ဖြစ်သော်လည်း ရဲခေါင်ယံ ဝတ်ထားတော့ ကြည့်ကောင်းလွန်းနေပြန်သည်။





သူမကို ရဲခေါင်ယံ သတိပြုမိပုံမရ။ သူမကလည်း ရဲခေါင်ယံကို မမြင်ချင်ယောင်ဆောင်ကာ သူ မြင်သာသောနေရာမှ မိုးရေထဲကို ဖိုင်လေးဆောင်းပြီး ထွက်လိုက်သည်။

တစ်လှမ်း ...

နှစ်လှမ်း ...

သုံးလှမ်း...

ရဲခေါင်ယံ ရှေ့လောက်ကိုရောက်မှ ချော်လဲပစ်လိုက်သည်။ အရှိန်ပါသွားတာမို့ လူက အင့်ခနဲကျသည်။ ကျောင်းသားတချို့၏ ရယ်သံ ထွက်ပေါ်လာသည်။

လုပ်တုန်းကတော့ ချော်လဲချင်ယောင်ဆောင်တာပါ။ သို့သော် အရှိန်ပါသွားတာမို့ တော်တော်နာသွားသည်။

ရဲခေါင်ယံက ထီးဖွင့်ဆောင်းကာ ကျောင်းကားဂိတ်ဘက် ထွက်သွားသည်။

ခပ်မဲ့မဲ့ အပြုံးတစ်ခုနှင့် ရဲခေါင်ယံဟာ သူမကိုလှည့်တောင်မကြည့်ဘဲ သူမအားက ဖြတ်လျှောက်သွားသည်။ ရင်ထဲမှာ စူးခနဲအောင့်သွားသည်။ ရဲခေါင်ယံအပေါ် တော်တော်လည်း မုန်းသွားသည်။ မျက်ရည်တွေ ကျလာတာ ဘာကြောင့်လဲ။

"ဟာ ... ရွှေဇလပ် ထ ... ထ။ တော်တော်နာနေလား"



www.burmeseclassic.com

www.burmeseclassic.com



ရဲခေါင်ယံရဲ့ သူငယ်ချင်းနှစ်ယောက်က လာထူသည်။ လက်ထောက်ကျတာမို့ ညာဘက်လက်က ယောင်သွားပြီ။ ခြေမေါက်သွားကာ မတ်တတ်တောင် မရပ်နိုင်။

ကျော်စွာနှင့် ရန်လေး ဆွဲထူပြီး ကားဆီသို့လိုက်ပို့ရသည်။ ထိုက်တန်မျက်နှာက မလုံမလဲ။

ကားပေါ်ရောက်မှ ကျော်စွာတို့ကို …

“အရမ်းကျေးဇူးတင်ပါတယ်ဟာ”

“ကျောင်းသားချင်းပဲ။ နင် ဆေးခန်းသွားပြလိုက်ဦး။ လက်နဲ့ခြေထောက် တော်တော်ယောင်နေတယ်”

“အေးပါ၊ သွားပြီနော်”

ထိုက်တန်က ကားမောင်းထွက်လာရင်း …

“ဘယ်လိုလဲ … အိုခေလား၊ ဟီဟိ … နင့်လက်နဲ့ ခြေထောက် ပန်းရောင်လေးတွေဖြစ်အောင် ဘာတွေလိမ်းထားတာလဲ”

“ငါ တကယ်လဲလာတာ ထိုက်တန်။ လက်နဲ့ ခြေထောက်က တကယ်ရောင်နေတာ၊ တရုတ်ဆေးသွားစည်းမယ်၊ လသာကိုသာမောင်း”





“ဟယ် … ဖြစ်ရပြန်ပြီ။ ကဲ … နင့်ရဲခေါင်က လာထူရှား”

“လှည့်တောင် မကြည့်သွားဘူးဟေ့”

“နင် လက်လျှော့လိုက်ပါတော့ဟာ”

“ငါ သူ့ကို သိပ်မုန်းတယ် ထိုက်တန်ရယ်”

♥ ● ♥



www.burmeseclassic.com

www.burmeseclassic.com



ချော်လဲသည့်ဒဏ်ရာကြောင့် ခြေထောက်ရော လက်ပါ တရုတ်ဆေး စည်းလိုက်ရသည်။

လက်ကလည်း ညာလက်ကိုထိတာမို့ စာလည်းမရေးနိုင်။ ခြေထောက်ကလည်း ကောင်းကောင်းမထောက်နိုင်တာမို့ စလေပ် ကျောင်းပျက်ပါတော့သည်။

"မင်း သိပ်မှားတယ် ရဲခေါင်။ သူက တကယ်လဲတာ။ အဲဒါကို မင်းက မကူညီရုံမကဘူး လှောင်ပါ လှောင်သွားသေးတယ်"

"ဟုတ်တယ် ရဲခေါင်၊ သူ့လက်နဲ့ ခြေထောက်က ချက်ချင်းကို ရောင်လာတာ၊ ဘယ်တော့မှ ကျောင်းတက်နိုင်မလဲ မသိဘူး"

ရဲခေါင်ယံက သည်းမည်းစွာရွာနေသော မိုးကို ငေးနေသည်။ အဲဒီနေ့က သူမ မိုးသည်းထဲမှာ လဲနေတာကို





မာယာဟု သူ ထင်ခဲ့သဖြင့် သွားမကူခဲ့။ သူမကတော့ သူ့ကို တော်တော် နာကြည်းသွားလောက်ပြီ။ အကြင်နာကင်းလှလွန်းသူကြီးဟု ထင်သွားလောက်ပြီ။

သူမ ကျောင်းမတက်နိုင်ရှာ။ ဟိုနှစ်ကောင် မေထိုက်တန်ဆီ သွားစုံစမ်းတော့ သူမ ခြေထောက်ရောလက်ပါ တရုတ်ဆေးစည်းလိုက်ရသည်တဲ့။

သူ့ရင်ထဲမှာ နောင်တမြစ်တစ်စင်း စီးဆင်းနေတယ်။ ကရုဏာလှိုင်းတွေ ရိုက်ခတ်နေတယ်။

သူမဖြစ်တာ ဗုဒ္ဓဟူးနေ့က၊ ဒီနေ့ သောကြာထိ သူမ ကျောင်းမတက်နိုင်။ တနင်္လာနေ့တော့ တက်နိုင်ကောင်းပါရဲ့။

သူမ ကျောင်းပြန်တက်ရင်တော့ သူမကို ခင်ခင်မင်မင် ဆက်ဆံဖို့ ဆုံးဖြတ်လိုက်သည်။

"ဟုတ်တယ်ကွ၊ ငါမှားသွားတယ်"

"ကိုယ့်ကိုယ်ကိုယ် သိလို့ တော်သေးတာပေါ့ကွာ"

သူ့အမှားကို ချေတဲ့အနေနဲ့ ထိုက်တန်ဆီက သူမ စာအုပ်တွေယူပြီး စာတွေ လိုက်ကူးပေးမိတယ်။

ကျော်စွာတို့က ရယ်တာပေါ့။

"မိုးလွန်မှ ထွန်ချတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ။ အခါလွန်မိုး ရွာနေတာ"

ဘယ်သူဘာပြောပြော သူမအတွက် သူ တတ်နိုင်သမျှ လုပ်ပေးတာပါ။

သူ ခုချိန်မှာ တစ်ခုပဲ ဆုတောင်းတယ်။ အဲဒါက သူမ တနင်္လာနေ့ ကျောင်းပြန်တက်နိုင်ပါစေလို့။

သူ့ကြောင့်ဖြစ်တာ မဟုတ်ပေမယ့် သူမ ဖြစ်နေတာကို လျှောင်ပြောင်မိတဲ့အတွက် သူမကို အားနာမဆုံးဘူးလေ။

သူမရဲ့လက်ရေးလေးတွေက သူမမျက်နှာလိုပဲ ဝိုင်းစက်စက်လေးတွေ။

သူမစာအုပ်ထဲမှာ သူ့ရဲ့ယောကျ်ားဆန်တဲ့ လေးထောင့်လက်ရေးတွေ နေရာယူသွားတယ်။

သူမ ကျန်းမာနိုင်ပါစေ။ စာအုပ်ကျောဘက်မှာရေးပေးလိုက်တယ်။

"I am so sorry for U ! "

♥ ✿ ♥





တနင်္လာနေ့။

ကျောင်းဝင်းထဲ ခြေချလိုက်ကတည်းက သူ့ရင်တွေ ခုန်နေတယ်။ ရွှေဇလပ်ညို ကျောင်းတက်နိုင်ပါစေ။

ကားပေါ်ခ်မှာ သူမကားကိုမတွေ့။ ထိုက်တန်ကားလည်း မတွေ့။ လက်မှနာရီကို ကြည့်လိုက်တော့ အချိန်ကစောနေသေးသည်။

သူက အရင်ကြိုရောက်နေတာ ကောင်းပါသည်လေ။ ကျော်စွာတို့ ရန်လေးတို့တောင် မလာသေးဘူး။ စိတ်စောနေလို့လား မသိဘူး။ နာရီလက်ဘံတွေ နှေးနေသလိုပဲ။

ကားပေါ်ခ်ကို မြင်ရတဲ့ မလေးရှားပိတောက်ပင်အောက်က ခုံတန်းလေးမှာ ထိုင်စောင့်နေမိတယ်။

နာရီဝက်ဟာ တော်တော်ကြာမှန်း ခုမှသိတယ်။ ထိုက်တန်ရဲ့ကားလေး ဝင်လာပြီ။ ရင်ထဲမှာ လှိုက်ခနဲခုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးက တစ်ဖက်ပဲပွင့်တယ်။ ထိုက်တန် ဆင်းလာပြီ။ တစ်ဖက်က ကားတံခါးကို သူ မျှော်လင့်တကြီး ကြည့်လိုက်မိတယ်။ တုတ်တုတ်မျှမလှုပ်သော ကားတံခါးလေးက သူ့ကို လှောင်နေသလိုပဲ။ ကားတံခါးကို သော့ခတ်ပြီး ထိုက်တန် ထွက်သွားပြီ။ သူမ မပါဘူးပေါ့။

သူ ထိုက်တန်နောက် ပြေးလိုက်သွားသည်။

"မေထိုက်တန် ... မေထိုက်တန်"

ထိုက်တန်က လှည့်ကြည့်ပြီး ...

"ဘာလဲ ဇလပ်လား။ သူ့ခြေထောက်က ကောင်းကောင်း မထောက်နိုင်သေးလို့ မတက်နိုင်သေးဘူး"

"ငါ စိတ်မကောင်းလိုက်တာဟာ"

"ဇလပ်က စာကျူးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်တဲ့"

"ရပါတယ်ဟာ"

"အင်း ... ဇလပ်က ချော်လဲတာကိုတောင် ဝမ်းသာနေတာ။ နင်နဲ့ ငြိမ်းချမ်းရေး ရသွားလို့တဲ့"

"ဟဲ ... ဟို ... ငါ သူ့ကို ခင်ပါတယ်လို့ ပြောပေးပါဟာ"

"အေး ... အေး၊ ပြောလိုက်မယ်၊ ကဲ ... ငါက စာသင်ခန်း ဘက် တန်းသွားတော့မှာ၊ နင်ရော"





"ငါ ကင်န်တင်းသွားလိုက်ဦးမယ်"

ထိုက်တန်ရဲ့စကားက နားထဲမှာ ပဲ့တင်ထပ်သည်။ ချော်လဲတာကိုတောင် ဝမ်းသာနေသတဲ့။ မိုက်မဲလှသည့် သူပါလား။

ဇလပ် ခမျာ တကယ်လက်နက်ချတာ ဖြစ်နိုင်ပါသည်။ ဒါကို သူက ဗျူဟာထင်ပြီး ကြောက်နေတာ။

ဘာပဲဖြစ်ဖြစ် ဇလပ် ကျောင်းပြန်တက်ရင် သူတို့နှစ်ယောက် သူငယ်ချင်း ဖြစ်ကြမည်။

ကင်န်တင်း ရောက်တော့ ကျော်စွာက ဆီးမေးသည်။

"ဘာတဲ့လဲ၊ ရွှေဇလပ်ညို မသက်သာသေးဘူးတဲ့လား"

"အင်း"

"သူဆော့ ကျောင်းစာတွေ တော်တော်လွတ်ကုန်ပြီ။ မင်း ပြန်ရှင်းပြလိုက်"

"ရှင်းပြဦးမှာ"

"လဒ ... ခုတော့ တင်မျိုးပါလား"

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေလေပ်ညိုသည် သူ့အပေါ် အံ့သြလောက်အောင် အနွှတာခံနိုင်သည်။

နေ့လယ်ဘက် ထမင်းစားရင် သူမက အမြဲလိုလို သူ့အတွက် ဟင်းတွေပိုထည့်လာတတ်သည်။

"ယဲ ... နင်က ဘာလို့ ထမင်းဘူး မယူတာလဲ၊ နင်တို့ ယောက်ျားလေးတွေကလေ ပျင်းကိုပျင်းတယ်"

"ထည့်ပေးမယ့်သူမှ မရှိတာဟ"

"နင့်အမေက မထည့်ပေးဘူးလား၊"

"သိပ်မစပ်စုနဲ့၊ ငါ့အမေက ငါငယ်ငယ်တည်းက ဆုံးသွားတာ"

"ဪ ... ဆောရီး ... ဆောရီး"

"ရတယ်၊ ဘာမှ ထပ်မမေးရင် ပိုကျေးဇူးတင်တယ်"

"မမေးတော့ပါဘူး။ တကတဲ။ ကဲ ... ရော့ ဒီမှာ၊ ပုစွန်အစိမ်းသုပ်လေး မြည်းကြည့်ပါဦး"



"နင် ချက်တာတော့ မဖြစ်နိုင်ဘူးနော်"

"နည်းနည်းလောက်များ အထင်ကြီးကြည့်ပါလား"

"ဘာကြီးစရာလိုလဲ။ ကြည့်တာနဲ့ သိနေတာကို"

"ဟွန်း"

လေပ် ချက်တာ မဟုတ်သော ထိုဟင်းတွေဟာ ဖွယ်ဖွယ်ရာရာနှင့် အတော်စားလို့ကောင်းပါသည်။

သူ့ဘဝမှာ ဖွယ်ဖွယ်ရာရာ အိမ်ထမင်းဆိုတာ တစ်ခါမှ မစားဖူးပါ။

လူမှန်းသိတတ်စကတည်းက မအေဆိုတာ မရှိတော့။ ဖအေတစ်ခု သားတစ်ခုဘဝမှာ ဖေဖေကလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတတ်သလို အလုပ်ပါးရင်တောင်မှ ဖေဖေက မချက်တတ် မပြုတ်တတ်။

လူရယ်လို့ ဖြစ်ကတည်းက ချိုင့်ဆွဲပြီး ဆိုင်ဟင်းကိုချည်း စားခဲ့ရတာ။

ဖေဖေက တစ်ခါတစ်ရံ အလုပ်အဆင်ပြေပြီး မြိုးမြိုးမြက်မြက်ကလေး ရလာရင်တော့ သူတို့သားအဖ ဆိုင်ကောင်းကောင်းမှာ သွားစားရပါသည်။ သို့သော် တစ်ခါတစ်ရံမှ တစ်ခါ တစ်ရံ။

www.burmeseclassic.com

www.burmeseclassic.com



ငယ်တုန်းကတော့ ကလေးစိတ်နဲ့ ဖေဖေ့ကိုမြှောက်ပေးခဲ့ဖူးသည်။

"ဖေဖေရာ မိန်းမတစ်ယောက် ယူစမ်းပါဗျ။ အဲဒါမှ သားဟင်းကောင်းစားရမှာ"

ထိုသို့ပြောတိုင်း ဖေဖေက အားပါးတရ ရယ်တတ်သည်။ ခုတော့ ဖေဖေ ဘာလို့ မိန်းမ မယူတာလဲ သူသိလာပြီ။ ဖေဖေက သူ့ကို သိပ်ချစ်လို့လေ။

ဖေဖေ တစ်ခါပြောဖူးသည်။

"မင်းအမေကို ဖေဖေ သိပ်ချစ်တာ ငါ့သားရ။ မင်းအမေရဲ့ကိုယ်စား မင်းရှိနေမှတော့ ဖေဖေ့အတွက် နောက်မိန်းမ မလိုတော့ပါဘူးကွာ"

ထို့ကြောင့် ဖေဖေ ဘာလုပ်လုပ် သူ နားလည်နိုင်ခဲ့တာပေါ့။

သို့သော် ...

အဲဒီ သို့သော်ရဲ့ ရိုက်ခတ်မှုကို သူ ခံရဦးမည်ထင်ပါရဲ့။

"ယံ ... ယံ့"

"ဟင်"





"ဘာလို့ ထမင်းဖြူတွေချည်းပဲ ခပ်စားနေတာလဲ။ ဟင်း မစားဘူးလား"

"စားမယ်လေ"

"ယံ တစ်ခုခု တွေးနေတယ်မို့လား"

"အင်း"

"ယံ့အတွေးထဲမှာ ဇလပ်ပါရင် သိပ်ကောင်းမှာပဲ"

"ဟို ... ငါက အိုကွေးရှင်းတွေအကြောင်း စဉ်းစားနေတာပါဟာ"

"ယုံလိုက်ပါ့မယ်နော်"

သူ့အတွေးတဲမှာ တကယ် သူမ မပါဘူး။ သူ့အတွေးထဲရှိတာက အစားအသောက်အကြောင်း။ ပုစွန်တစ်ဖတ်ကို ခပ်စားလိုက်ရင်း ...

"နင် ငါ့ကို ဘာလို့ ခင်တာလဲ ဇလပ်"

"ဇလပ် မသိဘူး၊ တကယ်ဆို ဇလပ်လေ အစက ယံ့ကို လုံးဝကြည့်လို့ မရဘူး၊ နောက်မှ တဖြည်းဖြည်း ယံ့ကို ခင်လာတာ။ ဇလပ်ကို ယုံ့ရဲ့လား ယံ။ ယံမယုံမကြည်ဖြစ်နေတယ်မို့လား"

"ယုံပါတယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ယုံရင် ပုံဆွဲပေး"

"မဆွဲပေးဘူး။ ကိုယ့်ဘာသာ ဆွဲမှ တတ်မှာပေါ့၊ စာမေးပွဲမှာ ဘယ်သူလာဆွဲပေးမလဲ"

"ဟွန်း ... စိတ်ပုပ်"

♥ ✿ ♥





ချွေဖလပ်ညို ကျိုတ်ပြုံးပစ်လိုက်သည်။ ပီပြင်လာသော သူမဗျူဟာကို သဘောကျနေသည်။

ခုဆို ရဲခေါင်ယံ တစ်ယောက် သူမကို ယုံကြည်စ ပြုလာပြီ။

သူမ ထောင်ချောက်ထဲကို ခြေတစ်လှမ်း စလာ၏။ ခြေစုံပစ်ဝင်လာဖို့ပဲ လိုတော့သည်။

ခြေစုံပစ်ဝင်လာလို့ကတော့ အဲဒီခြေအစုံကို ရိုက်ချိုးပစ်လိုက်မည်။ ရဲခေါင်ယံ အထိနာစေရမည်။

"ဘယ်လိုလဲ ဖလပ်၊ နင်က မုန်းတယ် မုန်းတယ်နဲ့ ရဲခေါင်အတွက် ထမင်းဘူးတောင် ထည့်သယ်ပေးနေပါလား"

"အဲဒါ ငါ့ရဲ့လက်နက်တစ်မျိုးပဲလေ ထိုက်တန်ရဲ့ နင် စောင့်ကြည့်။ မကြာခင် ပွဲသိမ်းစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ဆက်လုပ်၊ နင့်တုန်းက ဆေးပတ်တီး တစ်ပတ်လောက် စည်းလိုက်ရတာ"

"Right ငါ့ဘက်က အရင်းများထားတယ်လေ။ အဲဒီတော့ ငါ အမြတ်ကြီးစားရမှ ကျေနပ်နိုင်မယ်"

တင်းလွန်းရင်ပြတ်၊ လျှော့လွန်းရင်ပတ်တဲ့။ တင်းခဲ့တုန်းက သူမ အထိနာခဲ့ပြီးပြီ။ အခု သူမဘက်က တစ်ရစ်ချင်း တစ်ပတ်ချင်း ဖြေလျှော့ပေးနေတာ။ ရဲခေါင်ယံကို တစ်ပတ်ပတ်လို့ရတဲ့နေ့မှာ ဆောင့်ဆွဲပစ်လိုက်ဖို့ ဝန်မလေးဘူး။

သူမရဲ့ကြိမ်းဝါးသံကိုများ ရဲခေါင်ယံ ကြားခဲ့ရင် ...။

♥ ● ♥





"ကျွတ် ... ယံရာ၊ ညက မန်ယူက တစ်မှတ်တည်းနဲ့ ဖလားမရတာ သိလား။ ချယ်လ်ဆီးက တစ်မှတ်ကလေး ကပ်သာသွားတာ။ ရွှန်းနေကလေးကလည်း နာနေတော့ ဂိုးမသွင်းနိုင်ရှာဘဲ ရွှေဖိနပ်ဆုနဲ့ လွဲသွားရတယ် သိလား"

"မိန်းကလေးဖြစ်ပြီး ဘောလုံးပွဲကို ဘာလို့ အဲလောက်စိတ်ဝင်စားရတာလဲ"

"ဟင် ... ယံက ဘောလုံးပွဲ မကြည့်ဖူးလား"

"MRTV-4 က လာရင်တော့ ကြည့်ပါတယ်၊ တကူးတက တော့ မကြည့်ဖြစ်ဘူး။ ပြီးတော့ အသင်းလည်း မစွဲဘူး၊ ကြိုက်သလိုပဲ"

"ဇလပ်ကတော့ မန်ယူမှမန်ယူ၊ ဇလပ်က ဖာကြီးရဲ့အကွက်တွေကို ကြိုက်လို့"

"ဘာ ... ဘာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဖာကြီးလေ၊ ဖာဂွဆန်ကို ပြောတာ၊ ဟင်း ... ဒါလေး တောင် မသိဘူး"

"ဆလံပါပဲ မမဇလပ်ရယ်"

"ယံက ဘာလို့ ဘောလုံးပွဲ မကြိုက်တာလဲ"

"ကြိုက်တယ် မကြိုက်ဘူး မဟုတ်ဘူး၊ ကြံ့ရင်ကြည့်တယ်၊ စွဲစွဲလမ်းလမ်း မကြည့်ရရင် မနေနိုင်တာမျိုးတော့ မရှိဘူး။ ဘောလုံးပွဲမှ မဟုတ်ဘူး။ ဘာကိုမှ မစွဲလမ်းတတ်တာ"

"ဒါဆို ယံ မိန်းကလေးတစ်ယောက်ကို စွဲလမ်းစရာ အကြောင်းမရှိဘူးပေါ့"

"မိန်းမတွေ အများကြီးပဲ။ တစ်ယောက်တည်းကို ကွက်ပြီး စွဲလမ်းမိမယ်လို့တော့ မထင်ဘူး"

"ယံ အပြောမကြီးနဲ့နော်"

"တကယ်ပြောတာ"

"ဘာဖြစ်လို့လဲ ယံ။ ယံ့ကိုကြည့်ရတာ မိန်းမတွေကို စိတ်နာနေသလိုပဲနော်"

"ဟုတ်လား။ ဘယ်မိန်းမနဲ့မှ မပတ်သက်ဘူးလို့ မိန်းမတွေကို စိတ်နာစရာ အကြောင်းတော့ မရှိပါဘူး။ ဒါပေမဲ့ ကိုယ် မိန်းမတွေကို ရှောင်မိတာတော့ မှန်တယ်၊ ဖြစ်နိုင်





ရင် ဘယ်မိန်းမနဲ့မှ မပတ်သက်ချင်ဘူး။ ဇလပ်တောင် ချွင်းချက်ဖြစ်သွားလို့"

"ဘာလို့ ရှောင်တာလဲ ယံ"

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့ ဇလပ်ရယ်။ မပတ်သက် သင့်လို့ ရှောင်ရတယ်လို့ပဲ မှတ်ထားလိုက်ပါ"

"ယံက သိပ်သူစိမ်းဆန်တာပဲ"

"သိပ်မစပ်စုနဲ့လေ"

"ဟွန်း ... ယံကလေ ဇလပ်ခင်သလိုကို မခင်ဘူး။ ဇလပ် မှာတော့ အူလိုက်သည်းလိုက် ဟက်ဟက်ပက်ပက်ကို ခင် ရတာ။ သူကတော့ စိမ်းရက်တယ်"

"ကဲ ... ကိုယ် ကော်ဖီတစ်ခွက်နဲ့ လျှော်ပေးမယ်ကွာ။ ရမလား"

"ဟွန်း"

တဟွန်းဟွန်းနဲ့ ဒီကောင်မလေး မျက်စောင်းထိုးရ တာ တော်တော်ဝါသနာပါပုံရတယ်။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်တဲ့ ကံကြမ္မာဆိုတာ ဘယ်သူမှ မြင်နိုင်တာ မဟုတ်ဘူးလေ။

မမျှော်လင့်တဲ့ ကံကြမ္မာမှာ နှစ်မျိုးနှစ်စားရှိတယ်။ ကောင်းတဲ့ကံနဲ့ ဆိုးတဲ့ကံ။

ကောင်းတဲ့ကံနဲ့ ရင်ဆိုင်ရရင် ထီပေါက်သလို ပျော်ကြတဲ့သူတွေဟာ (ဥပမာ ... ထီပေါက်တဲ့ကံ)။

ဆိုးတဲ့ကံကြမ္မာနဲ့ တွေ့ရင်တော့ အရာရာကို မေ့လျော့ပြီး အရှိကို အရှိအတိုင်း မထိန်းနိုင်အောင် ခံစားရတယ်။

ဥပမာ ဆိုကြပါစို့ ...

ဆင်းရဲတဲ့လူတစ်ယောက် သိန်းတစ်ထောင်ထီပေါက်ခဲ့ရင် အရမ်းကို ပျော်ရွှင်ဝမ်းသာသွားနိုင်တယ်။ ဒါပေမဲ့ လူသိမခံဘူး။ ကျိတ်ပျော်မယ်။ ခံစားမှုကို ထိန်းနိုင်တယ်။





ချမ်းသာတဲ့သူတစ်ယောက် သူ့လုပ်ငန်းအားလုံး ဒေဝါလီခံလိုက်ရရင် လူမသိအောင် ကျိတ်ပြီးစိတ်ဆင်းရဲနိုင်ပါ့မလား။

အဲလိုပေါ့။

မမြင်ရတဲ့ ကံကြမ္မာကို မြင်လိုက်ရတဲ့ ရဲခေါင်ယံသည်လည်း တစ်သက်လုံး မျှိုသိပ်ခဲ့တဲ့ ခံစားချက်တွေ ပေါက်ကွဲကုန်တယ်။

အဖြစ်က ဒီလို။

အဲဒီနေ့က မေထိုက်တန် နေမကောင်းလို့ ကျောင်းမတက်ဘူး။

ဇလပ်တစ်ယောက်တည်း သူ့မကားလေးနဲ့ကျောင်းရောက်လာတယ်။ အပြန်ကျတော့ ရဲခေါင်ကို ခေါ်သေးတယ်။

"ယံ့ကို ဒီနေ့ အိမ်ပြန်ပို့ပေးမယ်။ တို့ကားနဲ့ လိုက်ခဲ့လေ"

"ဆောရီးပဲကွာ၊ ငါ သူများကား မစီးချင်ဘူး"

"ကြီးကျယ်လိုက်တာ ယံရာ၊ မလိုက်လည်းနေပေါ့"

သူ့ကို စိတ်ဆိုးပြီး ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားတဲ့ သူ့မကားလေး ကျောင်းဝင်းထဲက ကွေ့အထွက် တစ်ဖက်က ဖရိုဖရဲနဲ့ ဘရိတ်ပေါက်လာတဲ့ တက္ကစီတစ်စီးနဲ့ ခေါင်းချင်းဆိုင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကားတိုက်ပြီဟ"

"ရွှေဇလပ်ညိုကားဟော့"

အသံတွေ ဆူညံသွားလို လှမ်းကြည့်လိုက်တော့ ဇလပ်ကား ခေါင်းပိုင်းက ပိန်ရှုံ့ပျက်စီးလို့။

"ဇလပ်"

ရဲခေါင် မျက်လုံးတွေ ပြာသွားတယ်။ ဝမ်းခေါင်းထဲကအသံနဲ့ အသံကုန်ဟစ်ပြီး ဇလပ်နာမည်ကိုခေါ်ကာ သူမကားနားကို ပြေးသွားမိတယ်။

ရွှေဇလပ်ညိုက ကားစတီယာရင်ကို မျက်နှာအပ်ကာ ငြိမ်သက်လို့။

"ဇလပ် ... ဇလပ် ... လုပ်ကြပါဦး၊ ကားငှားပေးကြပါဦး၊ ဒီမှာ ဇလပ်ကို ဆေးရုံပို့ရမယ်"

သူ ကျန်တာတွေ ဘာမှစိတ်မဝင်စားတော့ ရွှေဇလပ်ညိုကို ကားထဲမှ ပွေ့ထုတ်ကာ သွေးရူးသွေးတန်း အော်နေမိသည်။

ကျော်စွာနဲ့ ရန်လေးက ပြေးလာကာ ...

"လာ ... ရဲခေါင်၊ ဟိုမှာ ကိုနိုင်က သူ့ကားနဲ့ပို့ပေးမယ်တဲ့"

ကျောင်းသားတစ်ယောက်ရဲ့ ကူညီမှုနဲ့ ရွှေဇလပ်ညို ဆေးရုံရောက်သွားသည်။





ဆရာဝန်တွေ စစ်ဆေးနေတာကိုကြည့်ပြီး သူ မျက်ရည်တွေ ဝဲနေသည်။ ရွှေဇလပ်ညို ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းမိတာ အကြိမ်တစ်ရာမက။

"လောလောဆယ် စမ်းသပ်ကြည့်ရသလောက်ကတော့ ဘာမှမဖြစ်ပါဘူး။ လန့်ပြီး ရှော့ခ်ရသွားတာပါ။ ဒါပေမဲ့ သတိရလာတဲ့ အခြေအနေကို စောင့်ကြည့်ရဦးမယ်။ လိုအပ်ရင် ဆေးရုံနှစ်ဆယ့်လေးနာရီလောက် တက်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ခုမှပဲ ရင်ထဲမှ ဆို့နင့်နေတဲ့ ခံစားမှုကြီး ပျောက်သွားတော့တယ်။

နဖူးပေါ် ဝဲနေတဲ့ ဆံပင်လေးတွေကို သပ်တင်ပေးရင်း ...

"သတိ အမြန်ရပါ ကောင်မလေးရယ်၊ ငါ မင်းကို ပြောစရာရှိလို့ပါ"

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကို သူမမိဘတွေ လိုက်လာပြီးကတည်းက သူ အနားကပ်ခွင့်မရတော့။

သူမ သတိရလာပြီး ညနေဘက်မှပဲ ဆေးရုံကဆင်းခွင့်ပေးသည်။

လန့်ပြီး သတိလစ်ရုံကို သူက ထုပ္ပိုးပြီး ဆေးရုံပို့ပစ်တာလေ။

ဒါပေမဲ့ သူမနဲ့ သူမမိဘတွေကတော့ သူ့ကိုကျေးဇူးစကား ဆိုသွားပါသည်။

သူမတို့ ပြန်သွားတာကို မြင်ကွင်းတဆုံး လိုက်ကြည့်ရင်း သူမကို စိတ်မချသလို ဖြစ်နေမိသည်။ ဖြစ်နိုင်ရင် ခုလို သူမ ဖြစ်နေတဲ့အချိန် သူမအနားမှာပဲ သူ နေချင်သည်။ သူမကိုယ်တိုင်က သူ့အပေါ် အားကိုးခင်တွယ်ရှာသည်လေ။





ဘာပဲဖြစ်ဖြစ် သူမရဲ့ယာဉ်တိုက်မှုကိစ္စဝိစ္စတွေ ပြီးဆုံးသွားရင်တော့ သူ သူမကို ဖွင့်ပြောတော့မည်။

တစ်သက်လုံး မျိုသိပ် ဖုံးကွယ်ထားတဲ့ အချစ်တွေကိုပေါ့။

ခုနက ယာဉ်တိုက်မှုမှာသာ သူမ တစ်စုံတစ်ခု ဖြစ်သွားရင်၊ အို ... သူမသာ သေသွားခဲ့ရင် သူ ဒီတစ်သက် ရင်ကွဲသေဖို့ပဲ ရှိတော့သည်။

မပြောလိုက်ရဘဲ သူနဲ့ သူမ ဝေးသွားခဲ့ရင် ...

တွေးရုံနဲ့တင် တော်တော်ဝမ်းနည်းသွားသည်။ ခုချိန်မှာတော့ မမျိုသိပ်နိုင်လောက်အောင် ချစ်နေမိပြီ ဖေလပ်ရယ်။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေစုနဲ့ ထိုက်တန်ဆီမှာ ဖုန်းနံပါတ်ကို သွားစုံစမ်းပြီး သူမကို ဖုန်းနဲ့သတင်းမေးရသည်။

“ဟယ်လို ... ဘယ်သူပါလဲ”

“ဇလပ် သူငယ်ချင်းပါ။ ဇလပ်နဲ့ ပြောချင်လို့ပါ”

“သမီးက အိပ်နေတယ် သားရေ၊ နေ့လယ်မှ ပြန်ဆက်လိုက်ကွယ်၊ ဒြော် ... သားနာမည် ပြောပါဦး”

“ရဲခေါင်ယံပါ ခင်ဗျာ”

“အေး ... အေး၊ နေ့လယ် ပြန်ဆက်လိုက်နော် ကလေး”

သူမမိခင် ဖြစ်ပုံရပါသည်။ ဆေးရုံမှာတုန်းက ကျေးဇူးစကားသာ ဆိုသွားတာ သူ့နာမည်ကို မေးမသွားပါ။

နေ့လယ်ဘက်ကျတော့ ဇလပ် လာကိုင်သည်။

“ဟဲလို”

“ဇလပ်လား”



“ဟုတ်တယ် ယံ။ မနက်က ဆက်သေးတယ်ဆို”

“ဟုတ်တယ်၊ ကိုယ် စိတ်ပူနေလို့။ သက်သာရဲ့လား”

“သက်သာပါတယ် ယံရဲ့၊ လန့်သွားတာ တစ်ခုပဲ။ ဒီနေ့တော့ ကျောင်းမတက်ချင်သေးလို့ နားနေတာ”

“အင်း ... နားလိုက်တာ ကောင်းပါတယ်၊ ပြည့်ပြည့်ဝဝနားပြီးတော့မှ ပြန်တက်ပေါ့။ စာတွေအတွက် စိတ်မပူနဲ့ ကိုယ် ပြန်ရှင်းပြပေးမယ်”

“Yes, Sir”

“ကဲ ... တပည့်ကြီး နေကောင်းအောင်နေ၊ တပည့်ကြီး ကျောင်းပြန်တက်မယ့်နေ့ကို စောင့်နေမယ်”

“အင်းပါ”

“ကိုယ် အိမ်ကို သတင်းလာမေးခွင့် ရှိမလား”

“ဇလပ် မနက်ဖြန် ကျောင်းပြန်တက်မှာပါ ယံ။ မနက်ဖြန် တွေ့မယ်လေ”

“Ok see U”

“See U tomorrow”

မနက်ဖြန်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ဆိုတာ မျှော်လင့်ချက်ရှိသူအတွက်တော့ ရင်ဖုန်ဖွယ်ရာ နာရီတွေပဲပေါ့။

မနက်ဖြန်မှာ သူမကို Propose လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီလေ။

ရင်ဘတ်ထဲကို ဝင်ရောက်ကျူးကျော်မှာ ကြောက်လွန်းလို့ တံတိုင်းအထပ်ထပ် ကာရံထားတာတောင်မှ အချစ်က နှလုံးသားဗဟိုကို စီးနင်းလိုက်ပြီး ...

"မင်း ရွှေဇလပ်ညိုကို ချစ်စေ"

လို့ အမိန့်ပေးလိုက်ကြောင်း သက်ဆိုင်သူသို့ အသိပေး အကြောင်းကြားရမယ်လေ။

သူ ဘယ်လိုဆုံးဖြတ်သည်ဖြစ်စေပေါ့။

သူ့ ကတော့ ရင်ဘတ်ချင်း နှစ်နားညီဖို့ ဆုတောင်းရုံမှတစ်ပါး။

♥ ● ♥



"ဇလပ်"

"ပြောလေ ယံ"

တာသင်ခန်းဆိုတာ ရည်းစားစကားပြောဖို့ နေရာမှ မဟုတ်တာလေ။ ထို့ကြောင့် ...

"ဆရာမ မလာသေးတာကွာ၊ အပြင်ခဏသွားရအောင်"

"ဘယ်သွားမှာလဲ ယံ။ ကင်န်တင်းလား"

"မဟုတ်ဘူး၊ စကားအေးအေးဆေးဆေးပြောလို့ ရတဲ့နေရာတစ်ခုခုပေါ့။ အင်း ... မလေးရှား ပီတောက်ပင်အောက် ဖြစ်ဖြစ် သွားထိုင်ရအောင်"

"ယံ ရွေးတဲ့နေရာက နည်းနည်းကဗျာဆန်နေသလိုပဲ"

"ဟုတ်လိမ့်မယ်၊ နှလုံးသားထဲကစကားကို ပြောမှာဆိုတော့လည်း ကဗျာဆန်တဲ့နေရာမှာ ပြောမှဖြစ်မှာပေါ့"

"ဘာရယ် ယံ ... ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... လာပါကွာ၊ သေချာပြောပြမယ် ... လာ"

"အင်း ... နှလုံးသားထဲက စကားဆိုတော့ ဇလပ်ကလည်း ကဗျာဆန်ဆန်လေး နားထောင်ချင်တာပေါ့ ယံရဲ့"

ရွှေဇလပ်ညိုက ကြည်ကြည်နူးနူးလေး ပြုံးပစ်လိုက် သည်။ နောက်ဆုံးတော့ သူမ လိုချင်တဲ့ပန်းတိုင်ကို ရောက်လာပြီ

ဒီတော့ သူမရဲ့ပန်းတိုင်ကို ပိုပြီးလှပအောင် အသက် သွင်းရမှာပေါ့။

"အင်း ... ဒီစာသင်ခန်းထဲမှာ လူအများရှေ့မှာ ယံ့နှလုံး သားထဲက စကားကို ဇလပ် ကြားချင်တယ် ယံ"

"ဟာ ... ရှက်စရာကြီး"

"စာသင်ခန်းထဲမှာရှိတဲ့ သူငယ်ချင်းတွေ အားလုံးကို သက် သေထားချင်လို့ပါ ယံ။ အတည်ပြုချင်လို့ပါ"

"ကောင်းပြီ၊ ဇလပ် သဘောကျ ဖြစ်စေရမယ်၊ ဒါပေ တစ်ခုတော့ရှိတယ်နော်။ ဇလပ်တို့ကို အဖြေပေးရင်လည်း ဒီစာသင်ခန်းထဲမှာပဲ ပြန်ဖြေရမယ်"

"စိတ်ချ ယံ။ ဇလပ်က အချိန်တောင်မဆွဲဘူးနော်၊ ယံ့ ချက်ချင်း အဖြေပေးမှာ"



"တကယ် ... ဟား မိုက်တယ်ကွာ၊ ကဲ ... လာ၊ အခု ပြောမယ်"

ရဲခေါင်ယံရဲ့ ခြေလှမ်းတွေက မြူးဖျသွက်လက်လို့ အတန်းရှေ့ဆီ။ သူ့ခြေလှမ်းတွေနောက်မှာ အားရကျေနပ်နေတဲ့ ဇလပ်ရဲ့ခြေလှမ်းတွေ။

အတန်းရှေ့မှာ ခြေနှစ်စုံ ချရပ်မိတော့ ...

"အဟမ်း ... သူငယ်ချင်းတို့ ... Please "

ရဲခေါင်က မာန်ပါကာ မြောက်ကြွကြွတောင် ဖြစ်နေ သည်။ သူ့ကိုယ်သူ အဆိုတော်လိုလို အိုက်တင်တစ်ခွဲသားနှင့်။

တစ်ခန်းလုံးက သူ့ကို ဝိုင်းကြည့်ကြပြီဆိုမှ ...

"ဒီနေ့ သူငယ်ချင်းတွေ အားလုံးကို တိုင်တည်ပြီး ပြော စရာရှိပါတယ်၊ အဲဒါကတော့ ..."

သူ့ဘေးမှာ မရို့တရို့လေး ရပ်နေတဲ့ ရွှေဇလပ်ညို ကို ငဲ့ကြည့်ကာ ...

"ဇလပ်ကို အရမ်းချစ်တယ်"

ရွှေဇလပ်ညိုရဲ့အပြုံးက ပိုပိုပြင်လာတယ်။ တစ်ခန်း လုံး မီးကိုရေနဲ့ငြိမ်းသတ်လိုက်သလို တိတ်ဆိတ်ငြိမ်သက်လို့။

ခဏကြာမှာ ကျော်စွာက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဖြောင်း ... ဖြောင်း ... ဘရာဗို ... ဘရာဗို"

ကျော်စွာ လက်ခုပ်သံနောက်မှာ ...

"ရှီး ... Romantic ဖြောင်း ဖြောင်း"

လက်ကွင်းမှုတ်သံ၊ လက်ခုပ်လက်ဝါးတီးသံတွေနဲ့ တစ်ခန်းလုံး ညဘာသေးလိုက်ကြတာ။

"ခဏလေး နေကြပါဦး၊ ဇလပ် သူ့ကို အဖြေပြန်ပေးချင်လို့၊ Please ... Please ခဏလေး"

"ဟာ ... ချက်ချင်း ပြန်ပေးမှာလား၊ ဝိုး ... မိုက်တယ်ဟေ့"

"ရုပ်ရှင်ထက်တောင် ကြည့်လို့ကောင်းသေးတယ်"

ဇလပ်က တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေကို ငြိမ်အောင် စောင့်နေသည်။

"ရှူး ... တိုးတိုးတိတ်တိတ်၊ ဟိုမှာ ရွှေဇလပ်ညို အဖြေပေးတော့မယ်"

အားလုံး တိတ်သွားမှ ဇလပ်က ...

"ဇလပ် ဒီနေ့ကို စောင့်နေခဲ့တာ ကြာပါပြီ။ အခု အားလုံးရှေ့မှာပဲ ဇလပ် သူ့ကို အဖြေပေးပါမယ်"

ရွှေဇလပ်ညိုက ရဲခေါင်ရှေ့တည့်တည့် သွားရပ်ကာ





"ဖြန်း ... ဖြန်း"

ရဲခေါင် မျက်နှာ ဟိုဘက်ဒီဘက် လည့်ထွက်သွားသည်။

"ဟာ"

"ဟင်"

"အို"

"ဟယ်"

အာမေဋိတ်သံတွေ စုံသွားသည်။ ရဲခေါင် မျက်ဝန်းတွေက မယုံနိုင်သလို အကြည့်တွေနှင့်။

"ဇလပ် အဲဒီလောက်ထိ သူ့ကိုမုန်းတယ်၊ ကမ္ဘာပေါ်မှာ ငါအမုန်းဆုံးလူက နင်ပဲ ရဲခေါင်ယံ"

"ဇလပ် ဘာလို့ ဒီလိုလုပ်တာလဲ၊ ကိုယ် ဘာမှားလို့လဲ"

"ရွှေဇလပ်ညို ဆိုတာ ငါ့ရဲ့ဘယ်အကန့်မှာမှ စာရင်းမရှိဘူးဆိုတဲ့ စကားကို မှန်မမှန် စမ်းသပ်ကြည့်လိုက်တာလေ"

"ဒါဆို မင်း တမင် ငါ့ကို ဟာရောတာပေါ့၊ မင်းတော်ပါတယ် ရွှေဇလပ်ညို။ ခုချိန်မှာ မင်းကို ငါ အသည်းနင့်အောင် ချစ်နေပါတယ်။ အဲဒါ မင်းအတွက် ငါ့ရဲ့နောက်ဆုံးစကားပဲ"

www.burmeseclassic.com



ချာခနဲ လှည့်ထွက်သွားသော ရဲခေါင်ယံကို ကြည့်ကာ ဇလပ်က အားရပါးရ ရယ်နေသည်။ ဒါပေမဲ့ ရယ်ရင်းနဲ့ မျက်ရည်တွေ ကျနေမိတာ ဘာကြောင့်လဲ။

♥ ✿ ♥





ရဲခေါင်နဲ့ ဇလပ်ရဲ့သတင်းက ကျောင်းထဲမှာ ဟိုးဟိုးကျော်သွားသည်။

ရဲခေါင်က အခန်းထဲက ထွက်သွားပြီးကတည်းက တစ်ပတ်လုံး ကျောင်းမတက်ခဲ့။

တော်တော်များများကတော့ ရွှေဇလပ်ညို လွန်သည်ဟု ဝေဖန်ကြသည်။

"ဒီကိစ္စမှာ ရွှေဇလပ်ညို လွန်တာပေါ့ဟ"

"အေးလေ ... သူ့ကို ရဲခေါင်က စိတ်ထဲမထည့်တာနဲ့ မာယာသုံးပြီး ကလဲ့စားချေတာ။ သိပ်ကြောက်စရာကောင်းတာပဲ"

ဇလပ်ကတော့ မျက်နှာပြောင်တိုက်ပြီး အေးဆေးပဲ ကျောင်းဆက်တက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာနှင့် ရန်လေးက ရွှေဇလပ်ညိုကို တော်တော်အမြင်ကတ်သွားသည်။

ကျောင်းသူအချို့ကလည်း ရွှေဇလပ်ညိုကို့ပဲ ပြစ်တင်ပြောဆိုကြပါသည်။

ဇလပ်နဲ့ တော်တော်ခင်တဲ့ ရွှေဆုတောင် ဇလပ်ကို နားမလည်နိုင်ဘဲ ခပ်တန်းတန်း ဖြစ်သွားသည်။

ထိုက်တန်ကတောင် ...

"ဇလပ်ရယ် ... နင် အဲဒီကိစ္စကို နှစ်ယောက်တည်း ရှင်းရမှာလေဟာ။ ဘာလို့ အတန်းသားတွေရှေ့မှာ ရှင်းလိုက်ရတာလဲ"

"ငါကတော့ အဲဒီလို ရှင်းလိုက်ရတဲ့အတွက် အားရတယ်"

♥ ✿ ♥



"သမီး ... ဖုန်းလာတယ်"

"လာပြီ မေမေ"

သူမ ဖုန်းပိတ်ပြီး အားသွင်းထားတာကြောင့် အိမ်ဖုန်းကို ဆက်လာတာပဲဖြစ်သည်။ ဘယ်သူပါလိမ့်။

"ဟယ်လို"

"ဇလပ် ... နင်တို့အိမ်ကို ဒီနေ့ သတင်းစာရောက်ပြီလား"

"မသိဘူး။ ရောက်ပြီ ထင်တယ်။ ဘာလို့လဲ"

"ရောက်ရင် နာရေးကြော်ငြာကို လှန်ကြည့်လိုက်"

"ဘယ်သူ့နာရေးလဲ"

"ဗိုလ်နန်မြကြီး နာရေးလေ။ ဘာဖြစ်တာလဲတော့ မသိဘူးဟာ။ ပြင်ဦးလွင်မြို့တွင် ရုတ်တရက် သေဆုံးသွားပါသဖြင့်တဲ့။ ဖတ်ကြည့်လေ"

"နင် ပြောလို့ ငါ သိသွားပြီပဲ။ မဖတ်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဖတ်ကြည့်ပါ။ နင် ဖတ်သင့်လို့ ငါ ဖတ်ခိုင်းတာ ဒါပဲ"

ပြောပြီးတာနဲ့ ထိုက်တန်က ဖုန်းချသွားပြီ။

"မေမေရေ သတင်းစာရောက်ပြီလား"

"အေး ... ရောက်ပြီ။ ကဲ ... သမီးလေး၊ မေကြီးဆိုင်ကို သွားပြီနော်။ သမီး ဒီနေ့ ကျူရှင်သွားမှာလား"

"သွားမှာ မေမေ"

"အေး ... အေး၊ ကားကို ဂရုစိုက်မောင်းနော်"

"ဟုတ်"

သတင်းစာယူပြီး ထမင်းစားခန်းထဲ ဝင်ထိုင်လိုက်တော့ စားပွဲပေါ်မှာ အုန်းနို့ခေါက်ဆွဲဟင်းရည်က အငွေ့တထောင်းထောင်းထနေသည်။

အုန်းနို့ခေါက်ဆွဲဆို တစ်ရေးနိုး ထကျွေးရင်တောင် အငမ်းမရ စားချင်သူပါ။

ဒါပေမဲ့ မေကြီးက တစ်ပတ်တစ်ခါလောက်ပဲ ကျွေးသည်။ အုန်းနို့က ကျန်းမာရေးကို ကောင်းကျိုးမပေးသဖြင့် တစ်ပတ်တစ်ခါမှသာ စားစေခြင်းပါ။

အုန်းနို့ခေါက်ဆွဲဟင်းရည်ကို တစ်ဇွန်း ခပ်မြည်းလိုက်တော့ လျှာဖျားမှ အုန်းနို့အရသာက စွဲထင်သည်။





"Good"

ခေါက်ဆွဲပန်းကန်လေး လှမ်းယူကာ ဟင်းရည်ခပ်ထည့်မလို့ပြင်ပြီးမှ သတင်းစာ အရင်ဖတ်ဖို့ စိတ်ကူးရကာ ခေါက်ဆွဲပန်းကန်ကို အသာပြန်ချလိုက်သည်။

"ဦးမြကြီး

ရုပ်ရှင်သရုပ်ဆောင်"

နာရေးသတင်းကို ဆက်ဖတ်လိုက်သည်။

"မောင်ရဲခေါင်ယံ (1 st yr B.Tech. GTC. သန်လျင်)၏ ဖခင်"

"ဟင်"

"ယံ့ဖေဖေ"

သူမတို့ သိပ်အမြင်ကတ်နေတဲ့ ဗီလိန်မြကြီးက ရဲခေါင်ယံရဲ့ဖခင်ပါလား။ ဒါကြောင့် ဟိုတစ်ခါ ဗီလိန်မြကြီး အကြောင်း ပြောနေတော့ ရဲခေါင် တက်ခေါက်သွားတာကို။

ဖအေကိုလည်း မုန်းတယ်။ သားကိုလည်း မုန်းတယ်။ တိုက်ပဲတိုက်ဆိုင်တတ်ပေတယ်။

ဒီတစ်ပတ်လုံး ရဲခေါင်ယံ ကျောင်းမတက်တာဟာ သူ့ဖခင်များ နာမကျန်းဖြစ်လို့လား။

www.burmeseclassic.com

www.burmeseclassic.com



သူမ ထင်တာက သူမတို့ကိစ္စကြောင့် ရဲခေါင်ယံ ရှက်သွားတယ်ထင်တာ။

ခုတော့ ထင်သလို မဟုတ်ရှာပါလား။

သူမ စိတ်မကောင်းဖြစ်သွားသည်။

သူ့ကို မုန်းတယ်ဆိုပေမယ့် သူ့ကို သူမ ပညာပေးလိုက်မိတဲ့အချိန်မှာ သူ့မှာ တစ်ဖက်က ဖခင်ဆုံးပါသွားသည်။

ထိုက်တန်ဆီ ဖုန်းပြန်ခေါ်လိုက်သည်။

"ဟယ်လို ... ဇလပ် ပြော"

"ထိုက်တန် ... ငါ စိတ်မကောင်းလိုက်တာဟာ"

"ထားလိုက်ပါဟာ။ တိုက်ဆိုင်သွားတာပါ"

"ရေစက်ပဲဟာ။ ဖအေကိုလည်း မုန်းတယ်။ သားကိုလည်း မုန်းတယ်"

"အရမ်းလည်း မုန်းမနေနဲ့ဦး ဇလပ်ရေ၊ မုန်းလွန်းရင် ချစ်ရတတ်တယ်"

"အဲဒါတော့ ကမ္ဘာဆုံးတဲ့အထိ မဖြစ်နိုင်သေးဘူး"

"ဟား ဟား ... အပြောမကြီးနဲ့။ တော်ကြာ ရဲခေါင်ယံ ကြားသွားလို့ ကလဲ့စားပြန်ချေနေဦးမယ်၊ ဒါပဲ ... ဘိုင့်၊ ငါ မနက်စာ မစားရသေးဘူး"



ထိုက်တန်ပြောမှ အုန်းနို့ခေါက်ဆွဲကို သတိရသွားသည်။

အိုး ... အေးစက်ကုန်ပါလား။

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



"ရဲခေါင်ရေ ... ရဲခေါင်"

"ကျော်စွာတို့ပါလား၊ လာ ... လာ"

ကျော်စွာ၊ ရန်လေး၊ ရွှေစုနှင့် သူတို့ အတန်းထဲက နှစ်ဦး သုံးဦး ထပ်ပါသေးသည်။

"သတင်းစာထဲမှာတွေ့လို့ လိုက်လာကြတာ"

"အေးကွာ"

"ရုတ်တရက် ဆိုတော့ ဘာဖြစ်တာလဲ ရဲခေါင်"

"ကားမှောက်တာ၊ ပြင်ဦးလွင်မှာ ရှုတင်ရှိလို့ သွားတာကွာ ပြင်ဦးလွင်အတက်မှာပဲ"

"စိတ်မကောင်း မဖြစ်ပါနဲ့ကွာ၊ ယောကျာ်းပဲ"

ရဲခေါင်က မရိုတရို ပြုံးနေသည်။ နှလုံးသားရေး၏ ပိုးဆိုးပက်စက် အသည်းကွဲနေတဲ့ အချိန်မှာ ဖခင်ကို ဆုံးရှုံးရပြန်သည်။



ဖခင်ဟာ သူ့ရဲ့ရွှေတောင်ကြီးလေ။ လ"

"သားရေ ... ရဲခေါင်၊ မနက်ဖြန် ရက်လည်ဆွမ်းကပ်ဖို့ အန်တီအားလုံး ပြင်ဆင်ပြီးပြီ။ အန်တီ ခဏပြန်လိုက်ဦးမယ်၊ ညနေ မင်း့ဦးနဲ့အတူ ပြန်လာခဲ့မယ်နော်"

"ဟုတ်ကဲ့ ... ရပါတယ် အန်တီ၊ ကျေးဇူးလည်း တင်ပါတယ်"

"အေး ... အေး၊ ဒါဆို အန်တီသွားပြီနော်"

အန်တီ ထွက်သွားရာကို လိုက်ကြည့်ရင်း ရွှေစုက ...

"ရဲခေါင် အဲဒါ ဘုရင်မရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်မို့လား"

"အင်း"

"မင်းသား မင်းသမီးတွေ လာမှာလား ရဲခေါင်"

"ဪ ... နင်ကလည်း တစ်မျိုး မိရွှေစုရယ်၊ ဒီမှာ သူ့အပူနဲ့သူ"

"ဆောရီး ... ဆောရီး"

"ရဲခေါင် ... နင်က တစ်ဦးတည်းသော သားလား"

ကျောင်းသူတစ်ယောက်က ဝင်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ့အမေကလည်း ငါ ငယ်ငယ်တည်းက ဆုံးတာ။ အစ္စ အဖေလည်း မရှိတော့ဘူး။ အရင်ကတော့ တစ်ဦးတည်းသောသား။ ခုတော့ တစ်ကောင်ကြွက်ပေါ့ ဟာ"

သူတို့အားလုံး စိတ်မကောင်းကြပါ။

"ဟဲ့ ... နင်တို့ရဲ့ တခြားအမျိုးတွေ မလာဘူးလား"

"အမျိုးလည်း သိပ်မရှိဘူးဟ။ ခင်ရာဆွေမျိုးလို့ ပြောရရင်တော့ ဖေဖေ့ရပ်ရှင်အသိုင်းအဝိုင်းက လူတွေအားလုံး အမျိုးတွေချည်းပေါ့။ ခုလည်း သူတို့ပဲ အားလုံးလာလုပ် ပေးနေတာ။ ငါ ဘာမှ မလုပ်တတ်ဘူး"

"ရဲခေါင်ယံရယ်"

ဇာတ်ပို့သရုပ်ဆောင် အန်တီကြီးတစ်ယောက်က သူတို့ကို ကွာစေ့ပန်းကန် လာချပေးသည်။ ပြီးတော့ သူတို့နား ဝင်ထိုင်ကာ ...

"မင်းတို့သူငယ်ချင်းကို ဝိုင်းပြီး နားချပေးကြပါဦးကွာ။ ပရိုဂျူဆာက သူ့ရုပ်ရည်ကလေးကို သဘောကျလို့ မင်းသားတင်ပေးမယ် ပြောတာကို မလုပ်ဘူးချည်းပဲ ခေါင်းခါ နေတယ်"





"ဟာ ... ရဲခေါင် လုပ်လေကွာ။ ဒါဟာ အခွင့်အရေးပဲ နော်"

"ဟုတ်တယ် ကလေးတို့ရယ်၊ ဒီခေတ်မှာ မင်းသားဖြစ်ဖို့ ငွေထုပ်ပိုက်ပြီး ကြိုးစားနေရတဲ့သူတွေ တစ်ပုံကြီး။ ခုဟာက ကိုမြကြီးသားလေး ဖြစ်နေတာတစ်ခုတည်းနဲ့ သူ့ကို ဝိုင်းတင်ပေးကြမှာ။ ကိုမြကြီးက တကယ် သဘောဖြူ အူစင်းကြီး။ အနုပညာဝမ်းစာလည်း အလုံအလောက်ကိုရှိတာ။ အသွားစောတယ်ကွယ်"

ထိုအန်တီကြီးက ပြောရင်း တစ်ရှူးနှင့် မျက်ရည်တို့ သုတ်သည်။

"ရဲခေါင် ... မင်း လုပ်ရင် ဖြစ်ပါတယ် သားရယ်။ မင်း မှာ ညို့အားရှိတယ်"

"သားမှ မလုပ်တတ်တာ အန်တီညိုရာ"

"မလုပ်သေးလို့ပါ။ လုပ်ကြည့်လိုက် ဖြစ်သွားလိမ့်မယ်။ မင်းမှာ မင်းအဖေရဲ့ အနုပညာသွေး ပါကိုပါမှာ"

ကျော်စွာတို့ကပါ ဝိုင်းတိုက်တွန်းကြသည်။

ရဲခေါင်လည်း တွေးပါသည်။ ခုဆို သူ့ရဲ့ဖခင်ကြီး မရှိတော့ပြီ၊ အရံသရုပ်ဆောင်တစ်ယောက်ရဲ့ ဝင်ငွေက သူတို့



www.burmeseclassic.com

www.burmeseclassic.com



သားအဖ စားဝတ်နေရေးနှင့် သူ့ကျောင်းစရိတ်ကို ဖူလုံစေရုံသာမို့ စုမိဆောင်းမိ မရှိပါ။

ဖခင် ချန်ရစ်ခဲ့တဲ့ ပိုင်ဆိုင်မှုဆိုလို့ ဒီတိုက်ခန်းလေး တစ်ခန်းပဲရှိသည်။ သူ ရှေ့ဆက်ရမယ့်ဘဝကို အရှည်ကြီးလက်ထဲမှာ ပိုက်ဆံမယ်မယ်ရရ မရှိဘဲ သူ ဘယ်လိုရှေ့ဆက်ရမလဲ။

ဝါသနာမပါပေမယ့် သူ့မှာ ရွေးစရာလမ်းမှ မရှိတာ။ လောကအလယ်မှာ စမ်းတဝါးဝါး လျှောက်နေမယ့်အစား ဖခင်၏ နိုလိုရာဖြစ်ခဲ့သော အနုပညာအသိုင်းအဝိုင်း၏ ရင်ခွင်သို့ပဲ ခိုလှုံဖို့ စဉ်းစားလိုက်ပြီ။

ပရိဂျူဆာကိုတော့ မနက်ဖြန် ရက်လည်ပြီးမှပဲ အသိပေး အကြောင်းပြန်တော့မယ်။

ရွှေစုတို့ မိန်းကလေးတစ်ဖွဲ့ကို အန်တီညိုက ညွှန်ပြနေတုန်း ကျော်စွာနှင့် ရန်လေးက သူနှင့်အတူ အခန်းထဲဝင်လာသည်။

သူ့အခန်းထဲ ရောက်တော့။

"ဟာ ... ရွှေဇလပ်ညိုရဲ့ ပုံတူပန်းချီတွေပါလား"

"ရဲခေါင် ... မင်း ပန်းချီဆွဲတတ်လား"

"အင်း"





စားပွဲပေါ်က Photo Stand လေးထဲမှာ ရွှေဇလပ်ညိုရဲ့ဓာတ်ပုံလေး။ ပုံစံက ဘေးတစောင်း စူပုပ်ပုပ်မို့ တမင်ရိုက်ထားတာ မဟုတ်ဘဲ ခိုးရိုက်ထားမှန်း သိသာသည်။

"ငါ သူ့ကို စတွေ့ကတည်းက ချစ်ခဲ့တာ"

"မင်းကွာ"

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ရက်လည်ပြီးသွားပေမယ့် ကျော်စွာနဲ့ ရန်လေးက သူ့အိမ်မှာ လာအိပ်သည်။

နှစ်သိမ့်အားပေးသော သူငယ်ချင်းနှစ်ယောက်ကို ကျေးဇူးတင်ပါသည်။

"ရဲခေါင် ... ငါ့ကို ပုံတူပန်းချီဆွဲပေး"

"ငါက feel မလာရင် ဆွဲလို့မရဘူးကွ"

"ဘာလဲ၊ မင်းက ရွှေဇလပ်ညိုကိုမှ feel လာတာလား။ နေဦး၊ မင်း ပြောတော့ ရွှေဇလပ်ညိုက ဘယ်အကန့်မှာမှ မရှိပါဘူးဆို"

"အဲဒါ ငါ ဟန်ဆောင်ခဲ့တာ"

"ဖြစ်ရပြန်ပြီ"

"ငါ သူ့ကိုတွေ့ကတည်းက ရင်ခုန်ခဲ့တာ"

"နေပါဦး၊ မင်းက ဘာလို့ ဟန်ဆောင်ရတာလဲ"





"ငါ့အဖေကြောင့်ပေါ့ကွာ။ ငါ့အဖေ သရုပ်ဆောင်တာက ရိုးရိုးဇာတ်ပို့ မဟုတ်ဘူးလေ။ သရုပ်ဆောင်လိုက်တိုင်း လူကြမ်းတို့ ဗီလိန်တို့ ဒါပဲထပ်နေတာ။ အနုပညာအသိုင်း အသိုင်းက လူတွေကလွဲရင် အပြင်လူတွေအားလုံးက ငါ့ အဖေကို အကောင်းမမြင်ကြဘူး။ မုန်းကြတယ်။ လူဆိုးကြီး၊ လူကြမ်းကြီး ဗီလိန်ကောင်ကြီးဆိုပြီး ရွံမုန်းကြတယ်"

"ဟာကွာ၊ ဒါကတော့ သရုပ်ဆောင်ရတာပဲ၊ လူတွေက နားလည်ကြပါတယ်ကွာ"

"တချို့ နားမလည်တဲ့သူတွေ ရှိတယ်ကွ၊ ငါ ငယ်ငယ် တုန်းကဆို ခဏ ခဏ ကျောင်းပြောင်းခဲ့တယ်။ အတန်းထဲ မှာဆိုလည်း အဖေ့သားအနေနဲ့ ငါ့ကို မုန်းကြတယ်။ ဆရာမတွေကအစ ငါ့ကို နှိမ်ကြတယ်၊ ကြာလာတော့ အဖေ့ကို နားလည်ပေးနိုင်ပေမယ့် ပတ်ဝန်းကျင်ကိုတော့ ကြောက်လာတယ်။ အရွယ်ရောက်လာတော့ ပိုသိလာရ တယ်။ မိန်းကလေးတွေက အဖေ့ကိုဆို အရမ်းမုန်းကြ တယ်။ ငါ့ကို အဖေ့သားမှန်းသိရင်လည်း ရွံသွားကြတာ ချည်းပဲ။ တဖြည်းဖြည်းနဲ့ ငါ့ကို ငါ့အဖေရဲ့ ပတ်ဝန်းကျင် က ပုံသွင်းလာတယ်။ မိန်းကလေးတွေ ငါ့ကို မသိသလို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံလို့ ငါကလည်း မိန်းကလေးတွေကို မုန်းနိုင်ရှောင်နိုင်အောင် ကြိုးစားခဲ့တာပဲ၊ ဒါပေမဲ့ ...

ရွှေဇလပ်ညိုကို တွေ့တော့ တွေ့တွေ့ချင်းပဲ ငါ့ရင်တွေ အဆမတန် ခုန်ခဲ့ရတယ်။ ငါ သူ့ကို ချစ်သွားခဲ့တာကို ဖုံးကွယ်ချင်လို့ မုန်းရောင်လွှမ်းခဲ့ရတာပါကွာ”

“ဩှတ် ... မင်းဟာကလည်းကွာ၊ အပျက်ပျက်နဲ့ နာခေါင်းသွေး ထွက်ရပြီပေါ့ကွ”

“ငါ ဇလပ်ကို သိပ်ချစ်တယ်ကွ၊ ဒါပေမဲ့ သူကတော့ ငါ ပထမပိုင်းက သူ့ကို ဆက်ဆံခဲ့တာတွေအတွက် တော်တော်နာကြည်းနေပုံရတယ်”

“ရဲခေါင် ... မင်း မင်းသားဖြစ်ရင် သူ့ကိုပြန်လိုက်ကြည့်ပါလား”

“မထင်ပါဘူးကွာ၊ သူ့နှလုံးသားက ငါ့အတွက်ဆို အမုန်းတံတိုင်း အပြည့်ခတ်ထားတာကွ”

♥✿♥





ရဲခေါင်ယံ ကျောင်းမတက်တော့။ သူမ ရဲခေါင်ယံနှင့် ပတ်သက်သည့်သတင်းကို ဘယ်သူ့ဆီကမှ မကြားရ။

ထိုက်တန် စုံစမ်းပေးသလောက်သာ သိရသည်။ ရဲခေါင်ယံ တစ်ယောက် အနုပညာလောကထဲကို ခြေစုံပစ်ဝင်သွားသတဲ့။

ကျောင်းမတက်တော့ဘူး ဆိုပဲ။

ကိုယ်သိပ်မုန်းသည့်လူကို မတွေ့ရတော့တဲ့အတွက် သူမ ဝမ်းသာသင့်တာပေါ့နော်။ သို့သော် သူမ ရင်ထဲ ဟာနေသလိုလို။

ရဲခေါင် ကျောင်းဆက်မတက်တော့တာဟာ ကျောင်းမလာရဲတော့လို့များလား။ သူမကြောင့် ကျောင်းဆက်မတက်တာလားဆိုတဲ့ ဝေခွဲမရမှုက သူမကို နှိပ်စက်လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

အနုပညာလောကထဲ ခြေစုံပစ်ဝင်သည် ဆိုတာက ရော ဘာလဲ။ သူ့အဖေလို ဗိလိန်သရုပ်ဆောင် လုပ်မလို့လား။ အဲလိုမလုပ်စေချင်ပြန်။ သူမစိတ်တွေ ဘာဖြစ်နေတာလဲ။

တကယ်ဆို ရဲခေါင် ဘာလုပ်လုပ် သူမနှင့် ဘာဆိုင်လို့လဲ။

ခုချိန်မှာ သူမ အဖြစ်ချင်ဆုံးဆန္ဒက ရဲခေါင်ယံကို ကျောင်းပြန်တက်စေချင်တာပါပဲ။ သို့သော် ထိုဆန္ဒအတွက် သူမကိုယ်သူမလည်း နားမလည်နိုင်ပါဘူးလေ။

တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် ပြန်နားမလည်နိုင်တဲ့ အကြောင်းအရာတွေ အများကြီးပဲ။

♥ ✿ ♥





"ငယ်လေး"

"ကိုတေး ပြောလေ"

"ဒီနေ့ ကိုယ်တို့ ချစ်သူဖြစ်တာ တစ်နှစ်ပြည့်နော်"

"ဟုတ်"

"ဟုတ်ရင် မျက်စိမှိတ်ထား"

"အာ ... ကိုတေးနော်။ ကိုတေး ဘာလုပ်မလို့လဲပြော။ ပါးကိုကိုက်ဖို့ စဉ်းစားမနေနဲ့ ဆရာရေ။ ပါးမှာဝက်ခြံ ပေါက်နေတယ်။ ပါးစပ်ထဲကို ဗျစ်ခနဲ ဖြစ်သွားမယ်"

တေး မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"ပြောလိုက်ရင် ပျစ်ပျစ်နှစ်နှစ်ပဲကွာ။ feel လေးတောင် ပျောက်သွားပြီ"

"စေတနာနဲ့ ပြောတာပါ"

"ကဲပါကွာ၊ မျက်စိမှိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ"

"မှိတ်ဆိုမှိတ်"

ထိုက်တန်က မျက်စိစုံမှိတ်လိုက်သည်။ တေးက ထိုက်တန်ရဲ့ ကြော့ရှင်းနေသော လည်တိုင်နုထက်မှာ ရွှေဖြူဆွဲကြိုးလေးတစ်ကုံး ဝတ်ဆင်ပေးလိုက်သည်။ စိန်လော့ကဒ်တီပုံစံလေးနဲ့ ဆွဲကြိုးလေးကလည်း နောက်ဆုံးပေါ်ဒီဇိုင်းလေး။

"ကဲ ... ဖွင့်တော့၊ ရပြီ"

ထိုက်တန်က သူ့လည်ပင်းကို သူ ပြန်စမ်းနေသည်။ တေးက အသင့်ယူလာသော အိတ်ဆောင်မှန်လေးကို ဘောင်းဘီအိတ်ထဲက ဆွဲထုတ်လိုက်ပြီး ပြလိုက်သည်။

"ဆွဲကြိုးလေးက ချစ်စရာလေး။ ဒါပေမဲ့ ထိုက်တန်မဆွဲချင်ဘူး ကိုတေး"

"ဟာ ... ငယ်လေးကလည်း ကြည်နူးတာလေး ပျောက်အောင်မလုပ်နဲ့ကွာ။ ဒါ ချစ်သက်လက်ဆောင်လေကွာ"

"အင်းလေ ... ထိုက်တန် ယူမယ်လေ။ ဒါပေမဲ့ ဆွဲမထားချင်ဘူး။ သိမ်းထားမယ်လို့ ... နော်"

"မရဘူးကွာ။ ကိုယ်က ငယ်လေးကို ဆွဲစေချင်လို့ပေးတာ။ ဆွဲထားပါကွာ။ ချစ်စရာလေးပါ။ ကိုယ် လှလှလေး ရွေးလာတာပါ"





"မလှလို့ မဟုတ်ဘူး ကိုတေးရဲ့။ ထိုက်တန်က ဆွဲကိုမဆွဲတတ်တာ။ သွားစရာ လာစရာရှိလို့ မေကြီး ဆင်ရင်တောင် မဝတ်ဘူး။ ဝတ်ရတာကို မကြိုက်တာ"

"ကိုယ် တောင်းပန်ပါတယ် ငယ်လေးရာ။ ကိုယ့်ရဲ့ချစ်သက်လက်ဆောင်လေးကိုတော့ ဝတ်ထားပါ။ ကိုယ့်ကို ချစ်ရင် ဝတ်ထားပါ။ ကိုယ့်ကိုမချစ်တော့ဘူးဆိုမှ ဒီဆွဲကြိုးကို ချွတ်ရမယ်"

"စိတ်ပိန်တယ်ဗျာ၊ တကယ်ပဲ"

"ကိုယ့်ကို မချစ်ဘူးလား"

"ထိုက်တန်က ဝတ်တယ်ထားဦး။ မေကြီးနဲ့ ဖေလပ်တွေ့ရင် ဘယ်လိုပြောရမလဲ။ ကိုယ့်ဘာသာဝယ်ဝတ်တယ်ဆိုရင် ယုံမှာမဟုတ်ဘူး"

"ကိုယ်ပေးတယ်လို့ ပြောလိုက်ပေါ့"

"အဲဒါဆို ဝိုင်းသမကြမှာပေါ့"

"ငယ်လေးရယ်။ ဒါတွေဟာ တစ်နေ့ရင်ဆိုင်ရမှာပဲလေ။ စောစောသိသွားတော့လည်း ကောင်းတာပဲ။ ဖြစ်နိုင်ရင် ကိုယ်က ငယ်လေးကို လက်ထပ်ချင်နေပြီ"

"အာ ... ယောကျ်ားမယူချင်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ယောက်ျားမယူချင်သေးရင်နေ။ ဒီဆွဲကြိုးတော့ မချွတ်ကြေး။ ငယ်လေးနော်။ ဒီဆွဲကြိုးကိုချွတ်ရင် ကိုယ် အရမ်းစိတ်ဆိုးမှာနော်"

ထိုက်တန်က သူ့ဆံပင် တိုဖောင်းဖောင်းလေးကို တဖြင်းဖြင်းကုတ်ရင်း ...

"စိတ်ညစ်ပါတယ်ဗျာ၊ ဘယ်လိုလုပ်ရမလဲ"

တေးက သူ့မပုံစံလေးကို ချစ်စနိုးဖြစ်လာတာနဲ့ ...

"အာ ... ကိုတေးနော်၊ လွှတ်ဗျာ၊ အာ ... သူများတွေနဲ့"

"ဘယ်သူမှ မမြင်ပါဘူး၊ ကိုယ်တို့က ထောင့်မှာပဲ"

ပါးဥဥလေးနစ်ဖက်ကို အသည်းတယားယားနှင့် ဆွဲကိုက်ပစ်လိုက်သည်။

ကောင်မလေးရဲ့ ရက်မျက်နှာက သူ့ရင်ခွင်မှာ နိဝင်၏။

"ကိုယ်"

"ပြောလေ ငယ်လေး"

"ငယ်လေးကို တစ်သက်လုံးချစ်နော်"

"စိတ်ချ"

သူ့ပါးတစ်ဖက် ဖျတ်ခနဲ နွေးသွားသည်။





"ငယ်လေးရဲ့ နှစ်ပတ်လည် ချစ်သက်လက်ဆောင်"

ရင်ထဲမှာ အတိုင်းမသိ ကြည်နူးမိသည်။ ဒါဟာ သူမဆီက ပထမဆုံးရတဲ့ အနမ်းဦးလေ။

♥ ✿ ♥

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ )၊ ဓမ္မဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြိုးကို အရင်ဆုံးတွေ့သွားသူက ဇလပ်။

"ထိုက်တန် ... နင်က ဆွဲကြိုးတွေ ဘာတွေနဲ့ပါလား"

"အဲ ... အင်း ... ဟုတ်တယ်"

"ဘာလဲ၊ ကြိုးမိုး ဆွဲနိုင်းတာလား"

"ဟို ... မဟုတ်"

"ထိုက်တန်မ ... နင် ဘာဖြစ်နေတာလဲ"

"ဩော် ... ဒီဟာလေးကလှလို့ ငါဝယ်ဆွဲထားတာပါဟ၊ ဒါက ဖန်စီလေးပါ"

"နင့်ဖန်စီကလည်း အစစ်အတိုင်းပါလား၊ ထားပါ၊ နင်က ဘာအရူးထပြီး ဆွဲရတာလဲ"

"ဘာရယ်မဟုတ်ပါဘူးဟ၊ လှလို့ဆွဲကြည့်တာပါဆို"

"ချွတ်လိုက်၊ ငါ ဆွဲကြည့်မလို့"

"ဟာ ... မလုပ်ပါနဲ့"



"နင်ကလည်း ဘာဖြစ်တာလဲ၊ ချွတ်ဟာ ငါလည်းဆွဲကြည့်ချင်လို့၊ ငါကြိုက်ရင် ယူမှာနော်။ နင့်ဘာသာ အသစ်ထပ်ဝယ်"

"ဟာ ... ဟင့်အင်း"

"ထိုက်တန်နော် ... ငါ စိတ်တိုလာပြီ"

ထိုက်တန်က လည်ပင်းကို လက်နဲ့ပိပြီး အကြောက်အကန် ငြင်းနေသည်။ ဇလပ်က မရိတရိပြုံးလိုက်ပြီး ...

"ဟား ဟား ... ယူမှာ ကြောက်နေလိုက်တာ မိထိုက်တန်ရာ၊ အဲဒါ နင့်ရည်းစားပေးတယ်ဆိုတာ သေချာသွားပြီ"

"ဇလပ် ... ငါလေ"

"နင်က ငါ့ကိုတောင် မတိုင်ပင်ဘူး၊ ပြောပါဦး၊ နင့်ရည်းစားက ဘယ်သူလဲ၊ ငါတို့ကျောင်းကပဲမို့လား၊ ကျိတ်ပုန်းခုတ်တာ ငါတောင်မရိပ်မိဘူး"

"မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ"

"ကျောင်းက မဟုတ်ဘူး"

"ဒါဆို ဘယ်သူလဲ၊ ရပ်ကွက်ထဲကလား။ ရပ်ကွက်ထဲက ကောင်တွေ ဆိုရင်တော့ ငါ သဘောမတူဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ဟို ..."

"ဘယ်သူလဲ၊ ပြောလေ"

"နင် စိတ်မဆိုးနဲ့နော်"

"ဆိုးစရာရှိရင် ဆိုးမှာပဲ"

"အဲဒါဆို ငါမပြောတော့ဘူး"

"မပြောရင် ကြိမ်းမိုးနဲ့ တိုင်မယ်"

"ဇလပ်နော်"

"ပြော ... ဘယ်သူလဲ"

"ပြောရင် နင် မေမေ့ကို မတိုင်နဲ့"

"အေး ... ပြော"

"ကိုတေးကမ္ဘာ"

"ဟမ် ... ဘယ်သူ၊ ကိုတေးကမ္ဘာ ဟုတ်လား"

"အင်း"

ထိုက်တန်က ခေါင်းငုံ့သွားပြီး ဇလပ်က ထိုက်တ[န်]ကို ပြုံးကြောင်ကြောင်လေး ကြည့်နေသည်။ ထိုက်တန်က မေ[...] ကြည့်ပြီး ငိုမဲ့မဲ့နှင့် ...

"ဇလပ် နင် သဘောမတူဘူးမို့လား။ ဟိုလေ ... ကိုတေ[း]က သဘောကောင်းပါတယ်ဟာ။ ကိုဒီဇင်ဘာနဲ့ မတူဘူး"



ဇလပ်က ထိုက်တန်ကို သေချာကြည့်ပြီး ...

"နင်နဲ့ ကိုတေး ငါမသွားတည်းက အဆက်သွယ်ပြတ်တာ မို့လား၊ ငါနဲ့အတူ ခြေရာပျောက်ခဲ့ကြတာလေ"

"ဟုတ်တယ်၊ နောက်ပိုင်းမှ ပြန်တွေ့တာ၊ နင့်ကိုပြောပြရင် ကိုဒီဇင်ဘာကိစ္စကြီးကို ပြန်ဆွသလို ဖြစ်မှာစိုးလို့"

"နင် ကိုတေးကို တကယ်ချစ်လား"

"အင်း ... သူကလည်း ငါ့ကို အရမ်းချစ်ပါတယ်ဟာ။ နင် သဘောမတူဘူးလားဟင်"

"ငါသဘောမတူရင် နင် နောက်ဆုတ်မှာလား"

"ဇလပ်ရယ်၊ ငါ ကိုတေးကို တကယ်ချစ်တာပါ"

"အေးလေ၊ နင်က ချစ်နေမှတော့ ငါက သဘောမတူလို့ ရတော့မလား။ ငါ့ကို လျှို့ထားတဲ့အတွက် ဟိုတယ်စာ လိုက်ကျွေးရမယ်လို့ ပြောလိုက် ကိုတေးကို"

"ဟယ် ... ဇလပ် တကယ်နော်"

"နောက်တစ်ခွန်းထပ်မေးရင် အဖြေက ဆန့်ကျင်ဘက်ဖြစ်သွားလိမ့်မယ်နော်"

"ဟာ ... ဝမ်းသာလိုက်တာ၊ ငါက နင်ဖျက်မှာကြောက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခိုးထားပြီးမှ စိုးရိမ်တာလား"

"မဟုတ်ဘူး။ နင်က အချစ်ကို မယုံတဲ့သူမို့လား"

"အချစ် ... အင်း ... အဲဒီအချစ်က လွယ်တော့ မလွယ်ဘူးဟ။ ထားလိုက်ပါ၊ ငါ မယုံတာနဲ့ပဲ နင့်ကိုဖျက်စရာလား။ လူတိုင်းက ကိုယ့်အယူအဆနဲ့ ကိုယ်လေဟာ။ ငါ မယုံပေမယ့် နင်ယုံတာကို ဖျက်ဆီးဖို့ စိတ်မပါဘူး။ နင်တို့အချစ် အဆင်ပြေအောင်ပဲ ငါ ဆုတောင်းပေးရမယ်လေ"

"ငါ ဝမ်းသာလိုက်တာ ဇလပ်ရယ်။ ကိုတေး သိရင်လည်း ဝမ်းသာမှာပဟ။ ကိုတေးက နင့်ကို ခဏခဏ မေးတယ်"

"တော်ပါ မိန်းမ"

"ဟိ ဟိ ... မိန်းမဆိုတာကြီးက နားထဲ တစ်မျိုးကြီးပဲ"

"ဟွန်း ... နောက်ဆို နင် ကိုတေးမိန်းမ ဖြစ်ဦးမှာ"

"ဟာ ... ဇလပ်နော်"

"မဟုတ်လို့လား"

"ဟာ ... မပြောနဲ့ဟာ"

"နင့်ကို ကိုတေး ဘယ်နှခါ ဖက်နမ်းပြီးပြီလဲ"

"ဇလပ် အစုတ်ပလုတ်"

"ငါးခါ ဟုတ်လား၊ မကဘူး ထင်တယ်"



"ကောင်စုတ်၊ လာခဲ့ ... ကဲ ကဲ"

ထိုက်တန်လက်တွေ ဇလပ်ကျောပေါ် ဝဲပျံလာသည်။ ပြော် ... အချစ်ဆိုသော နွံထဲသို့ ထိုက်တန်က အရင်သက်ဆင်းသွားပြီပေါ့။

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



ပျင်းပျင်းနဲ့ MRTV-4 ကို ကောက်ဖွင့်လိုက်တော့ ရဲခေါင်ယံရဲ့ သရုပ်ဆောင်သစ် မိတ်ဆက်ပွဲ လာနေသည်။ **Channel** ပြောင်းလိုက်ဖို့ စိတ်ကူးပြီးမှ ဆက်ကြည့်နေဖြစ်သည်။

ရဲခေါင်ယံက ဒီဇိုင်းပြောင်းသွားသည်။ အရင်တုန်းက ကျောင်းယူနီဖောင်းနဲ့ပဲ မြင်ခဲ့ဖူးသော ရဲခေါင်ယံက ဇေဒါရောင်ဘော်ဒီဖစ်တီရှပ်ကို ခရမ်းတောက်တောက် ဂျင်းနိပင်အကျပ် နှင့် တွဲဝတ်ထားပြီး လည်ပင်းမှာ ဇေဒါနှင့် ခရမ်းကွက် မာဖလာ ပတ်ထားသေးသည်။

တိုကပ်ကပ်ဆံပင်တွေက ကုပ်ထောက်နေပြီး ကိုရီးယားစတိုင်လ် ဖွာဆန်ကျဲလေး ညှပ်ထားသည်။

ဂျစ်ကန်ကန် စူပုပ်ပုပ် မျက်နှာထက်မှာ ညို့အားအပြည့်ပါသော အပြုံးတစ်ခုက နေရာယူထားပြီ။





ခြေလှမ်းကျဲကြီးတွေနှင့် ခပ်မြန်မြန် သွက်သွက် သမ်းလျှောက်ပုံအစား စမတ်တကျ သပ်ရပ်တိကျသော မော်ဒယ်လ် ခြေလှမ်းတွေနဲ့ ဖြစ်နေပြီ။

အများကြီးကို ပြောင်းလဲသွားသည့် ရဲခေါင်ယံကို ကြည့်ပြီး ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။

သူနှင့် နှစ်ကားတွဲရိုက်ထားသော မော်ဒယ်လ်မင်းသမီးလေးလည်း သူနှင့်တွဲပြီး ဓာတ်ပုံတွေ တဖျပ်ဖျပ် အရိုက်ခံသည်။

စာနယ်ဇင်းသမားတွေက သူတို့နှစ်ယောက်ကိုပဲ တတွဲတွဲနှင့် ဓာတ်ပုံလိုက်ရိုက်လွန်းသည်။

သူ့ရဲ့သရုပ်ဆောင်နာမည်က "ယံ"တစ်လုံးတည်းပါလား။ သူမ သူ့ကိုသုံးခဲ့တဲ့နာမ်စားကို သူ ဘာလို့ သုံးခဲ့ရသလဲ။

"ကိုယ် … ကိုယ်က သရုပ်ဆောင်ဦးမြကြီးရဲ့သား ဆိုတော့ သရုပ်ဆောင်လောကနဲ့ မစိမ်းဘူးလို့ ပြောလို့ရတာပေါ့ နော်"

"ဟုတ်ကဲ့၊ ငယ်ငယ်တုန်းကတော့ ဖေဖေနဲ့ ရှူတင်တွေ လိုက်ကြည့်ဖူးတာလောက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယံ ဆိုတာက နာမည်ရင်းလား"

"နာမည်ရင်းကတော့ ရဲခေါင်ယံပါ ခင်ဗျာ။ သရုပ်ဆောင် နာမည်ကိုတော့ ယံလို့ပဲ ပေးလိုက်တာပါ"

"ဗေဒင်တွက်ပြီး ပေးတာလား"

"ဟုတ်ကဲ့၊ ဗေဒင်ဆရာမလေးတစ်ယောက်က ယံ ဆိုတဲ့ နာမည်နဲ့ ကံကြမ္မာပြောင်းပေးလိုက်လို့"

"ဪ ... ဟုတ်ကဲ့။ ကိုယံ ဒီသရုပ်ဆောင်လောကမှာ ဘယ်ချိန်ထိ၊ ဘယ်အတိုင်းအတာထိ လုပ်မှာပါလဲ"

"ပရိသတ် လက်ခံသရွေ့ ကျွန်တော် ကြိုးစားသွားမှာပါ။ ဖြစ်နိုင်မယ်ဆိုရင် အကယ်ဒမီရတဲ့အထိပေါ့ဗျာ"

"ဟုတ်ကဲ့ပါ၊ အခု ကိုယံ ဗီဒီယိုသုံးကား ရိုက်ပြီးပြီနော်၊ အဲဒီသုံးကားကိုရော အားရပါရဲ့လား"

"လုံးဝကျေနပ်အားရမှုတော့ မရှိပါဘူး၊ ပြန်ကြည့်လိုက်တော့ လိုအပ်ချက်တွေ တွေ့ရပါတယ်။ ရှေ့လျှောက်ကို ဒီထက်ပိုပြီး လိုအပ်ချက်တွေ တတ်နိုင်သမျှ နည်းအောင် ကြိုးစားရဦးမှာပါ"

"ဘယ်သူတွေနဲ့ တွဲသရုပ်ဆောင်ရတာလဲ"



"မော်ဒယ်လ်သရုပ်ဆောင် ယမင်းဝတီနဲ့ပါ"

"ယမင်းဝတီကလည်း အသစ်ပဲဆိုတော့ အသစ်နှစ်ယောက် တွဲရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ သူကလည်း အသစ်ဆိုပေမယ့် ပရိဂျူဆာရဲ့ သမီးဆိုတော့ ဒီလောကနဲ့ မစိမ်းခဲ့ဘူးဆိုတော့ အခက်အခဲ တော့ သိပ်မရှိပါဘူး"

"ဪ ... ဟုတ်ကဲ့၊ နောက်ဆုံးအနေနဲ့ ကိုယ့်ကိုအားပေး နေမယ့် ပရိသတ်ကို ဘာများပြောနေချင်ပါသလဲရှင်"

"ကျွန်တော် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်လို့ ပြောချင်ပါတယ်၊ ဒါပေမဲ့ အဲလို ကြိုးစားရင်းက ကျွန်တော့်ဘက်က တစ်ခုခုများ အမှား အယွင်း ဖြစ်ခဲ့ရင်လည်း ပရိသတ်ကြီး ခွင့်လွှတ်နားလည် ပေးပါလို့ ကြိုပြီးတောင်းပန်ထားပါရစေခင်ဗျာ"

"ဟုတ်ကဲ့ ... ကိုယံ ခုလိုတွေ့ဆုံမေးမြန်းခွင့်ပေးတဲ့အတွက် ကျေးဇူးပါပဲရှင်"

"ကျွန်တော့်ကို ပရိသတ်နဲ့ မိတ်ဆက်ပေးတဲ့ MRTV-4 ကို ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

တီဗီကိုပိတ်ပြီး ဆိုဖာပေါ် ခေါင်းလှန်ကျကာ မျက်လုံးမှိတ်ထားတာတောင် မြင်ကွင်းထဲမှာ သူ့ရုပ်လွှာ။ "ယံ"လို့ များ ရေရွတ်လိုက်မိလေသလား။

♥ ✿ ♥

ပေပန်အား၊ အကြံပေးအားနှင့် မိတ်ဆက်အားများပေးပို့လိုပါလျှင်
အမှတ်–၉/၁၁၊ ဧ–လွှာ(ဂ )၊ ဓမ္မစေတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့
ပေးပို့နိုင်ပါသည်။





ကိုတေးက စလေပ်နှင့် ထိုက်တန်ကို သူတို့ရဲ့ဘူမိနက်သန်ဖြစ်သော မဟာဌာနီးမှာ မုန့်လိုက်ကျွေးသည်။

"မုန့်မစားချင်ဘူး၊ အိမ်မှာ ငါမကြိုက်တဲ့ ငါးရံ့အုန်းနို့ ထမင်းစား မကောင်းခဲ့ဘူး။ ထမင်းကျွေးဟာ ထိုက်တန်"

ထိုက်တန်က တေးကို လှည့်ကြည့်သည်။

"ကြိုက်တာသာ မှာစား"

"ဝွဒ်လေစွ ... ဝွဒ်လေစွ"

"ဒီဆိုင်က ငါ့ရှည်ခြောက်စပ်နဲ့ ငါးခေါင်းဟင်းချိုကောင်းတယ်။ အင်း ... ပြီးတော့ ဂျပန်တို့ဟူးလည်း မိုက်တယ် စလေပ်"

"ထိုက်တန်မ ... ထိုက်တန်မ၊ မီနူးတောင် အလွတ်ရနေပြီ ထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com

သူတို့ ထမင်းစားနေတုန်း ဆိုင်ရှေ့က မာစီဒီးတစ်စီး ရပ်လိုက်သည်။ နက်မှောင်ပြောင်လက်နေသော မာစီဒီးကို ထိုက်တန် က သဘောကျစွာ ...

"ကားကြီးက မိုက်တယ်ဟာ။ ငါ ကြိုက်လိုက်တာ"

"ကြိုက်ရင် ကိုဘေးကို ဝယ်ခိုင်း၊ ဟင် ..."

ကားတံခါး တစ်ဖက်တစ်ချက်က ဆင်းလာတာက ရဲခေါင်ယံနှင့် ယမင်းဝတီ။

"အယ်"

ထိုက်တန်လည်း လျှာတစ်လစ် ဖြစ်သွားသည်။

"ယမင်းဝတီကား ထင်တယ်"

ရဲခေါင်ကား မဖြစ်နိုင်တာတော့ သိကြသည်။ ကိုဘေး က ...

"ထိုက်တန် သူငယ်ချင်းတွေလား"

"အဲဒါ မင်းသား ရဲခေါင်ယံနဲ့ မင်းသမီး ယမင်းဝတီလေ ကိုရဲ့"

"ဩော် ... ဟုတ်လား၊ ကိုယ်က အဲဒါတွေ မကြည့်ဖြစ် တော့ မသိဘူးကွ၊ ဩော် ... နေဦး၊ မြေနီကုန်းထောင့်မှာ





အဲဒီကောင်မလေး ကြော်ငြာတဲ့ Bill Board တွေ့မိသလိုပဲ ဟုတ်သားပဲ"

ကိုဘေးက သူ့ဘာသာရေရွတ်၊ သူ့ဘာသာ အတည် ပြုနေပေမယ့် ထိုက်တန်ကတော့ ရဲခေါင်တို့နှစ်ယောက်ကိုပဲ လိုက် ကြည့်နေသည်။

ဇလပ်က မျက်နှာလွှဲသွားသည်။ မတော် ကိုယ်ကြည့် နေတုန်း သူ တွေ့သွားရင် မခက်ပါလား။

"ဟဲ့ ... ဇလပ်၊ ရဲခေါင်က ယမင်းဝတီမျက်နှာကိုပဲ ကြည့် နေတာပဲ သိလား။ ဟိုတစ်ယောက်ကလည်း မခိုတရို့နဲ့ ရဲခေါင်ကို ပစ်ကျနေတဲ့ပုံက သိသာတယ်။ အေးလေ ... ရဲခေါင်ကလည်း ယောကျ်ားတစ်ယောက်ပဲလေ။ ယမင်းဝတီ က ရုပ်ရှိရေလျှံဆိုတော့လည်း ဘယ်အလွတ်ပေးပါ့မလဲ"

"ဟော့ ... ငယ်လေး၊ ကိုယ့်ကို ဘေးမှာထားပြီး ယောကျ်ား လေးတွေကို ဝေဖန်တာ ကြမ်းလှချည်လား"

"ဘွာ ... ဘွာ၊ ကိုဘေး ပါဘူး"

ထို့နောက် ကိုဘေးနဲ့ ထိုက်တန် ခေါင်းချင်းဆိုင် ပြီး ပတွတ် ပတွတ်နှင့် တွတ်ထိုးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့နေရာက ထောင့်ကွယ်ကျပြီး ရဲခေါင်ယံတို့က အလယ်ကစားပွဲမှာ ထိုင်နေတာမို့ ဖြုန်းစားကြီးတော့ သူမကို ရဲခေါင် မတွေ့နိုင်။

ရဲခေါင်ယံဘက်ကို တစ်ချက်ခိုးကြည့်လိုက်တော့ ရဲခေါင်က ယမင်းဝတီ မျက်နှာကို စိုက်ကြည့်ပြီး ဘာတွေပြောနေမှန်းမသိ။ ယမင်းဝတီက လှပရုံကဖလေး ရယ်နေသည်။

အားရပါးရရယ်ရင်း ရုပ်ဆိုးသွားမှာစိုး၍လားမသိပါ။ ပဲများလိုက်တာဟု ကြဖန်အမြင်ကတ်နေမိသည်။ တကယ်ဆို မင်းသမီးတစ်ယောက်ကို ပဲများတယ်လို့ ဝေဖန်တာဟာ လှုရယ်စရာတော့ ဖြစ်နေပါသည်။

ရဲခေါင်ယံ တစ်ယောက်ကလည်း အရင်နဲ့တခြားစီ။ မျက်နှာတွေကို ပေါင်းတင်ထားသလိုပဲ။ ပိုပြီးဖြူနုလာ၏။ အရင်ကတိုစိစိနှုတ်ခမ်းမွေးစတွေကို စိမ်းမြနေအောင် ရိပ်ထားသဖြင့် သူ့မျက်နှာက အစိမ်းရောင်ဟပ်ကာ ဝင်းဖန့်နေ၏။

အရင်က ရှုတည်တည် ဂျစ်ကန်ကန် မျက်နှာပြင်က ခုဆို ညို့ရီဝေသော အပြုံးတွေနှင့်။

တစ်ဆိုင်လုံးမှာရှိတဲ့ ဝိတ်တာမလေးတွေရော၊ ညှော်သည်မိန်းမသားဟူသမျှတို့ရဲ့ အကြည့်တွေက ရဲခေါင်တို့စုံတွဲနားမှာ ရစ်ဝဲလို့။



အိုး... အိုး ... ကြည့်နေရင်းနဲ့ ရဲခေါင်ယံက ယမင်းဝတီကို အာလူးကြော် ခွံ့ကျွေးနေသည်။

ဒါဟာ မိမိကို pose လုပ်ခဲ့သော ရဲခေါင်ယံရဲ့ အပြုအမူ စစ်စစ်ကြီးပါတကား။

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



ယမင်းဝတီကပဲ ရဲခေါင်ယံကို ထားခဲ့သလိုလို။

တွဲကြတုန်းကလည်း သူတို့နှစ်ယောက်ကို အမျိုးမျိုးအစ်ကာ ဗျူးဆရာတွေ နှိုက်ထုတ်ခဲ့ကြပေမယ့် ဘာမှတိတိကျကျဝန်မခံခဲ့သလို ကွဲကြတဲ့အချိန်မှာလည်း ယမင်းဝတီက ထွက်သွားပြီမို့ ရဲခေါင်ယံကိုပဲ အညီရှိရာ ယင်အုံသလို ဝိုင်းလိုက်ကြပြန်သည်။

သို့သော် ရဲခေါင်ယံက ဘာမှ တိတိကျကျမဖြေ။ ဂျာနယ်လစ်တစ်ယောက်ကဆို ဆွဲထိုးပစ်ချင်စရာ ကောင်းလောက်အောင် ဒါရိုက်မေးတာပါ။

"ကိုယံ အခု အသည်းကွဲနေတယ်ဆို"

"အခုမှ မဟုတ်ပါဘူး၊ ကျွန်တော် အသည်းကွဲဖို့ အသည်းကိုမရှိတာ ကြာပြီဗျ။ အဲဒါကြောင့် အစ်ကိုကြားတဲ့သတင်းကမှားနေတယ်"

"လူဆိုတာ ချစ်တတ်တဲ့ အသည်းနှလုံးတော့ ရှိတာပဲလေ၊ ကိုယံက အသည်းမရှိတာ ကြာပြီဆိုတော့ ..."

"ဟုတ်တယ်၊ အနုပညာလောကထဲ ဝင်လာတည်းက ကျွန်တော့်မှာ ချစ်တတ်တဲ့အသည်း မပါလာဘူးဗျ၊ မြှုပ်ထားခဲ့တာ ... ဟဲ ဟဲ"



နှစ်ကာလတွေ ကြာခဲ့ပါပြီ။ ခုဆို ရဲခေါင်ယံတောင် အကယ်ဒမီမင်းသား ဖြစ်ခဲ့ပြီ။

ယမင်းဝတီက သူ့အိမ်က သဘောမတူသော သူ့ချစ်သူနှင့် နိုင်ငံခြားသို့ အပြီးထွက်သွားခဲ့သည်။

တစ်လျှောက်လုံးမှာ ရဲခေါင်ယံနှင့် အတွဲအများဆုံးဖြစ်ခဲ့ပြီး ရဲခေါင်ယံနှင့် ယမင်းဝတီတို့ ကြိုက်နေပြီဆိုသည့် သတင်းများဟာ ဂျာနယ်တွေမှာ ပွစိထအောင် အဖွဇယားတွေဖြစ်ခဲ့တာပင်။

သို့သော် ယမင်းဝတီ၏ လုပ်ရပ်ကြောင့် ဂျာနယ်လစ်တွေ မျက်စိလည်ကုန်သည်။

တွဲကြတုန်းကလည်း တွဲသည့်သတင်းကို ဝေဆာအောင် ဖော်ပြကြသလို၊ ကွဲကြပြန်တော့လည်း ဟိုးလေးတကြော်ထည့်ကြပြန်သည်။

www.burmeseclassic.com



"ဒါဆို ကိုယ် မင်းသမီးတစ်ယောက်နဲ့ ကြိုက်နေတယ်လို့ သတင်းတွေ ထွက်ခဲ့တာကျတော့ရော"

"ဇာတ်ကားထဲမှာ ကြိုက်တာကို ပြောကြတာ ထင်ပါတယ်"

"ကိုယ်နဲ့ တော်တော်တွဲခဲ့ကြတယ်နော်"

"ကျွန်တော်နဲ့ တော်တော်တွဲတာတွေ များတယ်ဗျ"

"ကိုယ် အချစ်ကို ဘယ်လိုသဘောထားလဲ"

"အဲဒီမေးခွန်းကတော့ ကျွန်တော် အရမ်းဖြေချင်တဲ့မေးခွန်းပဲဗျ။ အချစ်ဆိုတာ လက်စားချေခံရခြင်းပဲ"

"ကိုယ် လက်စားချေခံခဲ့ရဖူးလား"

"အဲဒါတော့ မဖြေတော့ဘူး"

"ကိုယ်လက်တွဲဖော်ရှာရင် အနုပညာသည်ပဲ ရှာမလား၊ အပြင်က ရွေးမလား"

"ရှာတာရော ရွေးတာရော ကျွန်တော်ဘာမှ မလုပ်ဘူး။ ကံကြမ္မာအလိုကျ ရေးရေစက်အတိုင်းပေါ့ဗျာ"

"ကိုယ်ရဲ့လတ်တလော အနုပညာလှုပ်ရှားမှု"

"လတ်တလော ဆိုရင်တော့ ခုကားကြီးတစ်ကား လက်စသတ်နေတယ်ပေါ့နော်"

"မင်းသမီးက ဘယ်သူလဲ ကိုယ်"





"ယမင်းဝတီပါ။ ဒါပေမဲ့ သူ့အပိုင်းတွေကပြီးပြီ။ ကျွန်တော်က တစ်ခန်း နှစ်ခန်းကျန်တာလေး လက်စသတ်ရမှာ"

"ကိုယ်ရဲ့ ရှေ့ဆက် အနုပညာရည်မှန်းချက်"

"ပရိသတ် လက်ခံသရွေ့ပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော် အခု အကယ်ဒမီတစ်ခုရပြီ။ အဲဒီ အကယ်ဒမီက ဖေဖေ့ကို ကျွန်တော် ရည်မှန်းကန်တော့တဲ့ အကယ်ဒမီပါ။ နောက်ထပ် ကျွန်တော် ဒုတိယမြောက်နဲ့ တတိယမြောက်အကယ်ဒမီ လိုချင်သေးတယ်"

"အဲဒါတွေကရော ဘာအတွက်လဲ ကိုယ်"

"တတိယမြောက်ကတော့ ကိုယ့်ကိုယ်ကိုယ်အတွက်ပါ"

ကျန်တာကိုတော့ ဆက်မေးလို့မရတော့။

"နောက်ဆုံးအနေနဲ့ ပရိသတ်ကို ကိုယ် ဘာပြောချင်ပါသလဲ"

"ကျွန်တော့်မှာ ဘဝသုံးခုရှိပါတယ်။ ပထမဘဝက ဖေဖေ။ ဖေဖေနဲ့ဘဝက ဖေဖေမရှိတော့တဲ့ အချိန်တည်းက ကုန်ဆုံးသွားခဲ့ပါပြီ။ ဒုတိယဘဝကတော့ ဖေဖေ ဆုံးကာနီးလေးမှာပဲ ကုန်ဆုံးသွားခဲ့ပါပြီ။ တတိယ ဘဝကတော့ အနုပညာသည်ဘဝပါ။ ပရိသတ်က လက်ခံပေးလို့ ပျော်စရာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဘဝတစ်ခု ပိုင်ဆိုင်ခွင့်ရတဲ့အတွက် ကျွန်တော့် ပရိသတ်ကြီးကို အမြဲကျေးဇူးတင်နေပါတယ်။ အနုပညာ သက်တမ်းတစ်လျှောက် ကျွန်တော်ပြုမိတဲ့ အမှားများရှိခဲ့ ရင် ဝန်ချတောင်းပန်ပါတယ်၊ နောက်ဆုံးအနေနဲ့ ပရိသတ် အားလုံး ...

မွေးမြလန်းဆန်း

ဘဝပန်းကို ထာဝရပန်ဆင်နိုင်ပါစေလို့

ဆုတောင်းပေးချင်ပါတယ်"

ထိုအင်တာဗျူးပါသော ဂျာနယ်မှာ ရောင်းမလောက် ဖြစ်ခဲ့ပါသည်။

ပရိသတ်တွေက ရဲခေါင်ပြောတဲ့ဒုတိယဘဝနဲ့ ရဲခေါင် လိုချင်တဲ့ ဒုတိယမြောက် အကယ်ဒမီကို စိတ်ဝင်စားကြသည်။

ထိုအကြောင်းအရာကို သတင်းမှုဆိုးတို့က အနံ့ခံလို့ မရတော့ ချဲ့ကားပြီး ထင်မြင်ရာတွေ ရေးကြပြန်သည်။

တချို့ကလည်း ရဲခေါင် စတန့်ထွင်တယ် ထင်ကြ သည်။

ဒီလိုနဲ့ပဲ ရဲခေါင်ယံ နှာမည်က အရှိန်ရပြီးရင် ရနေပြန်သည်။





သို့သော် တကယ်တမ်းကျတော့ ရဲခေါင်က အနုပညာ နဲ့သာ ထင်ပေါ်ကျော်ကြားချင်သူပါ။ ခုလို လူမှုရေးတွေနဲ့ နာမည် ကျော်ရတာကို သူ မနှစ်သက်။ သို့သော် ...

သူ ပြောချင်တဲ့ အကြောင်းအရာတချို့ကို ဖလပ် နားလည်ခဲ့မယ် ဆိုရင်တော့ သူ ထိုဂျာနယ်တွေကို ကျေးဇူးတင်မိ လိမ့်မည်။ သူ အသည်းနှင့်အောင်ချစ်တာ ရွှေဖလပ်ညိုကိုလေ။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



ရဲခေါင်ဆီသို့ ရန်လေးနဲ့ ကျော်စွာကတော့ မကြာခဏရောက်လာတတ်ပါသည်။

ရဲခေါင်ဘဝမှာလည်း သူတို့နှစ်ယောက်သည်သာ ညီအစ်ကိုရင်းသဖွယ် တွယ်တာခဲ့ရသည်။

တစ်ခါတလေ အလုပ်နဲ့ပတ်သက်ပြီး မွန်းကျပ်မှုတွေရှိရင် ထိုနှစ်ကောင်ကိုပဲ ရင်ဖွင့်ရသည်။

အနုပညာအသိုင်းအဝိုင်းမှာက ဘယ်သူ့ကိုမှ ယုံစားတကြီး ရင်ဖွင့်လို့ မရဘူးလေ။ ရင်ဖွင့်လိုက်လို့ကတော့ တစ်ပြည်လုံးကို ပွင့်ထွက်သွားလိမ့်မည်။

ခုလည်း ကျော်စွာနဲ့ ရန်လေး ရဲခေါင် အခန်းဆီသို့ ရောက်လာပါသည်။

"ရဲခေါင် ... ဘီယာတိုက်ကွာ"





"ဘီယာကုန်နေတယ်ကွ။ အဲ ... ငါ ပြီးခဲ့တဲ့ နှစ်ရက်ကမှ ပြင်ဦးလွင်က ပြန်လာတာ၊ ပြင်ဦးလွင်ဝိုင်တွေတော့ ရှိတယ်။ အာလူးကြော်ထုပ်တွေ ရှိမယ်၊ ဒါပဲရမယ်"

"ရတယ်၊ ဒါပဲသောက်မယ်"

"ရဲခေါင် ... မင်း ဇလပ်ကို ပြန်လိုက်ပါလား"

"အဲဒီ Topic က ဘယ်လိုက ဘယ်လို ပေါ်လာတာလဲ"

"ငါတို့နှစ်ယောက်ရဲ့ လာရင်းရည်ရွယ်ချက်က မင်းကို အဲဒါ တိုက်တွန်းမလို့ကွ"

"ထားလိုက်ပါကွာ"

ရန်လေးက ဝိုင်ပုလင်းတွေ ဖန်ခွက်တွေ သွားထုတ်လာသည်။ အာလူးကြော်ဘူးလည်း ပါသေးသည်။

"ရော့ ... သောက်တော်မူကြ။ မျိုကြ၊ ဆိုကြ"

"ငါ့ပစ္စည်းနဲ့ငါ စေတနာထားခံနေရပါလား ရန်လေးရာ"

သင်္ကြန်ပြီးတော့ သင်္ကြန်လွန် မေဦးမိုးက လူတွေရဲ့ အပူကို ငြိမ်းသတ်ဖို့ ခပ်ဖွဲဖွဲစရွာသည်။

"ဟဲ ဟဲ ... မိုးက အလိုက်သိသားပဲကွ"

ဝိုင်အရသာက လည်ချောင်းတစ်လျှောက် ပူရှိန်းပြီး သန်းစီးဆင်းသည်။ မိုးက တငြိမ့်ငြိမ့် စိမ့်ပြီးရွာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအခြေနေမျိုးဟာ နှလုံးသားရေးရာကိစ္စတွေ ပြော လို့ကောင်းသည့် အခြေအနေမျိုးပါ။

"ကဲ ... ခုနစကားကို ပြန်ဆက်မယ် ရန်လေး၊ သီဟိုဠ်စေ့ရှိတယ်ထင်တယ်၊ သွားရှာခဲ့"

"မသာကျော်စွာ ထိုင်ရာက မထဘဲ ငါ့ကို ခိုင်းနေတယ်"

"သွားစမ်းပါကွာ၊ ကလေးပီပီ ဟန်ချီချီပေါ့"

ရန်လေးမှာ ကျော်စွာထက်စာရင် သေးသေးကွေးကွေး ပုတက်ကလေးမို့ ရန်လေးကို အမြဲစလို့ကောင်းသည်။ ရန်လေးက ပွစိပွစိရေရွတ်ရင်း ထသွားသည်။

"ကဲ ... ဒီတစ်ခါ တကယ်စကားဆက်ပြီ။ မင်း ... ဇလပ်ကို ပြန်လိုက်သင့်တယ်"

"Why ?"

"မင်း သေအောင်ချစ်နေတယ်လေ"

"သူက သေအောင်မုန်းနေတာကိုလည်း ထည့်တွက်ဦး"

"အဲဒါ အရင်တုန်းကလေ။ သူမုန်းတဲ့မင်းက ဘာမှမဟုတ်တဲ့ ပမွှားကောင်။ အခု သူ့ကို ပြန်လိုက်မယ်၊ မင်းက မြန်မာပြည်က နံပါတ်တစ်မင်းသား။ မင်းဝင်ငွေကလည်း ကောင်းနေပြီပဲ။ ဘာလိုတော့လို့လဲ။ ခုချိန်မှာ သူ မင်းကို မုန်းချင်မှ မုန်းမှာပေါ့ကွ"





"ထား ... မင်း ပြောသလို ခုချိန်မှာ မမုန်းနိုင်ဘူးထား။ တစ်ချိန်က ငါ့ပါးကို ရက်ရက်စက်စက် ရိုက်ခဲ့တဲ့ သူ့လုပ်ရပ်ကို မာနထားပြီး ဆက်ငြင်းရင်ရော"

"ဘာပဲဖြစ်ဖြစ် မင်း Porpose လုပ်ကြည့်တာ မမှားပါဘူးကွာ"

ရန်လေးက သီဟိုဠ်စေ့လှော်ထုပ်ကိုင်ပြီး ပြန်ထွက်လာသည်။

"ရဲခေါင် မင်း ဇွဲလေပ်ညိုကို ပြန်လိုက်မယ်ဆိုရင် သူ့ကို နားသွင်းပေးဖို့ ငါတို့ တာဝန်ယူတယ်။ ပြီးတော့ ဇွဲလေပ်ညိုဟာ မင်းအပေါ် သူပြုခဲ့တဲ့ အပြုအမူအတွက် နောင်တမရနိုင်ဘူးလို့ မင်း ပြောနိုင်လား"

"ဟုတ်တယ် ရဲခေါင်။ မင်းကို လက်စားချေဖို့ သူလာရောတုန်းက မင်းအပေါ် တော်တော်လိုက်လျောပြီး ဆက်ဆံခဲ့တာနော်။ မင်းအတွက် ထမင်းဘူးထည့်လာပေးရတာနဲ့။ ခေါ်တော့လည်း ယဲ့တဲ့။ ဘာပဲပြောပြော မခံချင်စိတ်နဲ့ မင်းကို လက်စားချေခဲ့ပေမယ့် သူ မင်းအပေါ် ညွတ်နူးခဲ့တာပဲ ရဲခေါင်။ ပြီးတော့ မင်း ပြောလိုက်တဲ့ စကားလေးတစ်ခွန်းကို မခံနိုင်ဖြစ်တယ် ဆိုတည်းက သူ့ရဲ့အခံစိတ်ထဲမှာ မင်း ရှိနေလို့ပဲ"

www.burmeseclassic.com



"ဒါပေမဲ့ ငါ ဒီမှာတစ်ခါထပ်ပြီး ပါးရိုက်မခံနိုင်တော့ဘူး ကွ"

"ငါတို့ အင်ထရိဝင်ပေးပါမယ်ဆိုကွာ"

"ဒါဆိုလည်း ချကွာ"

"ဘာဖြစ်လဲ ရဲခေါင်ရာ၊ ရတော့အမြတ်၊ မရတော့လည်း အရင်အတိုင်း အရင်းပဲပေါ့ကွာ"

"အေး ... လုပ်"

ထို့နောက်မှာတော့ သူတို့ထွေရာလေးပါးပြောကြရင်း ဝိုင်တွေ ဆက်သောက်ကြသည်။

"ရဲခေါင် ရန်လေးကို အထင်မသေးနဲ့နော်၊ ဒီကောင် ရွှေစုနဲ့ ညက်သွားပြီ"

"ဟာ ... ဟုတ်လှချည်လားကွ"

"ငါက ကျော်စွာလို ဂေါမစွံကောင်မှ မဟုတ်တာ"

ရန်လေးက ကော်လာထောင်သည်။ ကျော်စွာက ကော်လာစကို ပြန်ဆွဲချသည်။ ဆွဲတင်လိုက် ဆွဲချလိုက်နှင့် နှစ်ကောင်သား နပန်းလုံးတဲ့အဆင့်ထိ ရောက်သွားသည်။

သူငယ်ချင်းတွေ ရောက်လာရင် ရဲခေါင် ပေါ့ပါး ပျော်ရွှင်ရသည်။





သို့သော် ဒီနေ့တော့ ရင်ထဲမှာ ဇလပ်ဆိုသော ပိုး ကြိုးမျှင်က ရစ်ပတ်နေသည်။

ရွှေဇလပ်ညို ဆိုသော သူ့နှလုံးသားကို ဒုတိယမိ ချစ်ရေးဆိုကြည့်ချင်သေးသည်။ ရလဒ်ကိုလည်း ရင်ခုန်စွာ စိတ် ဝင်စားချင်ပါသေးရဲ့။

♥ ✿ ♥

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုပါလျှင်
အမှတ်–၉/၁၁၊ ၈–လွှာ(ဂ)၊ ဗေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇလပ်"

ကျော်စွာနဲ့ ရန်လေးပါလား။ ကျော်စွာတို့ဟာ သူမနဲ့ မေးထူးခေါ်ပြောလောက်သာ ရှိခဲ့ကြတာပါ။ ရဲခေါင်နဲ့ သူမ ပြဿနာတက်ပြီးကတည်းက ဆိုပါတော့။

ရန်လေးဆို ပရက်တီကယ်ဆင်းသည့်အချိန် တစ်ဖွဲ့တည်းမို့ လိုအပ်မှ စကားပြောသည့် အဆင့်ပါ။

ရန်လေးက ...

"ဇလပ် ... ငါတို့ နင့်ကို ပြောစရာရှိလို့"

"ဘာပြောမှာလဲ"

"ငါတို့ ကျောင်းဆင်းရင် တစ်ဆိုင်ဆိုင်သွားထိုင်ရအောင်ဟာ၊ မြို့ထဲမှာပဲဖြစ်ဖြစ်ပေါ့"

"ငါ ကျူရှင်သွားရမှာ။ မအားဘူး"

"ဒါဆို နင် ဘယ်တော့ အချိန်ပေးနိုင်မလဲ"





"နေပါဦး၊ နင်တို့က ဘာပြောမှာမို့လို့လဲ ခုပြောလေ"

"အေးဆေးပြောမှ ရမှာဟ"

"ခေါင်းစဉ်က ဘာလဲ"

"အေးဆေးပြောပါ့မယ်ဆိုဟာ"

"တော်ပြီ၊ ငါ နားမထောင်နိုင်ဘူး"

"ကောင်းပြီ။ ငါ ခေါင်းစဉ်ပြောမယ်။ နင် နားမထောင်ရဲရင်တော့ ငါတို့ ကမ်းလှမ်းချက်ကို လက်မခံနဲ့ပေါ့ဟာ"

"ဘာလဲ။ ငါက ဘာလို့ နားမထောင်ရဲရမှာလဲ။ ကျောင်းဆင်းရင်တော့ ငါ ကျူရှင်တက်ရမှာ။ ကျူရှင်အပျက်ခံရလောက်တဲ့ ခေါင်းစဉ်မဟုတ်လို့ မနက်ဖြန်မှ မြို့ထဲမှာဆုံကြတာပေါ့"

"ကောင်းပြီ၊ ငါတို့ ဘယ်မှာဆုံမလဲ"

"မြေနီကုန်း စီးတီးမာ့တ်က Season မှာ စောင့်မယ် ကိုးနာရီ"

"Ok ငါတို့လာခဲ့မယ်"

ကျော်စွာနဲ့ ရန်လေး လက်ဝါးချင်း ရိုက်လိုက်ကြသည်။ ရွှေဇလပ်ညိုရဲ့ မခံချင်စိတ်ကိုဆွပြီး သူတို့ ရည်မှန်းချက်လို အကောင်အထည်ပေါ်အောင် လုပ်နိုင်သဖြင့် သဘောကျနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ဖွေ့ရှုဖလပ်ညို လက်ခံခြင်းက အောင်မြင်ခြင်း အစပဲလေ။

နောက်တစ်နေ့မနက်မှာတော့ Season ဆိုင်ရဲ့ တစ်နေ့တာ ပထမဆုံး စားသုံးသူတွေဟာ သူတို့သုံးဦးဖြစ်သွားခဲ့တယ်။

"ကဲ ... ဘာပြောမှာလဲ ပြော"

ရန်လေးက သူ့ကျောပိုးအိတ်ထဲက ဂျာနယ်တချို့ ထုတ်ပေးသည်။

"ဒီဂျာနယ်တွေကို ဖတ်ကြည့်ပါ။ နင့်ကို ရဲခေါင် ဘယ်လောက်ချစ်ကြောင်း သိသွားလိမ့်မယ်"

"ဆက်ပြောပါဦး"

"ဟုတ်တယ်၊ ငါတို့ အဓိကပြောချင်တာက အဲဒါပဲ၊ ရဲခေါင်က နင့်ကို တကယ်ချစ်တာဟ။ နင် သူ့ကို လက်စားချေလိုက်တာကိုတောင် သူ မနာကြည်းရှာဘူး"

"ဆက်ပြောဦး"

"ငါတို့ ပြောချင်တာ ဒါပဲလေ"

"ကောင်းပြီ ဒါဆို ငါပြောမယ်။ ယမင်းဝတီ ထားခဲ့လို့ ကွဲရတဲ့အရှက်ကို ကုစားချင်လို့ ငါ့ကိုချစ်တာလားလို့ နင်တို့ ရဲခေါင်ကိုမေးလိုက်"



"မဟုတ်ဘူး၊ အဲဒါကို ငါတို့ရှင်းပြမယ်။ ရဲခေါင်နဲ့ ယမင်းဝတီက ဘာမှ မပတ်သက်ဘူး"

"ငါက ပတ်ဝန်းကျင်မရှိတဲ့သူ မဟုတ်ဘူး။ မျက်စိနဲ့နားလည်း ကောင်းသေးတယ်။ သူတို့ကို ငါကိုယ်တိုင်မျက်စိနဲ့မြင်တာ။ ထားပါ။ အဲဒါ ငါနဲ့မဆိုင်ဘူး။ ငါနဲ့ဆိုင်တာကို ပြောရရင် ရဲခေါင်ယံကို ငါအရင်ကတည်းက အဖြေပေးပြီးသား။ အခုလည်း ဒီအဖြေပဲ နောက်ကိုလည်း ပြောင်းလဲမှာ မဟုတ်ဘူး"

"အေးပါ၊ အဲဒါက နင့်အပိုင်းလေဟာ။ ဒါပေမဲ့ နင်အထင်လွဲနေတဲ့ ယမင်းဝတီကိစ္စကိုတော့ ရှင်းပြချင်တယ်"

"မသိချင်ဘူး ... ငါနဲ့လည်း မဆိုင်ဘဲ နားငြီးမခံနိုင်ဘူး"

"ဘာပဲဖြစ်ဖြစ်ဟာ ရဲခေါင်ရဲ့သတင်းလို့ မသတ်မှတ်ဘဲ ရုပ်ရှင်မင်းသား တစ်ယောက်ရဲ့ ကောလာဟလအဖြစ် နားထောင်ပေးပါလား"

"ကဲ ... သိပ်ပြောချင်နေရင်လည်း ပြော။ ငါကတော့ ဘာမှ မပြောင်းလဲဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဟ၊ ယမင်းဝတီက သရုပ်ဆောင်မဖြစ်ခင်တည်းက ချစ်သူရှိပြီးသား။ သူက သရုပ်ဆောင် ဖြစ်ချင်တယ်၊ သူ့ချစ်သူက သရုပ်ဆောင် မလုပ်စေချင်ဘူး။ ပြီးတော့ ယမင်းဝတီတို့က ချမ်းသာတော့ သူတို့သမီးကို တော်ရုံလူနဲ့လည်း သဘောမတူဘူးဟ ...

တိုတိုပြောရရင်ဟာ ယမင်းဝတီရဲ့ချစ်သူကို ယမင်းဝတီဘက်က သဘောမကျဘူးပေါ့ဟာ။ သူတို့သမီးကို အောင်မြင်တဲ့ သရုပ်ဆောင်တစ်ယောက်ပဲ ဖြစ်စေချင်ကြတာ ...

ဒီတော့ ယမင်းဝတီက သူ့ချစ်သူကို အပေးအယူလုပ်ရတယ်။ သူ သရုပ်ဆောင်လုပ်လို့ အကယ်ဒမီရတဲ့နေ့မှာ သူ့ချစ်သူကို လက်ထပ်ပါ့မယ်လို့ ကတိပေးလိုက်တယ် ...

ဒီကြားထဲမှာက သူ့မိဘတွေယုံအောင် ရဲခေါင်နဲ့ တွဲပြတာ။ ရဲခေါင်ကို ဖွင့်ပြောပြီး အကူအညီတောင်းလို့ ရဲခေါင်က ကူညီလိုက်တာ၊ ရဲခေါင်က သူ့အချစ်ရေးက မကောင်းလို့ သူများတွေ ကံကောင်းပါစေဆိုပြီး ကူညီတာဟာ ...



ဒါတွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဘူး။ အခု နင့်ကို ရှင်းပြစေချင်လို့ ငါတို့ကို ဖွင့်ပြောလိုက်တာပဲ"

"အိုး ... ဘာပဲဖြစ်ဖြစ် ငါကတော့ သူ့ကိုလက်မခံနိုင်ဘူး"

"နင့်သဘောပါဟာ"

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ ထိုက်တန်တို့ ရဲခေါင် အကြောင်း ဆွေးနွေး ဖြစ်ကြသည်။

"ဟင်း … ငါတော့ ရဲခေါင်ကို မယုံတစ်ဝက် သနားတစ်ဝက် ဖြစ်နေတယ် ဇလပ်။ သူ နင့်ကို တကယ်ချစ်ရှာပါလားလို့ စဉ်းစားမိရင် သူ့ကိုသနားတယ်။ နင်ဆိုတာက အချစ်ကို ယုံကြည်တဲ့မိန်းမမှ မဟုတ်တာ။ တစ်ဖက်က ပြန်တွေးကြည့်ရင်လည်း သူက နာမည်ကြီးမင်းသားဆိုတော့ နင်က သူ့ရဲ့စမ်းသပ်လေ့ကျင့်ကွင်းကြီး ဖြစ်သွားမှာလည်းစိုးတယ်"

"ငါ သူ့ကို ဒီလောက်တုံ့ပြန်ထားတာကို သူ ဘာလို့ပြန်လာပတ်သက်တာလဲဆိုတာ ငါ စဉ်းစားလို့မရဘူး ထိုက်တန်၊ တကယ်ဆို ငါ စာသင်ခန်းထဲမှာ သူ့ကိုပက်ပက်စက်စက် အရှက်ခွဲခဲ့တာလေ"





"ဟုတ်တယ်၊ တကယ်ဆို သူ သိပ်ပြီး နာကြည်းနေရမှာ။ နာကြည်းစွာ လက်စားချေချင်လို့ ပြန်ကပ်တာလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် တကယ်လို့ သူ တကယ် နင့်ကို ချစ်နေသေးတာ ဆိုရင်တော့ သနားပါတယ်ဟာ။ ဂျာနယ်တွေထဲမှာ ဖြေထားတာတွေက နင့်အကြောင်း မကင်းဘူးဟာ"

"ဘာပဲဖြစ်ဖြစ်လေ ငါ သူ့ကို လက်မခံတာက လက်မခံတာပဲ"

"ငါလည်း မစဉ်းစားပေးတတ်တော့ဘူးဟာ"

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆိုတာ ရပ်တန့်တတ်တဲ့ ခရီးသွားမှမဟုတ်တာ။ စက္ကန့်လေးတွေက တဖြုတ်ဖြုတ်ကြွေကျနေတာ။

အချိန်က မရပ်မှတော့ ဇလပ်တို့လည်း စာကျက်ချိန်ကျက်၊ ကျောင်းတက်ချိန်တက်၊ စာမေးပွဲဖြေချိန်ဖြေနဲ့ တဖြည်းဖြည်း ခရီးဆက်လာရတာ ခုဆိုကျောင်းတောင်ပြီးကြပြီ။

ဇလပ်ဖေဖေက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ ရှယ်ယာထည့်ထားတာမို့ ဇလပ်နဲ့ ထိုက်တန် ထိုကုမ္ပဏီမှာလက်တွေ့လုပ်ငန်းခွင်ကို လေ့လာရင်း အလုပ်ဝင်လုပ်ဖြစ်ကြသည်။

ကျောင်းလည်းပြီး အလုပ်အကိုင်နဲ့လည်း ဖြစ်နေပြီမို့ ဒေါ်မိုးနဲ့ ဒေါ်စိုးက သမီးတွေကို အခါမလင့်စေဖို့ ကြိုးစားလာကြသည်။

"မိစိုးရေ ... မိဇလပ်နဲ့ မိထိုက်တန်ကို ဒီတိုင်းထားလို့ မဖြစ်ဘူး။ ကျောင်းပြီးလို့ အင်ဂျင်နီယာတွေတောင် ဖြစ်





နေပြီ။ ခုထိ ယောက်ျားလုံးပုံစံ မပျောက်ကြသေးဘူး။ ဒီတော့ သင်းတို့ ယောက်ျားရမှပဲ ပြောင်းလဲပြီး တည်ငြိမ်လာမှာ။ ယောက်ျားပေးစားပစ်မယ်"

"မမိုးက တွေ့ထားပြီလား"

"အင်း ... အခု မိထိုက်တန်တို့ အလုပ်ဝင်နေတဲ့ကုမ္ပဏီပိုင်ရှင်သားက စင်ကာပူမှာ ကျောင်းသွားတက်နေတာတဲ့။ ညည်း သိတဲ့အတိုင်းပဲ အဲဒီကုမ္ပဏီပိုင်ရှင်ရဲ့ညီမက ငါ့သူငယ်ချင်းဆိုတော့ သူတို့က သူတို့တူလေးအတွက် အိမ်ထောင်ဖက်ရှာနေတဲ့အကြောင်း ပြောရင်း ငါ့ကိုစကားစသွားတာ။ ဇလပ်နဲ့ ထိုက်တန်ရဲ့ပုံတွေ သူ့တူကို ပြကြည့်ချင်လို့တဲ့"

"ကိုယ့်ဘက်က နှစ်ယောက်လုံးပြပြီး အရွေးခံရမှာလား မမရဲ့"

"သာတယ် နာတယ် တွက်မနေနဲ့လေ၊ သူတို့က ကိုယ့်ထက် အများကြီးသာတယ်။ မိဇလပ်နဲ့ပဲရရ၊ မိထိုက်တန်နဲ့ပဲယူယူ ငါက ကျေနပ်တယ်။ သူတို့ပတ်ဝန်းကျင်ကိုလည်း စုံစမ်းပြီးပြီ။ ကောင်လေးက စီးပွားရေးသမားလေးတဲ့။ စင်ကာပူမှာ ကျောင်းတက်ပြီးရင် အမေရိကားကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကူးမှာတဲ့၊ ဟိုမှာလည်း စီးပွားရေးပညာတွေ ဆက်သင်ဦးမှာ။ တော်ကြာ ဟိုမှာ အဖြူမတွေနဲ့ ယူလာမှာစိုးလို့ ဒီကတစ်ခါတည်း အိမ်ထောင်ချပေးလိုက်မှာတဲ့။ သူတို့မှာ ဒီသားတစ်ယောက်ပဲ ရှိတာမို့လို့ သူတို့ပိုင်ဆိုင်သမျှရဲ့ သုံးပုံနှစ်ပုံ အတိအကျ တင်တောင်းမှာတဲ့"

"အဲဒါက အရေးမကြီးပါဘူး မမိုးရယ်၊ အဓိက,က ကလေးတွေ စိတ်ချမ်းသာဖို့ပဲလေ၊ သမီးတွေက လက်မခံရင် ဘယ်လိုလုပ်မလဲ"

"သူတို့ကိုတော့ မပြောနဲ့ဦး။ ဟိုဘက်က တစ်ယောက်ကို ရွေးပြီးမှပဲ ပြောမယ်။ လက်မခံလို့တော့ မရဘူး။ ညည်းသမီးတွေပုံစံက ယောက်ျားယူဖို့ပြောရင် လက်ခံမှာမှ မဟုတ်တာ။ ယောက်ျားယူဖို့ ပြောမရဘဲ မိန်းမယူပါရစေ တောင်းဆိုလာမှ ညည်း ဒုက္ခရောက်နေမယ် မိစိုး"

"အဲဒါဆို မမိုး ကောင်းသလိုသာ စီစဉ်တော့"

"ပြီးတော့။ လောလောဆယ် ညည်းယောက်ျားကိုလည်း မပြောနဲ့ဦး။ သူကလည်း ကလေးတွေဘက် ခပ်ပါပါ ရယ်"

"ဟုတ်ကဲ့ပါ"





ဒေါ်စိုး ဆိုတာက ငယ်စဉ်တည်းက အစ်မကို ကြောက်ရသူပါ။ အခု အစ်မဖြစ်သူက စီစဉ်လာပြီ ဆိုတော့လည်း ဟုတ်ကဲ့လိုက်ရတာပါပဲ။

ပြီးတော့ သမီးကြီးကို ပိုးစိုးပက်စက် အနေထားမျိုးနဲ့ ဆုံးရှုံးထားရတဲ့အတွက် သမီးငယ် ဇလပ်ကို ထပ်ပြီးခြေချော်မခံနိုင်ဘူး။

သမီးငယ် တင့်တောင်းတင့်တယ် ဖြစ်ဖို့က သူမ အဖြစ်ချင်ဆုံးဆန္ဒပဲ။

သမီးကြီး ဓိဇဝါလို တည်ငြိမ်လှပ ဣန္ဒြေရတဲ့ မိန်းကလေးတောင် ဘဝဇာတ်သိမ်း မလှခဲ့တာ သမီးငယ်လေးလို ယောက်ျားလုံးပုံစံ ထောင့်မကျိုးတဲ့ မိန်းကလေးဟာ အချိန်မရွေး မှိုက်သွားနိုင်သည်။

သမီးကြီးကို တွေးလိုက်မိတော့ မျက်ရည်ကချက်ချင်းဆို့တက်လာသည်။

သမီးငယ်ကို အကြွေစောတဲ့ပန်းကလေး မဖြစ်ရလေအောင် ထိန်းသိမ်းဖို့က မိခင်တစ်ယောက်ရဲ့တာဝန်လေ။

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဒီနေ့ ရုံးမသွားရဘူးမို့လား"

"ဒီနေ့ ဆန်းဒေးလေ မကြီးရာ၊ နားပါရစေဦးဗျာ"

"အေးပါ ... နားပါ။ ဒါပေမဲ့ သမီး ဟိုဘက်အိမ်ကိုတော့ သွားလိုက်ဦး။ သမီးကြီးမိုးက လာခဲ့ဦးတဲ့"

"အား ... ဘာပွားမလို့လဲ မသိဘူး။ တကူးတက ခေါ်တာဆိုတော့ မျက်ခုံးလှုပ်တုပ်တုပ်"

"ကဲပါ ... ဘယ်လိုပဲဖြစ်ဖြစ် သွားလိုက်ဦးနော်။ မေမေဆိုင်သွားပြီ"

"ဟုတ်ကဲ့"

စက်ဘီးသော့ ရှာရတာက တစ်နာရီလောက် ကြာသွားသည်။ စက်ဘီးသော့မခတ်ဘဲ ဂိုဒေါင်ထဲ ထိုးတာများသည်။ သော့ခတ်မိပြီ ဆိုရင်တော့ သော့ကို ဘယ်နားထားမိမှန်း သတိကို မရ။





ကြီးမိုးဆီက ဖုန်းဝင်လာပြန်သည်။

"ဇလပ် မလာသေးဘူးလား"

"လာမယ် ကြီးမိုးရေ၊ ဒီမှာ စက်ဘီးသော့ ပျောက်နေလို့"

"သော့ဆိုတာ နေရာသတ်သတ်မှတ်မှတ် ထားရတယ်။ နမော်နမဲ့လုပ်တော့ သွားကာနီး ဗျာများရတာပေါ့၊ မိန်းကလေးတဲ့"

"တွေ့ပြီ ကြီးမိုးရေ၊ အခုလာပြီ၊ ဒါပဲနော်"

ကြီးမိုးရဲ့စကားစနက်တံက ပြုတ်ကာနီးလာပြီမို့ အတင်းစကားဖြတ်လိုက်ရပေမယ့် သော့ကရှာမတွေ့။

"မမလေး ဘာရှာနေတာလဲ"

"ငါ့စက်ဘီးသော့"

"ဪ ... မနီ သိမ်းထားတယ်၊ အဝတ်လျှော်တော့ မမလေး ဘောင်းဘီအိတ်ကပ်ထဲက တွေ့တာနဲ့ သိမ်းထားလိုက်တာ"

"သိမ်းထားရင်လည်း မြန်မြန်ပေးစမ်းဟာ။ ဟိုဘက်အိမ်သွားမလို့"

ကြီးမိုးတို့အိမ်ကို အမောတကော နင်းသွားသည်။ ကြီးမိုးက အုန်းနို့ခေါက်ဆွဲ ချက်ထားသဖြင့် ရင်အေးရသည်။ ခေါက်ဆွဲကျွေးချင်လို့ ခေါ်တာပဲ ဖြစ်ရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမိုးကြီးက မီးမီးတို့အကြိုက်ကို သိတယ်ဗျာ။ ချစ်သွားပြီ"

"ဘာဗျာလဲ၊ မိန်းမပီပီသသ ပြောစမ်း"

ဧကံကလေးပုရှ် ခေါက်ဆွဲကို မြန်မြန်ဝိုက်ရသည်။ ထိုက်တန်က အုန်းနို့ခေါက်ဆွဲကို ကြိုက်ပေမယ့် ဧလပ်လို အရူးအမူး ကြိုက်တာမျိုးမဟုတ်။

"ဧလပ် စားကောင်းလား"

"ကောင်းတယ် ကြီးမိုး"

"အေး ... စားစား၊ ဒီမှာ ဘဲသွေးလေးတွေ စိမ့်နေတာပဲ၊ ရော့ ... သမီး"

ဒီနေ့ ကြီးမိုး တယ်သဘောကောင်းနေပါလား။ ဧလပ်အားရပါးရ ဆွဲပစ်လိုက်တာ သုံးပန်းကန်တောင်မှ။

ခေါက်ဆွဲပြီးတော့ လိမ္မော်ကျောက်ကျော ချိုချဉ်အချိုပွဲလေးနဲ့ အစာပိတ်လိုက်ရတာကလည်း စိမ့်နေတာပဲ။ စားပြီးတော့မှ ကြီးမိုးက ...

"ကဲ ... သမီးတို့နှစ်ယောက် လာဦး။ ကြီးမိုး ပြောစရာရှိလို့"





ထိုက်တန်နဲ့ ဧလပ် တစ်ယောက်ကို တစ်ယောက် မျက်စပစ်ကာ ရှုံ့မဲ့သွားကြသည်။ လျှာတော့စိမ့်ပြီးပြီ။ နားစိမ့်ဖို့ပဲ ကျန်တော့သည်။

"သမီးတို့ကို အရင်ဆုံးပြောချင်တာက သမီးတို့နှစ်ယောက် ကလေးမဟုတ်တော့ဘူး ဆိုတာပဲ"

ဒါတော့ ကိုယ့်ကိုယ်ကိုယ်လည်း သိတာပေါ့။ ဘွဲ့ရလို့ အလုပ်တောင် လုပ်နေပြီပဲ။ ထိုက်တန်ဆို ရည်းစားတောင်ထားနေပြီ။

"အဲဒီတော့ သမီးတို့ အိမ်ထောင်ပြုရမယ်"

"ဗျာ"

"လာပြန်ပြီ ... ဒီဗျာ"

ဧလပ်က ရှုံ့မဲ့မဲ့။ ထိုက်တန်က ထိတ်လန့်သွားပုံဖြင့် ...

"မေမေ ဘာတွေ စိစဉ်ထားလို့လဲ"

"မစီစဉ်ရသေးဘူး။ ခုမှ ညည်းတို့အတွက် အိမ်ထောင်ဖက်ရှာတုန်း။ ညည်းတို့လေးတွေကို စီဝေါလို အဖြစ်မခံနိုင်ဘူး"

"ဟင်း ... ယူချင်ပါဘူး ကြီးမိုးရာ"



www.burmeseclassic.com

www.burmeseclassic.com



ဇလပ်က အထွန့်တက်သည်။

"မယူလို့ မရဘူး၊ မယူရင် ညည်းတို့ ဒီပုံစံ ဒီအချိုးကို ပြင်မှာ မဟုတ်ဘူး"

"မေမေ"

ထိုက်တန်က မဝံ့မရဲ ခေါ်သည်။

"ဘာလဲ ... ညည်းကရော၊ ဘာငြင်းချက်တင်ဦးမလို့လဲ။ မရဘူးနော် မိထိုက်တန်။ မအေက ဒါဆို ဒါလိုက်။ ရှည်ဖို့မစဉ်းစားကြနဲ့နော်။ ဇလပ်အမေ မိစိုးတောင် ငါ့သဘောဆိုသေး။ ရှင်ဆိုရင်တယ်။ ညည်းတို့ကျမှ ရာဇဝင်မဖျက်နဲ့ ဒါပဲ ပြောမယ်"

"မေမေ"

"ဘာမေမေလဲ မိထိုက်တန်၊ ပြောနေရင်းနဲ့"

"သမီးမှာ ချစ်သူရှိတယ်"

"ဘာ ... ဘာပြောလိုက်တယ်။ ဘယ်ကလဲ။ ဘယ်သူလဲ မိထိုက်တန် ... ဟင်"

ဒေါ်မိုးတစ်ယောက် မျက်လုံးကြီးပြူးပြီး အံ့သြတကြီးဖြစ်နေသည်။

"ကိုတေးကမ္ဘာပါ မေမေ"





"ဘယ်ကလဲ"

"ကြီးစိုး သိပါတယ် မေမေ။ ကိုဒီဇင်ဘာ့ညီဆိုရင် ကြီးစိုးသိမှာပါ။ ယုဇနပလာဇာမှာ ဖုန်းနဲ့ဆက်စပ်ပစ္စည်းဆိုင်ဖွင့်ထားတယ် မေမေ"

ဒေါ်မိုးက ချက်ချင်း ဒေါ်စိုးဆီ ဖုန်းဆက်သည်။ ထိုက်တန်နဲ့ ဇလပ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ထိုက်တန်ရဲ့မင်္ဂလာပွဲ အထမြောက်သွားသည်။ ကိုဇေး ဆိုတာ ဝမ်းသာလုံးဆို့ပြီး ပါးစပ်နားရွက်ချိတ်မတတ်။

ထိုက်တန်ကလည်း ပျော်ရွှင်နေသည်။ ကြီးမိုးကလည်း သဘောတူထား တပြုံးပြုံး။

ထိုက်တန်ကျတော့လည်း အချစ်ရေး ကံကောင်းလိုက်တာ။

ထိုက်တန်ရဲ့ပွဲမှာ ဇလပ်က သတို့သမီးအရံ လုပ်ရမတဲ့။ မိန်းမဆန်ဆန် ပွဲထွက်အဝတ်အစားတွေ မဝတ်ချင်သော်လည်း ကြီးမိုးက တစ်ချက်လွှတ်အမိန့်နဲ့ လုပ်ခိုင်းတာလေ။ ထိုက်တန်ကလည်း တောင်းဆိုသည်။

ကိုဇေး ထိုက်တန်ကို လာတောင်းတော့ ကိုဒီဇင်ဘာပါလာသည်။ ကိုဒီဇင်ဘာက ထိုက်တန်နဲ့ သူမကို ခပ်မိန့်မိန့်ကြည့်နေသေးသည်။





လူလစ်တော့ ဇလပ်ကို ...

"ဆောရီးကွာ၊ မင်းကို ငါ့ညီနဲ့ပတ်သက်တာကို မသိလို့ပြောမိတာ"

"ဘာလဲ၊ ဇလပ် မေ့တောင်မေ့နေပြီ"

"အို့ဓေ ... မမှတ်မိတော့ဘူး ဆိုတော့လည်း ဆောရီးလုပ်စရာ မလိုတော့ဘူးပေါ့။ မင်း သူငယ်ချင်းတောင် ယူပြီ။ မင်းပွဲကရော ဘယ်တော့လဲ"

"ယောက်ျားတွေ စပ်စုတာက အရမ်းရုပ်ဆိုးတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မိစိုးရေ ... နှစ်မင်္ဂလာတော့ ဖြစ်ပြီဟဲ့။ ဟိုဘက်က အကြောင်းပြန်လာတယ်။ ဇလပ်ကို ရွေးလိုက်တယ်တဲ့၊ သူတို့ဘက်က လူကြီးတွေ ဘယ်တော့လာမြန်းရမလဲတဲ့။ သတို့သမီးဘက်က စိတ်ကြိုက်ဖြစ်စေရမယ်ဆိုပဲအေ့။ ဝမ်းသာစရာပဲ"

"ဟုတ်လား၊ ကောင်းသလိုသာ လုပ်ပါ မမရယ်။ ထိုက်တန်ပွဲက ရှိသေးတော့"

"အိုအေ ... ထိုက်တန်ပွဲရှိတော့ ဘာဖြစ်လဲ။ သူတို့ကမ်းလှမ်းလာတုန်း မြန်မြန်လက်ခံမှ"

"မမနော် ... မက်မောတကြီး လုပ်ပြမနေနဲ့ဦး၊ ကိုယ်တို့သမီးဘက်ကလည်း ဘာချွတ်ယွင်းချက်မှ ရှိတာမဟုတ်ဘူး။ တော်ကြာ အထင်သေးသွားဦးမယ်"



"ငါ သိပါတယ်၊ ညီမချင်းမို့ ဒီလိုပြောတာပေါ့အေ့။ သူတို့ရှေ့မှာတော့ လုပ်ပါ့မလား။ ကဲ ... ကဲ ... ငါပဲစီစဉ်လိုက်တော့မယ်။ ညည်းယောကျ်ားကိုတော့ ညည်းပဲပြောလိုက်။ မိဇလပ်ကို ငါပြောမယ်"

"ဟုတ်ကဲ့ ... မမ"

အဲဒီလိုနဲ့ ဇလပ်ကို ကြီးမိုး နားချပါတော့တယ်။

"စိတ်ကူးမလွဲနဲ့ ငါ့သမီး။ ကြီးမိုးက သမီးကောင်းစားစေချင်လို့ စီစဉ်တာ။ ကောင်လေးက လိုလိုလားလား ငါ့သမီးကို သဘောကျတာ။ ဒီမှာ ကောင်လေးဓာတ်ပုံ"

ဇလပ်က ရှေ့ကိုရောက်လာသော အယ်လ်ဘမ်ကို စိတ်မပါ လက်မပါ ဆွဲယူကြည့်ရသည်။

စင်ကာပူမှာ ရိုက်ထားသော ဓာတ်ပုံတွေကများသည်။ သပ်ရပ်တိကျသော နှုတ်ခမ်းနှင့် တောင့်တင်းခိုင်မာသော မေးရိုးအနေထားက ထိုသူ၏ ပြတ်သားမည့်စရိုက်ကို ဖော်ပြနေသည်။

နာမည်ကလည်း အမိုက်စား။ ထင်ရှားကျော်စွာတဲ့ လူကလည်း ယောကျ်ားပီသ ခန့်ညားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားကျော်ကြား၏ ဓာတ်ပုံတွေကိုကြည့်နေရင်း မြင်ကွင်းထဲကို ရဲခေါင်ယံ ပုံရိပ်တွေ ဝင်ဝင်လာတာ ဘာကြောင့်လဲ ? ။

ဘာကြောင့်လဲလို့ မေးခဲ့ပေမယ့် ဘာကြောင့်ဆိုတာကို ကိုယ့်နှလုံးသားက သိခဲ့တာ ကြာပြီပဲ။ ဒါပေမဲ့ သက်ဆိုင်သူကိုတော့ ဝန်မခံချင်ဘူး။

ကိုယ့်လုပ်ရပ်ကြောင့် သူက အချစ်ဆိုတာ ကလဲ့စား ချေခံရခြင်းလို့တောင် အဓိပ္ပာယ်ဖွင့်ထားသူလေ။

သူ ကိုယ့်ကို ခုထိချစ်နေသေးတယ်ဆိုတာ ယုံနိုင်စရာကိုမရှိ။

သူနဲ့ ယမင်းဝတီ တွဲခဲ့သည်းခဲ့တာကိုလည်း မြင်ဖူးခဲ့တာပဲလေ။

သူ ရှင်းပြတဲ့ဓာတ်လမ်းက မှန်စေဦးတော့ မယုံကြည်ဝံ့။ ဒီတော့လည်း ...

"ဟဲ့ ... မိဖလပ်၊ ငါ့သမီးရယ် ဓာတ်ပုံကြည့်ပါဆို။ ငုတ်တုတ် အိပ်ငိုက်နေတယ်။ ကဲ ... ဘယ်လိုလဲ ကြီးမိုး လက်ခံကြောင်း အကြောင်းပြန်လိုက်ရတော့မလား"





ကြီးမိုးက မေးနေပြီ။

"သမီး စဉ်းစားပါရစေဦး ကြီးမိုးရယ်။ ဒါတစ်ဘဝနဲ့ ဆိုင်တဲ့ ကိစ္စလေ"

"စဉ်းစားရင် လက်ခံတဲ့ဘက်ကို ပါမှာမဟုတ်ဘူး။ မစဉ်းစားနဲ့တော့ ငါ့သမီး။ သူတို့က ဆွေကြီးမျိုးကြီးတွေ။ ဂုဏ်နဲ့သိက္ခာကို ရှေ့တန်းတင်တဲ့သူတွေ။ သူတို့အသိုင်းဝိုင်းထဲ ရောက်သွားလို့ ငါ့သမီး စိတ်ရောလူပါ မဆင်းရဲစေရဘူး။ ကြီးမိုး အာမခံတယ်။ သူ့အဖေအမေတွေဆိုလည်း ဘယ်လောက်ပြည့်ကြသလဲ။ သမီးအလုပ်ရှင်တွေ အကြောင်းသမီးလည်း သိမှာပေါ့ကွယ်။ နော် ... ကြီးမိုး လက်ခံလိုက်တော့မယ်"

မျက်လုံးစုံမှိတ် ခေါင်းညိတ်လိုက်ရပေမယ့် ရင်ထဲမှာ မိုးရွာသွားတယ်။ မျက်ရည်မိုးတော့ မဟုတ်ဘူး။ နှလုံးသား တစ်ခုလုံး ကွဲကြေလို့ ယိုစီးတဲ့နှလုံးသွေးတွေက မိုးကိုရွာကျသွားတာ။

ရှင်လျှက်နဲ့ ရင်ကွဲနာကျတဲ့ ခံစားချက်ကို ခံစားဖူးတဲ့သူမှ ကိုယ်ချင်းစာတတ်မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားကျော်စွာကို လက်ထပ်ဖို့ လက်ခံလိုက်တဲ့ အချိန်မှာ ရဲခေါင်ယံအတွက် အမှန်တရားတစ်ခုကို နောက်ဆုံးအနေနဲ့ အသံတိတ် ရွတ်ဆိုချင်တယ်။

"ယံ့ကို ဇလပ် ချစ်တယ်"

တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောမျှင်လေးတွေထဲမှာပါ အဲဒီအသံက ပဲ့တင်ထပ်နေမယ် ထင်တယ်။

ဘယ်အချိန်ကတည်းက စချစ်ခဲ့မှန်း မသိပေမယ့် ခုချိန်မှာ ယံ့ကိုချစ်တဲ့ အချစ်တွေက ဇလပ် တစ်ကိုယ်လုံးမှာ ပျံ့နှံ့နေပြီ။ ဒါပေမဲ့ ...

ကျောင်းတော်မှာ ရန်စရှိခဲ့တဲ့ ယံ့ကို ဇလပ် ဘယ်လိုယုံကြည်ရဲပါ့မလဲ ယံ။

ယံနဲ့ ဇလပ်ဆိုတာ ပေါင်းစပ်ဖို့ မဖြစ်နိုင်မှတော့ ထင်ရှားကျော်စွာကို လက်ခံလိုက်တာ ဇလပ် မမှားပါဘူးနော်။

မနီးရမယ့် အတူတူ ထင်ရှားကျော်စွာ ဆိုတဲ့ တံတိုင်းတစ်ခု ကာရံခွင့်ပြုပါ ယံ။

တစ်ယောက်တည်း အထီးကျန်နေရတာထက်စာရင် ထင်ရှားကျော်စွာဆိုတဲ့ လူသားတစ်ယောက်ကို အဖော်ပြုရင်း အသည်းကွဲပါရစေ။



စုံမှိတ်ထားတဲ့ မျက်ဝန်းတွေက တိုးထွက်စီးကျနေတဲ့ မျက်ရည်တွေဟာ ပထမဆုံးပေမယ့် နောက်ဆုံးလည်းဖြစ်ပါရစေ ယံ။ ဒီတစ်ခါပဲ ငိုပါရစေ။

♥ ● ♥

www.burmeseclassic.com



ဇလပ်ရဲ့စေ့စင်ကြောင်းလမ်းခြင်းက ရက်ရွှေ့လိုက်ရသည်။ သတ်မှတ်ရက်မှာ ထင်ရှားက စာမေးပွဲတစ်ခုနှင့် တိုက်နေသဖြင့် ရွှေ့လိုက်ရခြင်းပါ။

ထင်ရှားက သူကိုယ်တိုင် စေ့စပ်ပွဲကို တက်ချင်သည်မို့ သူ လာနိုင်မယ့်ရက်ကို ရွှေ့လိုက်ရတော့ ထိုက်တန်ရဲ့မင်္ဂလာပွဲက အရင်ဖြစ်သွားသည်။

ထိုက်တန်က အဖြူရောင်သတို့သမီးဝတ်စုံလေးနှင့် လှ့ချင်တိုင်း လှပနေသည်။

ဇလပ်ကလည်း အဖြူရောင်အရံဝတ်စုံလေး ဝတ်ရသည်။ မင်္ဂလာအခမ်းနား တစ်ခုလုံးမှာ အဖြူရောင်တွေ လွှမ်းနေ၏။ ခန်းမအပြင်ဆင်ကိုလည်း အဖြူရောင်ပြင်ထားသည်။ ထိုင်ခုံစွပ်တွေ၊ စားပွဲခင်းတွေကအစ အဖြူရောင်။





ပန်းအပြင်အဆင်ကလည်း နှင်းဆီနှင့် ကာနေးရှင်းအဖြူတွေချည်းသာ။

လျှောက်လမ်းတစ်လျှောက်မှာ စံပယ်ဖြူတွေ ဖွေးလို့။

မိတ်ကပ်ပြင်တဲ့ မာမီတွေက သူတို့နှစ်ယောက်မျက်နှာကို စိတ်တိုင်းကျ ခြယ်လှယ်တော့သည်။

ဇလပ်က ဂျီကျသည်။

"ဟား ... မျက်ခုံးမွေးတွေ မရိတ်နဲ့"

"အများကြီး မရိတ်ပါဘူး။ အဖျားထိ တုတ်တုတ်ကြီးဖြစ်နေလို့ အဖျားသွယ်လေးဖြစ်ရုံ ပုံသွင်းတာပါကွယ်။ အဲဒါမှ ပိုလှသွားမှာ"

"မျက်တောင်တုမတပ်နဲ့ မနေတတ်ဘူး"

"သဘောပါတော်၊ ဒါပေမဲ့ မက်စ်ကာရာတော့ ဆိုးရမယ်နော်"

"မဆိုးချင်ဘူး"

"ကျန်တဲ့နေရာတွေကို ပြင်ထားပြီး မျက်လုံးက အရောင်မဲ့နေရင် ကြည့်ရဆိုးတယ်။ တို့များကို နာမည်ပျက်အောင်တော့ မလုပ်ပါနဲ့ဟယ်။ နည်းနည်းတော့ ဆိုးလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ခမ်းနီ အထူကြီး မဆိုးနဲ့နော်။ မနေတတ်ဘူး"

အမျိုးစုံဂျိုကျပြီးသော် အဝတ်အစားကြောင့် စိတ်ရှုပ်ရပြန်သည်။

ထိုက်တန်ကတော့ ထိုင်မသိမ်းနဲ့ ဘယ်လိုနေလဲမသိ။ ဇလပ်မှာ ရှိုးရှိုးဝတ်စုံနဲ့တောင် ချွေးပြန်နေသည်။

"ထိုက်တန် ... နင် အဲဒါကြီးနဲ့ အဆင်ပြေလား"

"ပြေလား မပြေလားတောင် မစဉ်းစားအားဘူး၊ ငါ ပျော်နေတာပဲ သိတယ် ... အဟီး"

အသံတိတ် ကျိန်ဆဲလိုက်မိသည်။

"ဟိုး သတို့သမီး လက်ကိုင်ပန်း ကို မိုးပေါ်ထောင် ကိုင်ထားပါလား။ အောက်စိုက်ကိုင်ရမှာလေ၊ ဩော် ... မောပါ့တော်"

အလုပြင်ပေးရတဲ့ မာမီတွေ စိတ်ညစ်နေကြသည်။ ကြီးမိုးနဲ့ ကြီးစိုး နှစ်ယောက်တို့မှာလည်း သမီးနဲ့ တူမကြား ဗျာများနေရသည်။

"မေမေရာ သမီး ဒါတွေ မဝတ်ချင်ဘူးဗျာ"

"သမီးကြီးမိုး ကြားရင် ဆူနေဦးမယ် ကာမီးရယ်"





ပွဲထွက်ဖို့ အခမ်းအနားမှူးက လှုစိစဉ်ပါပြီ။ ဘာရယ် မဟုတ်ဘေးက သတို့သားအရံကို လှည့်ကြည့်မိတော့ ...

"ဟင် ... ရဲခေါင်ယံ"

ရဲခေါင်ယံ မျက်နှာကြီးက ပြုံးချိုမြလို့။ ရှေ့က ထိုက်တန်ကို လှမ်းပုတ်လိုက်သည်။

"ထိုက်တန်"

"ဟမ် ... ဘာလဲ"

ဇလပ်က ဘေးကိုမျက်စပစ်ပြလိုက်တော့ ...

"ဟောတော့"

သို့သော် ... ကြာကြာ မအံ့ဩအား၊ အခမ်းနားက စပြီ။

"ဇလပ်"

ဘုရားရေ ... ရဲခေါင်ယံ ခေါ်နေပြီ။ ရင်တွေတဒိန်းဒိန်း ခုန်သည်။ စီးထားတဲ့ဖိနပ်က ပုံတော်အမြင့်။ ခြေလှမ်းက မညီညာချင်တော့။ ရှေ့က ထိုက်တန်ရဲ့ဇလာထဘီစကို တက်မနင်းမိအောင် သတိထားပြီး ခွာလျှောက်နေရသည်။

"ဇလပ် ... ဇလပ်ကို ကိုယ်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ... မကြားချင်ဘူး။ မကြားရဲတော့ဘူး။ မပြောပါနဲ့တော့။

အငြင်းစကားတွေက လည်ချောင်းဝမှာ တစ်ဆို့လျက် အခါလွန်မိုးဆိုတာ ဘယ်တုန်းက အသုံးဝင်ဖူးလို့လဲ။

♥ ✿ ♥





မင်္ဂလာပွဲပြီးတော့ ဖလပ်က ထိုက်တန်ကိုထုတော့သည်။

"မိထိုက်တန် ဒါ နင့်အကြံမို့လား။ ဒီကောင်ကို ငါ မုန်းတာ သိရက်နဲ့"

"ငါလည်း မသိဘူး ဖလပ်ရဲ့။ ကိုတေးက သတို့သားအရံက သူ့သူငယ်ချင်းလို့ပြောတာ၊ ရဲခေါင်လို့ မထင်လို့ပေါ့"

တေးက အနားရောက်လာကာ ...

"ဘာဖြစ်နေကြတာလဲ"

"ကိုယ် သတို့သားအရံက ကိုယ့်သူငယ်ချင်းဆို ဘယ်လိုဖြစ်ပြီး ရဲခေါင်ယံ ဖြစ်နေတာလဲ"

"ဟုတ်တယ်၊ ပထမ စီစဉ်ထားတာ ကိုယ့်သူငယ်ချင်း၊ ဒါပေမဲ့ ရဲခေါင်ယံက သူနဲ့ ဖလပ်အကြောင်းကို ဖွင့်ပြောပြီး သူ့ အရံလုပ်ပါရစေလို့ လာတောင်းဆိုတာ၊ ကိုယ်လည်း သနားတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ သနားစရာ မလိုဘူး ကိုတေး။ ကိုတေးက ကိုယ့်ဘက်က မပါဘဲ သူ့လူကိုယ့်ဘက်သားလုပ်တာကို ရင်နာတယ်"

"မဟုတ်ပါဘူး ဇလပ်ရယ်"

"ဟုတ်တယ်၊ ခုတော့ ဇလပ် ရည်းစားစကားပြောခံလိုက်ရတယ် သိလား"

"သူ့ပုံစံကို ယောက်ျားချင်း အကဲခတ်လို့ ရပါတယ် ဇလပ်ရဲ့၊ သူ ဇလပ်ကို တကယ်ချစ်တာ သေချာတယ်"

ကိုတေးစကားက ရင်ကို အတည့်ခွင်းသွားသည်။ ဒါပေမဲ့ ထိုအမှန်တရားဟာ ဘာမှအသုံးမဝင်တော့ပါ။

ခုချိန်မှာ ထင်ရှားကျော်စွာကို လက်ထပ်ဖို့ ကတိပေးပြီးပြီ။ ထင်ရှား နောက်အပတ်မှာ ပြန်လာမည်။

စေ့စပ်ရတော့မည့် မိန်းကလေးတစ်ယောက်အတွက် ဘာကိုမှ ရင်ခုန်ခွင့်မရှိတော့။

အချစ်ဆိုတာကို နှလုံးသားထဲမှာ မြှုပ်နှံပြီး ထင်ရှားကို လက်ထပ်ရတော့မည်လေ။

"ဩော် ... ဇလပ်၊ ဒီမှာ ဇလပ်ကို ပေးခိုင်းသွားတာ၊ ရော့"





ကိုတေးလက်ထဲက အပြာနုရောင် လေးထောင့်ဘူးပြားလေး လှမ်းမယူဝံ့တော့။

ထိုဘူးထဲမှာ ပျော်ဝင်နေမယ့် ယုံ့ရဲ့အချစ်တွေကိုမှ မထိတွေ့ရဲတာ။

သို့သော် ...

ထိုဘူးကလေးကတော့ ဇလပ် လက်ထဲရောက်လာ၏။ ထိုက်တန်က ဆွဲယူပြီး ထည့်ပေးလိုက်တာပါ။

"ဖွင့်လေ ဇလပ်၊ အထဲမှာ ဘာပါလဲ မသိဘူး"

"တော်ပါပြီဟာ၊ မဖွင့်တော့ပါဘူး"

အဖြူရောင် ဖွဲ့ချည်ထားသော လိပ်ပြာပုံစံ ဖဲကြိုးပွင့်လေးက သနားစဖွယ် မော့ကြည့်လို့။

ဥပက္ခာလက်တစ်စုံကတော့ ထိုဖဲပွင့်လိပ်ပြာလေးကို ကျောခိုင်းမှာ။

♥ ✿ ♥

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အကယ်ဒမီပေးပွဲနေ့။

နောက်ထပ် သတ်မှတ်ရရင် ဇလပ်နဲ့ ထင်ရှားတို့ စေ့စပ်တဲ့နေ့။

မနက်ပိုင်းမှာ လူကြီးစုံရာနဲ့ စေ့စပ်မင်္ဂလာစကား ပြောကြားပြီး ညဘက်မှာတော့ ချက်ထရီယမ်ယိုတယ်ရဲ့ Pool Side မှာ စေ့စပ်ညစာစားပွဲ ကျင်းပဖြစ်သည်။

ညစာစားပွဲဝတ်စုံကို အသည်းကွဲရောင်ဂါဝန် ရွေးချယ်သဖြင့် ကြီးမိုးက ဆူသေးသည်။

ထင်ရှားကတော့ အနက်ရောင် အနောက်တိုင်းဝတ်စုံဖြင့် ကြော့မော့ထင်ရှားလျက်။

ဓာတ်ပုံထဲမှာထက် အပြင်မှာပိုခန့်ညားသော ထင်ရှားကို ဇလပ် သဘောကျပါသည်။ မချစ်နိုင်တာက လွဲလို့ပေါ့။



ထင်ရှားကလည်း Sweet ဖြစ်တဲ့ ဇလပ်ကို မနက်ကတည်းက ချစ်တယ်လို့ ပြောပြီးပြီ။

ဇလပ်အပေါ် အနံ့ ကြည့်ကြည့်နဲ့ နေတတ်တဲ့ ထင်ရှား အပြုအမူတွေကြောင့် ဇလပ် ကျေနပ်ပါသည်။

စေ့စပ်ပွဲနဲ့ လက်ထပ်ပွဲ တစ်ပတ်ပဲ ခြားတာဟာ ထင်ရှား အချိန်မရ၍ပါ။ နောက်တစ်ပတ် ကြာတဲ့အခါ ဇလပ်နဲ့ လက်ထပ်ပြီး ထင်ရှား စင်ကာပူပြန်မည်။

ဇလပ်က Passport တွေ ဗီဇာတွေ လုပ်ရဦးမည်။ ပြီးမှ လိုက်သွားရမှာ။

စေ့စပ်ပွဲပြီးတော့ ဇလပ်ကို ထင်ရှားက အိမ်ပြန်ပို့ပေးသည်။

ဖေဖေတို့ကား သွားနှင့်ပြီ။ ကိုတေးနှင့် ထိုက်တန်တို့ကလည်း ကြီးမိုးနှင့်အတူ ပြန်နှင့်သည်။

ထင်ရှားက စကားသိပ်များများ မပြောဘဲ အနေတည်သည်။

ဒါပေမဲ့ သူ့မျက်နှာကတော့ အမြဲလို ပြုံးနေတတ်သူပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ ခြံရှေ့မရောက်ခင်မှာ ကားကိုရပ်လိုက်၏။

"အိမ်ရှေ့ထိ မပို့ပေးဘူးလား"

"ပို့ပေးမှာပေါ့ ခဏလေး"

သူမနှုတ်ခမ်းထက်မှာ တစ်ခါမှ မခံစားဖူးတဲ့ အထိအတွေ့တစ်ခု စွန်းထင်းသွားသည်။

"ဟာ ... မလုပ်နဲ့လေ"

အတင်းရုန်းနေတဲ့ သူမကို ဖွဖွလေးဖက်ကာ ...

"လုံးဝအဖြူကလေးပဲ၊ ကိုယ် မင်းကို ပိုပြီးချစ်သွားပြီ၊ ကိုယ့်ရဲ့ပန်းကလေးရဲ့"

"ပန်းကလေး"

"အင်းလေ ... ဇလပ်ဆိုတော့ ပန်းပွင့်ကလေးပေါ့။ မဟုတ်ဘူးလား"

"သိဘူး"

"မသိရင်"

"ထင်ရှားနော်"

ထင်ရှားလေသံဖွဖွက နားစည်ကို အကျယ်ကြီးရိုက်ခတ်လိုက်သလိုပဲ။





"ဇလပ် ... ကိုယ့်ကို ဘယ်လောက်ချစ်လဲ"

ဘုရားရေ ... သူ ဘာတွေမေးနေတာလဲ။ သူမမှာ အဲဒီမေးခွန်းအတွက် အဖြေမရှိဘူးလေ။

"ဟိတ် ... ဖြေလေ"

"ဖြေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှက်လို့"

"Ok နောက်မှ ဖြေတော့"

"မေမေတို့ စောင့်နေလောက်ပြီ၊ သွားရအောင်"

"အင်း"

ပါးတစ်ဖက် နွေးသွားပြန်သည်။

"နှုတ်ဆက်တာ"

သူမကို အိမ်အထိပို့ပြီးတော့ ...

"ကိုယ် မနက်စောစော လာခေါ်မယ်၊ ဘုရားသွားရအောင်"

ခေါင်းပဲ ညိတ်ပြလိုက်ရသည်။

ဘဝခရီးကို အတူလျှောက်ဖို့ ခြေလှမ်းစခဲ့ပြီးမှတော့ ခေါင်းခါခွင့် မရှိဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်လဲကာ ရေချိုးပစ်လိုက်မှ လန်းသွားသည်။ မှန်တင်ခုံမှာ ထိုင်မိတော့ အပြာရောင်ဘူးကလေးက ဝမ်းနည်းစွာ ကြည့်လို့ ...။

♥ ✿ ♥





တစ်နေကုန် ပင်ပန်းထားပေမယ့် အိပ်လို့မပျော်တာ ဘာကြောင့်လဲ။ အိပ်ရာထဲမှာ ဟိုဒီလှည့်ရင်း အတွေးတွေက ယုံဆီသို့သာ။

မှန်တင်ခုံပေါ်က ဘူးကလေးကလည်း မျက်စိတပစ်ပစ်။ မစေ့စပ်ခင်ကတောင် ဒီဘူးကို ဖွင့်မကြည့်ခဲ့။

ခုရှိန်မှာ မကြည့်ဖြစ်ဖို့ ပိုသေချာသွားသည်။ ဒါပေမဲ့ ဖျက်ဆီးစွန့်ပစ်ဖို့လည်း မလုပ်ရက်။

ခြေရာလက်ရာ မပျက်စေဘဲ သူ့ကို ပြန်ပေးလိုက်တော့မည်။

မနက်ဖြန်ဆို သတင်းစာထဲမှာ သူမရဲ့စေ့စပ်ကြောင်း လမ်းခြင်း သတင်းပါမှာပဲလေ။ သူ နားလည်သွားမှာပါ။

နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီခွဲ။ အိပ်လို့ မပျော်နိုင်ဘူး ချစ်သူရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံက ရုတ်တရက် ကျယ်လောင်စူးရှစွာ မြည်လာသည်။

ထိုက်တန် ဆက်တာများလား။

Screen ပေါ်မှာ သူမ သိသော နံပါတ်တစ်ခုက ဆီးကြိုနေသည်။

"ဟဲလို"

"ဇလပ်လေး"

အကြောပေါင်းတစ်ထောင် တောင့်တင်းသွားသလိုပဲ။

"ဟဲလို ဇလပ်၊ ယံပါ"

"ဘာကိစ္စလဲ"

အသံမတုန်အောင် သတိထားပြီး ထိန်းချုပ်ပြောလိုက်ရသည်။

"ဇလပ်ကို ကိုယ် ကျိန်ပြတဲ့အတိုင်း ကိုယ် အကယ်ဒမီရတယ်။ ဇလပ်အတွက်လို့ ရည်ရွယ်ထားတဲ့ ဒုတိယမြောက် အကယ်ဒမီကိုရပြီ ဇလပ်ရဲ့"

ဟုတ်ပါရဲ့။ ဒီနေ့ အကယ်ဒမီပေးပွဲပဲ။ နေပါဦး။ သူက ဘာကျိန်ထားလို့လဲ။

"ဟဲလို ... ဇလပ် ကြားလား"





"ဘာကျိန်ထားလို့လဲ"

"ဟင် ... ဇလပ် ကိုတေးဆီက စာအုပ်ဘူး မရဘူးလား"

"ရတယ်"

"အဲဒီထဲမှာ ကိုယ်ရေးထားတယ်လေ။ ကိုယ် ဇလပ်ကို တကယ်ချစ်တာမှန်ရင် ဇလပ်အတွက် ရည်ရွယ်ထားတဲ့ အကယ်ဒမီကို ဒီနှစ်ရပါစေလို့။ အခုရပြီ ဇလပ်လေးရဲ့၊ ယုံတော့နော်။ ဖြစ်ခဲ့တာတွေ အားလုံး သင်ပုန်းချေကြေး ကွာနော်။ ကိုယ် အရမ်းဝမ်းသာနေတာ သိလား၊ ကိုယ် ဇလပ်ကို အရမ်းကို ချစ်တာပါကွာ"

ယံရယ်။ ရင်ကွဲမယ့် စကားလုံးတွေနဲ့ မဖိသတ်ပါနဲ့တော့။

"ဇလပ်"

"ပြောလေ"

"ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ"

"မနက်ဖြန်"

"ဟာ ... တကယ်၊ ဝမ်းသာလိုက်တာကွာ။ ကျေးဇူး ဇလပ်လေး။ ဒါပဲ အိပ်တော့။ ကိုယ်အခု နေပြည်တော်က ပြန်ထွက်လာပြီ။ မိုးလင်းတာနဲ့ ရန်ကုန်ရောက်ပြီ။ မနက်ကျရင် ကိုယ် ဖုန်းပြန်ဆက်လိုက်မယ်နော်၊ ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ယံ့ဆီက ဖုန်းချသွားတော့မှ ရှိက်ကြီးတင်ငိုမိတယ်။ တကယ်လို့သာ သူပေးတဲ့ ဘူးလေးကို ဖွင့်ကြည့်ဖြစ်ရင်။

ရင်ထဲမှာ တဖျစ်ဖျစ်မြည်အောင် ကလီစာတွေ ပြုတ်ထွက်နေသလိုပဲ။

အရာရာဟာ နောက်ကျသွားပြီလေ။

နှလုံးသားတွေ တစ်စစီကြွေတယ်။ နှလုံးသွေးတွေက မိုးလိုရွာပြန်ပြီ ယံရယ်။

တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ရင်ကွဲမိုးပေါ့။

နောက်ပြန်လှည့်မရတဲ့ အချိန်ကျမှ ယံက တကယ်ချစ်သတဲ့လား။

မနက်ဖြန်တဲ့။ အဲဒီမနက်ဖြန်မှာ ယံ့ကိုပေးစရာနှစ်ခုရှိတယ်။

မဖွင့်ကြည့်ဖြစ်တဲ့ အပြာရောင်ဘူးကလေးရယ်။

စေ့စပ်ကြောင်းလမ်းခြင်း သတင်းပါတဲ့ သတင်းစာတစ်စောင်ရယ်ပေါ့။

ဒါပေမဲ့ ကိုယ်တိုင် မျက်နှာချင်းဆိုင်တော့ မပေးရက်ပါဘူး ချစ်သူရယ်။





ကိုတေးနဲ့တစ်ဆင့်ပါးမယ့် ငါ့ရဲ့အဖြေဟာ မင်းအတွက် အသည်းကွဲတေးသံတစ်ပိုဒ် ဖြစ်နိုင်သလို ငါ့အတွက်လည်း ရင်ကွဲမိုးပါပဲ။

သင်္ကြန်မိုးက
ပိတောက်တွေကို ဖွင့်စေလို့
ချစ်စရာကောင်းသတဲ့။
မေဦးမိုးက
အပွင့်တွေကိုငြိမ်းစေလို့
ကျေးဇူးတင်စရာကောင်းသတဲ့။
အခါလွန်မိုးက
ဘာမှသုံးမရလို့
နာခေါင်းရှုံ့ကြသတဲ့။

ရင်ကွဲမိုးက
နှလုံးသားကို တစ်စစီချွေလို့
ရှုံ့သွပ်စေသတဲ့။ ။



www.burmeseclassic.com

www.burmeseclassic.com



မွှေးမြလန်းဆန်း ဘဝဝန်းကို

ထာဝရ မှန်ဆောင်နိုင်ကြပါစေ။

ရွှန်းရဓိမိုး

2nd June '10

www.burmeseclassic.com